

mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK



တချို့သော ပျော်ရွှင်မှုတွေဟာ
ပိုင်ဆိုင်ချိန် သိပ်တိုတောင်းတယ်
ဒါပေမဲ့ တစ်သက်လုံး သိမ်းထားဖို့ရာတော့
လုံလောက်ခဲ့ပါတယ်

ISBN 978-99986-52-34-7
K0572
9 789998 652347 >

mgyoe.com

COVERDESIGN:NAYMYOSAY

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် နှင့် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - နေမျိုးဆွေး
တန်ဖိုး ၂၁၀၀၀

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အလွမ်းဆိုင်သို့ ခရီးရှည်

'အလွမ်းဆိုင်' ဟာ ဘယ်တုန်းက စလို့ အခြေတည်ပါလိမ့်ဆိုရင် ရွှေအမြုတေမဂ္ဂဇင်းမှာ ရေးခဲ့ဖူးတဲ့ မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်အကြောင်း ကျွန်မ စပြောရပါလိမ့်မယ်။

'အလွမ်းဆိုင်' လို့ပဲ အမည်ပေးထားတဲ့ အဲဒီ မဂ္ဂဇင်းဝတ္ထုရှည်ကို ရေးဖို့ စိတ်ကူးရတော့လည်း စာအုပ်ဆိုင်လေးတွေနောက်ခံနဲ့ပါပဲ။ စာမရေးခင် စာအုပ်ဆိုင်ရှင်တွေနဲ့ စကားပြော၊ စာအုပ်ဆိုင်တွေဆီ တလည်လည် ရောက်တဲ့အခါ ချန်ခဲ့ရတဲ့ ခေတ်ကြီးတစ်ခေတ်လုံးကို လွမ်းလာပါရော။ ပြန်မရနိုင်မှန်းလည်း နားလည်နေတဲ့အခါ အလွမ်းစိတ်ဟာ ပိုနာကျင်စရာကောင်းခဲ့ပါတယ်။

မဂ္ဂဇင်းဝတ္ထုရှည်အဖြစ်နဲ့သာ ရေးလိုက်ပေမယ့် စိတ်ထဲက ဆက်လိုက်မိတဲ့အတွေးကတော့ အဲဒီမှာတင် မရပ်ခဲ့ဘူး ဆိုပါတော့။ တစ်နေ့ကျရင် မတူတဲ့ ဇာတ်ကောင်တွေနဲ့ မတူညီတဲ့ နောက်ခံကိုယူပြီး ဒီနာမည်နဲ့ပဲ ဝတ္ထုရှည်တစ်ပုဒ်ရေးမယ်လို့ ကျွန်မ စိတ်ကူးခဲ့ပါတယ်။ စိတ်ကူးရုံအဆင့်ကနေ တကယ်ရေးဖြစ်ဖို့တော့ အချိန်ကာလတစ်ခု ကြာခဲ့ပါတယ်။

တစ်ခါတလေမှာ ရေးလိုက်မယ် တေးထား၊ တွေးထားပေမယ့် တကယ့်ရေးချင်စိတ်ကို လှုပ်နှိုးဖို့တော့အခြေအနေ၊ ဒါမှမဟုတ် အချက်လေးတစ်ခုခု ကြုံလာဖို့ လိုသေးတာကိုး။

ကျွန်မရဲ့ မဖြစ်မနေ ရေးချင်စိတ်ကို လှုပ်နှိုးခဲ့တဲ့ အချက်ကတော့ ခရီးတစ်ခုကနေ အစပြုခဲ့တာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၆ နိုဝင်ဘာလ နေကြာရိုင်းတွေ ဝင်းဝါထိန်အောင် ပွင့်နေချိန်မှာပဲ ကျွန်မ သီပေါကို ပထမဆုံး ရောက်ခွင့်ကြုံပါတယ်။ 'လက်ဖက်ရည်တစ်ခွက်ရဲ့ ဒိုင်ယာရီ' ရေဒီယိုဇာတ်လမ်းတွဲက ဇာတ်ဝင်ခန်းတွေ အသံသွင်းဖို့ ရောက်သွားရတဲ့ ခရီးပါ။ တစ်ပတ်လောက်ကြာမယ့် ဒီခရီးဟာ ကျွန်မအတွက် အမှတ်တရများစွာ မွေးဖွားပေးတဲ့ ခရီးတစ်ခု ဖြစ်လာမယ်ဆိုတာ အဲဒီတုန်းကတော့ မသိနိုင်ခဲ့သေးပါဘူး။

အစဦးရက်တွေမှာတော့ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသူတွေ အသံသွင်းမယ့်နေရာ ရှာကြဖွေကြ၊ ကွင်းဆင်းအင်တာဗျူးလုပ်ကြဆဲ။ ကျွန်မတို့ကို ခဏလောက်နားရင် နားလို့ရတယ်ဆိုပေမယ့် မရောက်ဖူးတဲ့ အရပ်ဒေသမို့ ကွင်းဆင်းရာမှာလည်း နောက်က တကောက်ကောက် လိုက်မိတယ်။

တစ်ရက်တော့ ဘော်ကြိုကို ရောက်ပါတယ်။ ဘော်ကြိုဘုတာလေးကို စတွေ့ပါတယ်။ ဘုတာများစွာကို မြင်ဖူးပေမယ့် ဒီဘုတာရုံလေးကို စတွေ့လိုက်တဲ့အချိန် ကျွန်မ စိတ်ထဲ လှုပ်ခတ်လှတာ ဘာကြောင့်ဆိုတာ အဲဒီတုန်းက နားမလည်သလို ခုထိလည်း နားမလည်နိုင် ဖြစ်ရတုန်းပါပဲ။

ကွင်းဆင်းသူတွေ အလုပ်များနေကြသလို ကျွန်မလည်း တစ်နေရာမှာ ထိုင်ပြီး ဘုတာလေးကို ငေးပါတယ်။ နေကြာရိုင်းတွေ နောက်ခံထားတဲ့ တောင်တန်းတွေကို ငေးပါတယ်။ သံလမ်းကို ငေးပါတယ်။ အရိပ်များစွာကို မြင်ပါတယ်။

ဒီတစ်ကြိမ်တော့ အလုပ်နဲ့မို့ နောက်တစ်ကြိမ် သီးခြားလာဦးမယ်လို့ တေးပြီး သီပေါကို နှုတ်ဆက်ခဲ့ပါတယ်။ တကယ်တမ်း သီပေါ ပြန်သွားဖြစ်တော့ ၂၀၁၇ မှာပါ။ ဇွန်လရဲ့ မိုးရေစက်တွေကြားထဲမှာပဲ ကျွန်မ နေရာဟောင်းလေးဆီ ပြန်ရောက်သွားခဲ့ပါတယ်။ တစ်ပတ်ပဲနေဖို့ အချိန်ရတဲ့အထဲ သုံးရက်လောက်က ဈာန်မဝင်လှ၊ နောက်လေးရက်ကတော့ ဈာန်ဝင်စားရာနောက် စိတ်ရော ကိုယ်ပါ ပင်ပန်းလောက်အောင် အပြေးအလွှား သွားလာခဲ့ရတာလည်း အမှတ်ရစရာပါပဲ။

ရန်ကုန် ပြန်ရောက်တော့ 'အလွမ်းဆိုင်' ကို စရေးပါတယ်။ အခုထွက်လာတဲ့ပုံစံ မဟုတ်သေးတဲ့ တင်ပြပုံတစ်ခုနဲ့ပါ။ ရေးရင်းနဲ့မှ အမျိုးသမီးဇာတ်ကောင် ငယ်ဘဝကို ထားချင်တဲ့ရွာကလေး အာရုံမှာ ပေါ်လာ၊ သို့သော်မရေရာပြန်တော့ အဲဒီဘုတာရွာကိုကြည့်ဖို့သက်သက် မန္တလေး-လားရှိုးလမ်းကို တစ်ခေါက် ပြန်သွားခဲ့ရပါသေးတယ်။ ၂၀၁၇ ဩဂုတ်မှာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

'အလွမ်းဆိုင်' ခရီးရှည်အကြောင်း ပြောရင်းနဲ့ ကျေးဇူးတင်စရာ မိတ်ဆွေများကို အမှတ်ရပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်ရထားခရီး တွေမှာ ကျွန်မကို အကြို၊ အပို့နဲ့ ခဏတာ နားနေတည်းခိုဖို့ စီစဉ်ပေးခဲ့ကြတဲ့ မန္တလေးနဲ့ ပြင်ဦးလွင်က မိတ်ဆွေသူငယ်ချင်းများ၊ သီပေါမှာ နေရေးထိုင်ရေး အတွက် အဝေးက လှမ်းစီစဉ်ပေးခဲ့တဲ့ သူငယ်ချင်း စိမ်း၊ သီပေါမှာ နေရတဲ့ တစ်ပတ်တာအတွင်း မိသားစုလိုစောင့်ရှောက်ခဲ့ကြတဲ့ ညီမ နန်းဆက်ထက်ဦး မိသားစု၊ ဆွေမျိုးပမာ ချစ်ခင်ရတဲ့ ဟိုမော်ရွာက လုံးသုမနနဲ့ ပါရွှေယိင်း မိသားစု...ကျေးဇူးတင်ရပါတယ်။

ကျွန်မ သီပေါ ပြန်မသွားခင် တစ်ချိန်က နေ့ရက်တွေကို ပြန်ပြောင်း ပုံဖော်ပြခဲ့တဲ့ ဦးဇင်းဂျောင်းဂျောင်း (ရွှေဝါရောင်)၊ သားကြီးမောင်ဇေယျ၊ သီပေါမြို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြပေးခဲ့ကြတဲ့ ဘဘ ဦးကျော်စိန် မိသားစု၊ ဝင်းသီရိ ပုံနှိပ်တိုက်က ဦးလှဘော်၊ ရွှေချိန်ခွင် ရွှေဆိုင်က ဘဘ ဦးကျော်သိန်း၊ နဂါးလက်ဖက်ရည်ဆိုင်က ဦးစံဝင်းနဲ့ ဒေါ်ဟန်တင်၊ ဦးလေး ဦးရဲအောင် (တေးရေး တက္ကသိုလ်ရဲအောင်)၊ ကာကာလက်ဖက်ရည်ဆိုင်က ဦးဘလှိုင်၊ အ.ထ.က(၁) သီပေါက ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိန်း၊ စိန်လက်ဖက်ခြောက်နှင့်ကုန်မျိုးစုံ ရောင်းဝယ်ရေးက ဦးစံလှ၊ ကိုစိုင်းမြတ်ကျော် အပါဝင် ဆရာမ မသီတာ(စမ်းချောင်း)ရဲ့ ဆွေမျိုးများ၊ အခြေခံပညာအထက် တန်းကျောင်း(ခွဲ)ဘော်ကြိုက ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာမများ၊ ဘော်ကြို ရွာ ပဒုမ္မာဆိုင်က ဒေါ်သင်းသင်းရီ၊ ဘော်ကြိုဘုရားဂေါပကအဖွဲ့၊ ကျွန်မနဲ့အတူ ဘော်ကြိုကျောင်း၊ ဘော်ကြိုဘူတာ၊ သီပေါဟော် စတဲ့နေရာတွေဆီ အတူ လိုက်ပါပေးခဲ့တဲ့ ကိုပေါက်၊ ဆရာ ရဲကျော်သူ...။ 'အလွမ်းဆိုင်'ကို ပြန်ဖတ်မိခိုက်မှာ သီပေါမြို့ပေါ်က၊ ဘော်ကြိုရွာ၊ ဟိုမော်ရွာ၊ နားခဲရွာတွေက (အမည်ဖော်ပြဖြစ်သော၊ မဖော်ပြဖြစ်သော) မိတ်ဆွေတွေကို ပြေးမြင် အမှတ်ရပါတယ်။

စာအုပ်ဆိုင်တွေကိုလည်း အဓိကနောက်ခံတစ်ခုအနေနဲ့ ရေးဖို့ရှိတဲ့ အတွက် ကျွန်မ ရောက်ခဲ့ရတဲ့ သီပေါမြို့က ခရေရိပ်စာပေ၊ ပုရစ်ဖူးစာပေ၊ ရန်ကုန်မြို့ စမ်းချောင်းက ထင်ပေါ်စာပေ၊ အလုံက အိပ်မက်ရိပ်စာပေ၊ သုဝဏ္ဏက နှင်းပန်းအိမ်စာပေတို့ကိုလည်း ကျေးဇူးမှတ်တမ်းတင်ချင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရေဒီယိုခေတ်တစ်ခုကို ပြန်ပြောင်းပြောပြရုံမက ကျွန်မရဲ့ နေကြာရိုင်းပွင့်တလေး လှပလာအောင် အကြမ်းထည်အဆင့်မှာ အယ်ဒီတာ တာဝန်ယူပေးခဲ့တဲ့ ကြည်၊ မျက်နှာဖုံးအတွက် နားပူခဲ့တဲ့ ကျွန်မကို နှစ်သိမ့်ကျေနပ်စရာ အဖုံးလှလှလေး ဖန်တီးပေးခဲ့တဲ့ ဆရာ နေမျိုးဆေး၊ ပြင်ဦးလွင်မှာ လေးရက်တာ စာရေးနေထိုင်ဖို့ စီစဉ်ပေးခဲ့တဲ့ အစ်မ ဝင်းဝင်းမေ၊ 'မြတ်မော်' ဇာတ်ကောင်ကို ဖန်တီးစဉ်တစ်လျှောက် စိတ်ကူးပေါ်တိုင်း ကျွန်မ မေးမြန်းသမျှ ဖြေပေးခဲ့တဲ့ မောင်ဂါကြီး၊ Somewhere My Love သီချင်းကို ကြားဖူးရုံကနေ ခံစားသက်ဝင်အောင် စာသင်ချိန်တွေမှာ မိတ်ဆက်ပေးခဲ့တဲ့ NUAC Yangon က ဆရာဦးသန်းအေး၊ ဇူလိုင်လထဲ ဒီစာအုပ် ထွက်လိုက်ချင်တဲ့ ကျွန်မအတွက် အချိန်ပေးဖြည့်ဆည်းပေးခဲ့ကြတဲ့ ကံ့ကော်ဝတ်ရည်မိသားစု… ကျေးဇူးစကား လှိုက်လှဲစွာ ဆိုပါရစေ။

ကျွန်မ တစ်ခါက ပြောခဲ့ဖူးသလိုပါပဲ။ အလွမ်းဆိုင်ဟာ လွမ်းလို့ရေးတဲ့ စာပါ။ ခပ်ရိုးရိုးစာလေး တစ်ပုဒ်ပါ။ ပုံစံ သုံးမျိုး ပြောင်းရေးခဲ့ပြီးတော့ နောက်ဆုံးပုံစံကို အတည်ယူ၊ အချိန်ကာလတစ်ခု ပေးခဲ့ဖူးတဲ့စာမို့ အမှတ်ရစရာလည်း များစွာ ရှိခဲ့ပါတယ်။ ခေတ်တစ်ခုရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ၊ မြို့တစ်မြို့ စတင်တည်ရှိလာပုံကအစ နောက်ခံ သမိုင်းဇာတ်လမ်းတွေ လေ့လာနိုင်ခဲ့တာဟာ စာရေးသူတစ်ယောက်အတွက် အဖိုးလည်းတန်သလို တကယ်ရေးတဲ့အခါမှာ အခက်အခဲလည်း ဖြစ်ခဲ့ပါတယ်။ ဘာလို့ဆို ကိုယ်သိသမျှ ထည့်လိုက်ချင်၊ ရေးလိုက်ချင်တော့တာကိုး။ ဒီစိတ်ကို အတတ်နိုင်ဆုံး ဖျောက်ပါတယ်။ အချက်အလက်တွေမေ့ပြီး ဝတ္ထုဟာ ဝတ္ထုဖြစ်ဖို့ပဲ အာရုံစိုက်ခဲ့ပါတယ်။

ကလေးလေးတစ်ယောက်ကို ဝမ်းနဲ့ လွယ်ပိုးထားတဲ့ တစ်ချိန်တည်းမှာပဲ စာတစ်အုပ်ကိုလည်း ရင်ခွင်ပိုက်ထားခဲ့ဖူးပါတယ်။ ခုတော့ ကျွန်မရဲ့ ချစ်လှစွာသော သားသမီး 'အလွမ်းဆိုင်' ကို စာဖတ်သူဆီ ပို့လိုက်ပါပြီ။

ချစ်ခင်စွာ



စံပယ်ဖြူနု

mgyoe.com

mgyoe.com SAMPLE BOOK

သူစိမ်းနှစ်ဦးနှင့် မေးခွန်းစကားအချို့ စာအုပ်ဆိုင်ကလေးဆီ ရောက်မလာခင်အထိတော့ ထိုနံနက်ခင်းသည် စာအုပ်ဆိုင်ရှင်အတွက် ပုံမှန် ကြုံနေကျ နံနက်ခင်းမျိုးသာဖြစ်သည်။ ဖြူလွှင်လွှင်တိမ်တိုက်တို့ လွင့်မျောခြံရံရာ ကောင်းကင်သည် စာအုပ်ဆိုင်ကို အပေါ်စီးမှ ငုံ့ကြည့်လျက်။ လေပြည်နုနု ညင်သာ တိုးဝှေ့လျက်။ ဆိုင်ကို ရိပ်မိုးသည့် ကံ့ကော်ပင်၊ ခရေပင်တို့ထံက လေတိုးသံသည် ဆိုင်ကလေးထဲမှာပင် လွင့်ပျံ့ကခုန်လျက်။

နံနက်ခင်းများစွာလိုပင် စာအုပ်ဆိုင်ကို ဖွင့်မြဲ ဖွင့်ထားသည်။ နေအိမ်၏အရှေ့ဘက် အခန်းတစ်ခန်းလုံးနီးပါး နေရာယူထားသော စာအုပ်ဆိုင်သည် နံရံတစ်လျှောက် စာအုပ်စင်များ အကန့်လိုက် အစီအရီရှိနေကာ အလယ်မှာတော့ ရွှေ့နိုင်ပြုနိုင်သော စာအုပ်စင်တန်းနှစ်ခုနှင့်။ အခန်း၏ မျက်နှာစာဘယ်ဘက်ထောင့်တွင် ကျွန်းစာရေးစားပွဲဟောင်းတစ်ခု ရှိသည်။ အငှားစာရင်းမှတ်သော စာရင်းစာအုပ်ကို ရောက်ရှိလက်စ စာရွက်ကြားမှာ ဘောပဲန်တစ်ချောင်း ညှပ်လျက် တင်ထားသည်။ စားပွဲ၏တစ်ဝက်တိတိ နေရာယူထားတာကတော့ မဂ္ဂဇင်းအချို့၊ ကာတွန်းစာအုပ်သစ်၊ ဝတ္ထုသစ်အချို့။

မနေ့ညနေကမှ အပ်သွားသော စာအုပ်အချို့သည် စာအုပ်ပုံ၏ထိပ်ဆုံးမှာ ရှိနေ၏။ စာအုပ်ဖုံးများကို နောက်တစ်ကြိမ်ပင် ပြန်ကြည့်ရန် မလို။ စွဲမြဲမှတ်မိနေသည်။ မနေ့ကတည်းက အငှားစာရင်းဖျက်ရင်း လူမသိ သူမသိ နှစ်ကြိမ်လောက် သက်ပြင်းရှိုက်လိုက်မိသေးသလို သည်နေ့ညနေ ဖုန် ဘာညာ ခါရင်း၊ ဆိုင်ဖွင့်ရင်း စိတ်မသက်မသာ နှာခေါင်းရှုံ့မိပြန်သည်။ ခေတ်ကိုက…။

mgyoe.com

mgyoe.com SAMPLE BOOK

'ခေတ်ကိုက' ဆိုသော စကားလုံး ထည့်ပြော၍ဖောက်ခွဲချလိုက်ရလျှင် စိတ်အတွင်း တစ်နေရာ၌ ခိုအောင်းနေတတ်သော မွန်းကျပ်ပိတ်လှောင်သည့် ခံစားချက်တို့ သက်သာရသလို သူ ခံစားရတတ်သည်။

ခေတ်ကိုက... ခေတ်ကိုက...။

စာအုပ်စင်ထက်ရှိစာအုပ်ဟောင်း၊ စာအုပ်ကောင်းများပေါ်က ဖုန်များကို လက်ဖျားနှင့် တို့ထိစမ်းမိလျှင်၊ ခေါင်းငုံ့နေသူတို့ စုဝေးရာ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိလျှင်၊ စာတိုက်ပုံးနီနီလေးကို ဘယ်အရပ်မှာ ဖြစ်စေ တွေ့မိလျှင် သူ့ရင်သည် တစ်စုံတစ်ရာသော ခံစားမှုနှင့် တမြည့်မြည့် လှုပ်ခါမြဲ။ 'ခေတ်ကိုက...' ဟု အစချီ တွေးလိုက်ရမှ နေသာထိုင်သာ ရှိသည်။ ကုန်လွန်ခဲ့သော၊ ပြန်မရနိုင်တော့သော တစ်ခေတ်တစ်ခါကို လွမ်းတစိတ်လား၊ အရာရာကို အလိုမကျ အလိုက်တသင့် မျှောမပါနိုင်သော ခေါင်းမာစိတ်လား မရေရာ။

မီးဖိုထဲမှ ထွက်ကတည်းက ကိုင်လာသော လက်ကိုင်ပါ ကြွေသားကော်ဖီခွက်ကို စားပွဲပေါ် ချလိုက်သည်။ စာအုပ်ပုံပေါ် လွင့်ကျတင်ကျန်နေသော ရွက်ခြောက်လေးများကို ကောက်ယူလျက် စားပွဲအောက်က အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်သည်။ စာရင်းစာအုပ်ကို ဖွင့်သည်။ မနေ့က တစ်နေကုန်မှ စာအုပ်ငှားသူ လေးဦးအတိပဲ။ အမေကတော့ 'မိုးရွာနေလို့ နေမှာပါ' အကြောင်းပြသည်။ သို့သော် မိုးမရွာသော နွေနေ့များ၊ ဆောင်းနေ့များမှာလည်း ထူးမခြားနားသော ဇာတ်လမ်းသာ ဖြစ်ကြောင်း သူ သိသလို အမေလည်း သိပါလိမ့်မည်။

ရံခါတော့ အမေ့ကို ကြည့်၍ သူ စိတ်မကောင်းချေ။ တစ်နေ့ကုန်လို့မှ စာအုပ်ငှားသူ လေး၊ ငါးဦးသာ ရှိတတ်သော ဆိုင်ကို နံနက် ကိုးနာရီ ပုံမှန်ဖွင့်တတ်သလို စာအုပ်ငှားသူ ရှိရှိ၊ မရှိရှိ ည ကိုးနာရီမထိုးမချင်း မပိတ်တတ်တာသည် မြဲမြဲသော အမေ့အလေ့အထ ဖြစ်၏။ အရေးတကြီး သွားလာချိန်ကလွဲ၍ ဆိုင်ပိတ်ခဲ့သည်။ အမေ့ကြောင့်သာပဲ၊ သူ့သဘောနှင့်သာဆိုလျှင် စာအုပ်ဆိုင်သည် လွန်ခဲ့သော သုံးနှစ်လောက်ကတည်းက ပျောက်ကွယ်နှင့်ပြီ။ ဘာလုပ်မလဲ...စိတ်အပင်ပန်းခံနေလို့ ဘာလုပ်မလဲ။ ပင်ပန်းသလောက် အကျိုးအမြတ်မရှိ၊ စိတ်ကိုလည်း ထိရှနာကျင်စေမည်ဆိုလျှင် တွယ်တာမြတ်နိုးဖူးရာကအစ သူ စွန့်လွှတ်ဝံ့သည်။

mgyoe.com

m.gyoe.com  SAMPLE BOOK 

သို့သော် စာအုပ်ဆိုင်အရေးမှာတော့ ဆုံးဖြတ်ခွင့်ရှိသူမှာ အမေသာတည်း။ 'ကံ့ကော်ရိပ်'သည် အမေ အစပြုခဲ့သော စာအုပ်ဆိုင်၊ အမေနှင့်အဖေးမှာ သူ နေထိုင်ကတည်းက တောက်လျှောက်ဖွင့်ခဲ့သော ဆိုင်။ စာအုပ်ဆိုင်နှင့်တွဲလျက်ဖြစ်သော သည်အိမ်မှာပင် အမေသည် သူနှင့် မအေတူ ဖအေကွဲ ညီမငယ်နန်းနန်းကို မွေးဖွားခဲ့သည်။ ငယ်စိတ်နှင့် မကြည်မလင် ရှိဖူးသော်လည်း နွေကျောင်းပိတ်ချိန် ရောက်လာသမျှတော့ သွေးသားရင်းပမာ ဂရုစိုက်တတ်သည့် အမေ့ဒုတိယအိမ်ထောင် ဦးဦးကျော် သည်အိမ်မှာပင် ဆုံးပါးခဲ့သည်။ အမေ့အတွက် အမှတ်ရဖွယ် အရိပ်တို့သည် အိမ်ကလေးထဲမှာ၊ မားမားမတ်မတ် ရပ်တည်သည့် စာအုပ်စင်များအကြားမှာ လွမ်းစဖွယ် ပျံ့လွင့်နေပေလိမ့်မည်။

ရန်ကုန်မြို့မှသည် မြို့ကလေးဆီ အမေနှင့် အတူနေရအောင် ပြန်လာပြီးကတည်းက ဘယ်ကိစ္စမဆို အရင်လို အတိုက်အခံမပြု၊ စိတ်ချမ်းသာအောင်ထားပါတော့မည် ရည်ရွယ်နှင့်တော့လည်း ဆိုင်ပိတ်ပါ့လား မပြောသာ၊ မပြောလို။ သည်တော့ အချိန်တန်လျှင် အိမ်တံခါးလည်း ဖြစ်သော စာအုပ်ဆိုင်တံခါးကို ဖွင့်မြဲလို ဖွင့်လိုက်ရတော့သည်။

ပါးစပ်ထဲ ကွက်ကွက်ကျန်သလိုရှိသော ရှမ်းခေါက်ဆွဲအရသာသည် တစ်ခွက်စာလုံးကို နှစ်ကျိုက်လောက်နှင့် မျှောချလိုက်သော ကော်ဖီကြမ်းအရသာနှင့်ရောနှောသွားသည်။ ရှမ်းခေါက်ဆွဲမှာ ဆိုင်က ဝယ်သော ရှမ်းခေါက်ဆွဲမဟုတ်။ အမေ ကိုယ်တိုင် လုပ်သော ခေါက်ဆွဲ၊ တော်တော့်တန်တန် ဆိုင်နှင့်ယှဉ်ဝံ့သော ခေါက်ဆွဲ ဖြစ်သည်။ သည်အရပ် သည်ဇာတိမဟုတ်သော်လည်း အမေသည် ရှမ်းအစားအစာများကို ကောင်းစွာ ချက်ပြုတ်တတ်သူ။ ဆံပင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ထုံးနှောင်လျက်၊ မီးဖိုခုံအနီးမှာ မတ်မတ်ရပ်လျက် အမေ အစားအစာ ပြင်ဆင်ပုံမှာ သူ့အတွက် ယဉ်ပါးနေသော မြင်ကွင်းတည်း။

လောလောဆယ်တော့ အိမ်သူအိမ်သားဟာ အမေရယ်၊ သူရယ်ပဲ။ ညီမငယ်သည် အိမ်နှင့်ရာနှင့် လားရှိုးမှာ အခြေကျနေပြီ။ သူမှာသာ…။

အသက်ရလာသလောက် ဗိုက်မှာပါ အဆီများ တစ်ရစ်စုလာသော ခန္ဓာကို ကုလားထိုင်ပေါ် အားပါးတရ ထိုင်ချလိုက်သည်။ နောက်မှီကို မှီပြန်တော့ အစာဝလို့ပေလား၊ မျက်လုံးများက စင်းချင်လာပြန်သည်။ အဓိပ္ပာယ်မရှိ။ အခုမှ ဘယ်နှနာရီ ရှိသေးလို့လဲ။ စာအုပ်စင် အပေါ်မှာ ရှိနေသော တိုင်ကပ်နာရီကို မော့ကြည့်တော့ နံနက် ကိုးနာရီခွဲသာသာ။

mgyoe.com

mgyoe.com

SAMPLE BOOK


အိမ်ရှေ့လမ်းမှာ အဓိကလမ်း မဟုတ်၊ လမ်းသွယ်မို့ လူအသွားအလာ မစည်လှ။ ပုံမှန်နေ့များလို ဖြတ်မြဲမျက်နှာတို့ကိုပဲ တွေ့နေကျလို တွေ့ရသည်။ ဈေးနှင့် သိပ်မဝေးလှတာမို့ ဈေးဘက်က ပြန်လာသူ၊ လမ်းလျှောက်ထွက်ရာက ပြန်လာသူ၊ သက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်က ပြန်လာသူများ။ မြို့ကလေးသည် ဧရိယာ မကျယ်ဝန်းလှသလို မျက်နှာတို့သည်လည်း တွေ့နေကျ မြင်နေကျ ရင်းနှီးကျွမ်းဝင်သော မျက်နှာသာ များလေသည်။ လူစိမ်းသူစိမ်းဆိုလျှင် နဖူးမှာ စာကပ်ထားသလို အင်မတန် သိလွယ်ကြသည်။

သည်ဘက်နှစ်များမှာတော့ နိုင်ငံရပ်ခြားက အလည်အပတ်လာသူတို့ အဝင်၊ အထွက် ပိုလာသလို ပြည်တွင်းအရပ်ရပ်က အလည်လာသူတို့နှင့်လည်း စည်စည်ပြုလာသည်။ ဧည့်ပါးချိန်ဆိုလျှင်တော့ မြို့ကလေးသည် ရုပ်ရှင်ဇာတ်ကားများထဲက ဆက်တင်လုပ်ထားသော မြို့သေးသေးလေးများနှင့်ပင် ဆင်သလို ဆိုရလိမ့်မည်။ ဒေသဟန်ပါသော နှစ်ထပ်သစ်သားအိမ်လေးများ ငြိမ်ငြိမ်ဝပ်ဝပ် ရှိနေတတ်သည့် လမ်းသွယ်ထဲ တစ်ယောက်တည်းများ လမ်းလျှောက်ဝင်မိလျှင် အိပ်မက်မြို့တစ်မြို့ထဲ ရောက်နေသလို ထင်ရလိမ့်မည်။

ဆိုင်ရှေ့လမ်းပေါ် ကြည့်မိကြည့်ရာ ငေးစိုက်နေသော သူ့အာရုံတွင် တစ်စုံတစ်ဦးသည် လမ်းပေါ်က ဖဲ့ဆင်းလျက် ဆိုင်ဘက်သို့ ဦးတည်လိုက်ပုံကို သတိပြုမိသည်။ မရင်းနှီးသော မျက်နှာ။ တိတိပပ ဆိုရလျှင် သူစိမ်းတစ်ယောက်။ သူနှင့် အသက်အရွယ်ချင်း မတိမ်းတယိမ်း ဖြစ်သည်။ အသား ညိုညို၊ ကိုယ်လုံးကိုယ်ထည်မှာလည်း သူ့လိုပဲ ခပ်ပြည့်ပြည့်။ တစ်စုံတစ်ရာ မေးစမ်းလိုက်တော့မလို မျက်လုံးများ စူးလက်နေပုံကို တွေ့တော့ သူ နှုတ်ခမ်းတစ်ချက် လှုပ်မိသည်။ လမ်းမေးမလို့ပဲ ဖြစ်မှာပေါ့။

သူတို့အိမ် တည်နေရာသည် လမ်းသွယ်ဆိုသော်လည်း အချက်အချာကျသော နေရာအတော်များများနှင့် မနီးမဝေးမှာ ရှိသည်။ လမ်းသွယ်လေးက ထွက်လိုက်လျှင် ဈေးရောက်မည်၊ စာတိုက်ရောက်မည်၊ လူသူစည်ကားသော မိုင်းပွန်လမ်းကို လမ်းလျှောက်သွားနိုင်သည်။ ဘဏ်သို့လည်း ရောက်နိုင်သည်။ မူဆယ်အတက် မန္တလေးအပြန် ကုန်ကားများ တစ်နေ့တာလုံး ဖြတ်သန်းနေတတ်သည့် မန္တလေး-လားရှိုးလမ်းမကို သည်ဘက်ကနေ ထွက်လိုက်နိုင်သည်။ ပြည်သူ့ဆေးရုံကိုလည်း လမ်းလျှောက်သွားနိုင်သည်။ မြို့လယ်နှင့် မလှမ်းလှ

mgyoe.com

mgyoe.com SAMPLE BOOK


သော နေရာမို့လား၊ စာအုပ်ဆိုင်ဖြစ်နေတာကြောင့်လား မသိတတ်ဘဲ နေ့စဉ်လိုလို လူစိမ်းသူစိမ်းတို့၏ အမေးစကားတို့ကို အမေ မဟုတ်လျှင် သူ ဒိုင်ခံဖြေရတတ်သည်။

'ဒီကနေ သီပေါဟော်ကို ဘယ်လို သွားရမလဲ'၊ 'ဒုဋ္ဌဝတီမြစ်ကမ်းနားကို ဘယ်လို သွားရမလဲ၊ လှေငှားလို့လွယ်သလား'၊ 'Little Bagan က ဒီကနေ ဝေးသေးလား၊ ဆိုင်ကယ် ကယ်ရီ ငှားရင် ဘယ်နားက ငှားရမလဲ'၊ 'အင်္ဂလိပ် စာအုပ်တွေ ရောင်းတယ်ဆိုတဲ့ ခရေရိုပ်စာအုပ်ဆိုင် သွားချင်လို့ ဘယ်လမ်းက ဆက်သွားရမလဲ' စသော စသော ခရီးသွားလူစိမ်းတို့ မေးနေကျ မေးခွန်းမျိုး မေးလိမ့်မည်။ 'ကျေးဇူးတင်ပါတယ်' ဆိုကာ ကျောခိုင်းလျှင် သူနှင့် သူ့နံနက်ခင်းသည် ပုံမှန်လို ကျန်ရစ်ခဲ့လိမ့်မည်။ အမေသာ ကနေ့ လားရှိုး တက်မသွားလျှင်တော့ အမေ့လက်သို့ ဆိုင်ကို လက်လွှဲထားရစ်ကာ လက်ဖက်ရည်ဆိုင်လေး ဘာလေး သူ ခြေဦးလှည့်နိုင်လိမ့်မည်။ သည်နေ့တော့ တစ်နေကုန် အိမ်မှာ၊ ဆိုင်မှာပဲ ခြေချုပ်မိရုံ။

ဆိုင်ရှေ့တံခါးဝကို ချဉ်းကပ်မိလာသော သူစိမ်းမျက်နှာက အပြုံးကို တွေ့လျှင် သူလည်း တုံ့ပြန်ပြုံးမိသည်။ လူစိမ်း၏ အပြုံးမှာ ဖော်ရွေသူတို့ ပြုံးတတ်သော အပြုံးမျိုး။ သူ့အပြုံးကတော့ ပျင်းရိပျင်းတွဲ ရှိနေရာက မတတ်သာ အားတင်းပြုံးသော အပြုံးမျိုးလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

"တစ်ခုလောက် မေးချင်လို့ ခင်ဗျ"

"ဟုတ်ကဲ့…"

လူစိမ်းသည် မေးခွန်းကို စဉ်းစားနေသလို တစ်ခဏ ငြိမ်သွားသည်။ နောက် ဆိုင်ကို ဝေ့ဝဲကြည့်ပြန်သည်။ ကော်ဖီမှုန့် မည်းနှစ်နှစ်များ ခိုကပ်ကျန်နေသော ကော်ဖီခွက်ကို ဘေးသို့ တွန်းရွှေ့ကာ မေးခွန်းကို သူ နားစွင့်၏။

"ထိုင်လို့ ရမလား ခင်ဗျ"

သူ့မျက်ခုံးများ ဆတ်ခနဲ ပင့်တက်သွားသည်။ ဘယ်လူစိမ်းသူစိမ်းမှ ထိုင်ရမလား မမေးစဖူး။ မေးချင်တာ မေးပြီး ထွက်သွားကြတာပဲ။ သူ့ကျမှ။ နဂိုက ပျင်းရိလေးလံနေသော စိတ်ကို အတတ်နိုင်ဆုံး ဆွဲဆန့်ကာ 'ထိုင်ပါဗျ' ဆိုရသည်။ လူစိမ်းသည် စားပွဲကို ရံလျက် ရှိနေသော လက်ကျန်ခုံမှာ ဝင်ထိုင်သည်။ သူ့မျက်နှာကို တေ့တေ့ဆိုင်ဆိုင်ကြည့်ကာ ပြုံးလိုက်သည်။ အဲဗျာ…

mgyoe.com

mgyoe.com SAMPLE BOOK


စာအုပ်တွေ ကြည့်နေပြန်ပါရောလား၊ မေးခွန်းက ဘယ်မတုံး။ ဘယ့်နှယ် လူတုံး။

သူသည် အတွင်းမနောက စကားသံကို တစ်ဖက်လူ ကြားတော့မှာ စိုးရိမ်သလို အလုပ်ရှာသလိုလို စာအုပ်တို့ကို အထက်အောက် ပြန်စီနေသည်။ မဂ္ဂဇင်းများက သီးသန့်တစ်ပုံ၊ ကာတွန်းစာအုပ်တို့ကလည်း သီးသန့်။ ဝတ္ထုပုံကိုလည်း အထက်အောက် အလဲအထပ် လုပ်ပြန်သည်။ 'ဒီလိုဗျ' ဟု စကားပြန်စလာမှ လူစိမ်းဘက် ပြန်ငဲ့လိုက်သည်။

လူစိမ်း၏ မျက်နှာထက်မှာ အားတောင့်အားနာဟန် အပြုံး။

"အေးဗျာ၊ ဘယ်က စမေးရမှာပါလိမ့်လို့ စဉ်းစားနေတာ"

တုံ့ပြန်စကားဆိုရန် သူ အတွေး မရ။ နားသာ စိုက်ထားမိသည်။

"ခင်ဗျား သီပေါထောင်က ဝန်ထမ်းတွေနဲ့ ခင်သလား"

"ဘယ်လို..."

သူ့မျက်ခုံးများ ဆတ်ခနဲ ပင့်တက်သွားပေမည်။

"သီပေါထောင်က ဝန်ထမ်းတွေနဲ့ ခင်သလားလို့"

"မခင်ဘူးဗျ၊ ကျွန်တော် ဒီမှာ အမြဲနေဖြစ်တာ မဟုတ်ဘူး၊ အမေ့အိမ်လာလိုက်၊ ရန်ကုန် ပြန်လိုက်ပဲ၊ မနှစ်ကမှ ဒီပြောင်းလာတယ်တောင် ပြောလို့ရတယ်၊ ဘာလို့တုံး"

လူစိမ်းက သက်ပြင်းချသည်။ ပြီးမှ စကားဆက်ပြန်သည်။

"ဒါဖြင့် လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က ဝန်ထမ်းတွေဆိုရင် ခင်ဗျား မသိနိုင်တော့ဘူးပေါ့၊ အဲဒီလိုလား"

"အင်းပေါ့"

လူစိမ်းက တစ်ခဏ ငြိမ်နေပြန်သည်။ သက်ပြင်းသံကိုလည်း ကြားလိုက်ရပြန်ပြီ။ သီပေါထောင်တဲ့၊ ထောင်ဝန်ထမ်းတဲ့။ ဘာများ အရေးကြီးပါလိမ့်။

မြို့တစ်မြို့မှာ မရှိမဖြစ်သော ထောင်ဆိုတာသည် စိတ်ဝင်စားအပ်ရာ အရပ် မဟုတ်၍ သည်မြို့က ဖြစ်စေ၊ ဘယ်မြို့ကပဲဖြစ်စေ ထောင်ရှိရာနေရာကို သူ တကူးတက သွားမကြည့်ဖူးပါ။ ဇာတိ ရန်ကုန်မှာလည်း အင်းစိန်ထောင်ကို အသေအချာ မတွေ့ဖူး။ ဇာတိ မဟုတ်ပေမဲ့ သူ နေထိုင်ရာ သီပေါမြို့က

mgyoe.com

mgyoe.com SAMPLE BOOK



အကျဉ်းထောင်ဆိုတာလည်း လမ်းကြုံဖြတ်ချိန် လှမ်းကြည့်ရုံပဲ။ ဒီလူနှယ် ထောင်အကြောင်းများ မေးနေရတယ်လို့။

စိတ်က အလုပ်လုပ်လျှင် ခြေ၊ လက်တို့ အငြိမ်မနေသာသလို သူ စားပွဲခုံကို လက်နှင့် တတောက်တောက် ခေါက်နေသည်။ နောက် ပြုန်းခနဲ ရပ်မိသည်။ ရုံးသမားဘဝတုန်းက ရှိခဲ့ဖူးသော စားပွဲခုံခေါက်ရမှာ ကြောက် စိတ်မျိုးနှင့်။ ဘယ်သူ့ဘယ်သူကစ၍ လက်ဆင့်ကမ်းလာသော အယူမှန်းလည်း မသိ။ စားပွဲခုံခေါက်တော့ အလုပ် ပိုလာသတဲ့။ စာအုပ်ဆိုင်က စားပွဲခုံတော့ ခေါက်၍သာ လက်နာလာဖို့ရှိသည်။ ထူးမည်မဟုတ်။ စားပွဲခုံနှင့် လက်သည်း များတို့ တတောက်တောက်ထိတွေ့သံကို လူစိမ်း၏စကားသံ ပြန်ကြားရမှ ရပ်မိသည်။

"လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က သီပေါထောင်မှာ ကျွန်တော် နေခဲ့ဖူးတယ်ဗျ"

"ထောင်ဝန်ထမ်းပေါ့"

"ကျွန်တော်က ထောင်ကျတာဗျ၊ ဝန်ထမ်းတော့ မဟုတ်ဘူး"

ဟ…။ သူ့မျက်ခုံးများ ဆတ်ခနဲ လှုပ်သွားသည်။

လွန်ခဲ့သော မိနစ်ပိုင်းကမှ ဦးဆုံး စတွေ့ရပေမယ့် သူ့အသက်အရွယ် အတွေ့အကြုံအရတော့ သည်လူနှင့် ထောင်သားဘဝ အဆက်အစပ်ရှိလိမ့်မည် လုံးလုံး မထင်မိခဲ့ပါ။ ဆင်ခြင်တွေးတောတတ်ပုံရသော ကြည်လင်ရှင်ပျ မျက်နှာ ပေးကို သူ အဲခတ်နေသည်။ ကြားဖူးနားဝ အမှုမျိုးစုံကို တွေးကြည့်သည်။ တစ်မှုတလေပင် ဆက်စပ် မရ။ ဘယ်လို အမှုမျိုးနဲ့ ဖြစ်ရတာပါလိမ့်။ အမေ ပြောတတ်သော 'အပွေးမြင် အပင်သိ' ဆိုတာ အမြဲ မမှန်ဘူးလား။

"ကျွန်တော်က နိုင်ငံရေးအကျဉ်းသားပါ၊ ရွှေဝါရောင်တော်လှန်ရေး မှာ အဖမ်းခံရပြီး သီပေါထောင်မှာ ကျခဲ့တာပါ"

"သြော်…"

အတွင်းစိတ်က တွေးတောပုံကို တစ်ချက်ပင် မထိန်းလိုက်နိုင်ဘဲ အမူအရာ တဒင်္ဂ ပျက်မိခြင်းကို သူ အားနာစိတ်ဝင်လာသည်။

"အေးဗျာ…ထောင်ကျဖူးတယ်ဆိုလို့…"

သူ အိုးတိုးအမ်းတမ်း ဆိုတော့ လူစိမ်းက အသံထွက်အောင် ရယ် သည်။ သူလည်း ရယ်မိသည်။ အတူတကွ ရယ်မောခြင်းသည် သူစိမ်းတို့ကို

mgyoe.com SAMPLE BOOK


လျှင်မြန်စွာ နီးကပ်စေနိုင်ကြောင်း သူ သတိပြုမိလာသည်။ တွေ့စကလောက် စိမ်းသက်သော ခံစားမှု မရှိလှတော့။ ဆိုင်တံခါး ဖွင့်ခါစတုန်းကလို လေးလံ ထိုင်းမှိုင်းမှုလည်း သူ့ထံက လွင့်ပျောက်ပြီ။ ခန္ဓာရော စိတ်ပါ လန်းဆန်း ပေါ့ပါးသလို ရှိလာသည်။ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချပုံအား အနည်းငယ်ပြောင်းလျက် ခါး အတန်ငယ် ဆန့်သည်။

လူစိမ်း၏ အမူအရာသည်လည်း ပို၍ သက်သောင့်သက်သာ ရှိလာသလို ထင်ရသည်။ လူစိမ်းဘက်က နေရပ်၊ အမည် ပြောပြမိတ်ဆက်တော့ သူလည်း တုံ့ပြန်ရသည်။ နာမည်ရင်းတော့ မပြောမိ။ အရပ်အခေါ် ကိုစောဆိုလျှင် လုံလောက်ပါလိမ့်မည်။

"ကျွန်တော် သီပေါထောင်မှာ သုံးနှစ်ကျော်လောက် နေခဲ့ရတယ်ဗျ၊ ထောင်က လွတ်ကတည်းက သီပေါ ပြန်လာဖြစ်တာတော့ ဒါ ပထမဆုံးပဲ"

"ဒါနဲ့ ခုနက ထောင်ဝန်ထမ်းကို ဘာလို့ မေးရတာလဲ ပြောပါဦး"

'ဒီလိုဗျာ' ဟု လူစိမ်းက စကား အစချီသည်။ နဂိုနေ စူးလက်ပုံရသည့် မျက်လုံးများသည် စိတ်အားထက်သန်မှုနှင့် အရောင် ပိုတောက်လာ၏။

"ကျွန်တော်တို့ ထောင်ထဲမှာ နေရတုန်းက စာဖတ်တာကို ခွင့်ပြုထားတယ်ဗျ၊ စာကြည့်တိုက်လည်း ရှိတယ်၊ ပထမတုန်းကတော့ စကားလုံးလေး ကအစ အာဏာရှင်ဆိုတာ ပါရင်ကို ပေးမဖတ်ဘူး၊ စာအုပ်တွေ ပို့ရင်လည်း စစ်တယ်၊ ထောင်ထဲမှာ နေရင်းကိုပဲ အပြင်မှာ ပွင့်လင်းလာတာတွေ ရှိတော့ နောက်ပိုင်းကျ မစစ်တော့ပါဘူး၊ စာတအားဖတ်နေလို့၊ အညောင်းမိဘာညာ ဖြစ်မှာစိုးလို့သာ လမ်းထွက်လျှောက်ခိုင်းတာ၊ ကျွန်တော်ရယ်၊ နောက် နိုင်ငံရေးအကျဉ်းသားတစ်ယောက်ရယ် လွတ်တော့ကို စာအုပ်တွေ တစ်ရာကျော် ကျန်ခဲ့တာ၊ စာကြည့်တိုက် လှူခဲ့တာ။

ပြောချင်တာက ကျွန်တော် မေးချင်တဲ့ မေးခွန်းက အဲဒီ စာဖတ်တာ ကနေ စတာပဲ၊ ကျွန်တော်တို့တွေ စာတွေ ဖတ်ဖတ်နေတော့ ထောင်ဝါဒါ လေးတစ်ယောက်က သူလည်း စာဖတ်ဝါသနာပါတယ်၊ ဘယ်လို စာအုပ်မျိုး တွေ ဖတ်ရမလဲ၊ ညွှန်ပေးပါဆိုပြီး ပြောလာတယ်၊ ကျွန်တော်က အဆင့်လိုက် ဖတ်ခိုင်းတာ၊ သူလည်း ဖတ်တယ်၊ ဒီအထဲတော့ ဒါတွေပဲ ရှိတာ၊ ကျန်တာ တွေတော့ အပြင်မှာ ငှားဖတ်ဆိုတော့ သူ့ဘာသာ ငှားပြီး ခါးကြားထိုးလာတာပဲ၊ သူ ငှားလာရင် ကျွန်တော်တို့လည်း ဖတ်ရတာပေါ့၊ နောက်ပိုင်းကျ အဲဒီအငှား

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုင်လေးက ထောင်ထဲကို စာအုပ်တွေ ပို့ပို့ပေးတယ်၊ ဆေးဝါးတွေလည်း တစ်နည်းမဟုတ် တစ်နည်း ဆက်သွယ်ပြီး ပို့ပေးတယ်၊ ထောင်ဝါဒါလေးက ဘယ်ဆိုင်လို့ မပြောဘူး၊ စာအုပ်ဆိုင်လို့ပဲ ကျွန်တော်တို့ မှတ်ထားခဲ့တာ''

ပထမဆုံးအကြိမ် တွေ့ဆုံသူချင်းအကြား သည်မျှ စကားရှည်ရှည် ပြောဖြစ်သည်ဆိုလျှင် ပုံမှန်တော့ အံ့သြစရာဖြစ်လိမ့်မည်။ စာဖတ်သူနှင့် စာအုပ်အငှားဆိုင်က စာအုပ်အကြားကလူ၊ ထိုသူနှစ်ယောက်ကြားမှာတော့ ဘာသာစကားတူညီမှုသည် စိတ်နှလုံးချင်း ဆက်နွယ်ရာ ကြိုးတစ်ချောင်း ဖြစ်လာပုံရသည်။ ပြီးတော့ ယုံကြည်သက်ဝင်ရာ တူသူချင်းလေ။ ခံစားမှု လှိုင်းရိပ်အပြည့် လေသံ အတက်၊ အကျနှင့် ထိုလူ တောက်လျှောက် ပြောလေသမျှ သူ့ဘက်ကလည်း မျောပါနားထောင်နိုင်သည်။ ဝတ်ကျေတမ်းကျေ မဟုတ်။ အရာရာကို စိတ်လက်မပါ ရှိနေတတ်သလို မှိုင်းမှိုင်းမှုန်မှုန် စိတ်အစုံသည် တစ်ခဏတော့ဖြင့် သူ့ထံက ပျောက်ဆုံးလျက် ရှိလေပြီ။

''သီပေါကို ပြန်လာချင်တယ် စဉ်းစားတိုင်း ကျွန်တော် လုပ်ချင်တာ နှစ်ခုပဲ ရှိတယ်၊ တစ်ခုက အဲဒီစာအုပ်ဆိုင်လေးကို ရှာချင်တာ၊ ကျေးဇူးတင်စကား ပြောချင်တာ၊ ပြီးတော့ ကျွန်တော် ရေးထားတဲ့ စာအုပ်လေးတစ်အုပ် ရှိတယ်၊ ရေးတာတော့ ထောင်ထဲမှာကတည်းက ရေးခဲ့တာပဲ၊ ဒိုင်ယာရီ ရေးတာပေါ့၊ အဲဒီဒိုင်ယာရီလည်း ပျောက်သွားတာပဲ၊ ဒါပေမဲ့ ဟိုးတစ်နှစ်က ပြန်စရေးတယ်၊ မှတ်မိသမျှ မှတ်ဉာဏ်ကို ပြန်ခေါ်ပြီး ရေးခဲ့တာ၊ ဒီနှစ်တော့ ကျွန်တော့်ရဲ့ 'သီပေါဒိုင်ယာရီ' စာအုပ်လည်း ထွက်လာ၊ အခြေအနေလည်း ပေးတော့ ရောက်လာတာပဲ၊ ကျွန်တော် နာမည်လည်း မသိခဲ့တဲ့ စာအုပ်ဆိုင်ကို လမ်းကြုံဝင်ရှာဖို့ပဲ၊ ဒါက နံပါတ် တစ်''

သူသည် စကားထောက်ခြင်း အလျှင်းမရှိဘဲ ခေါင်းသာ တဆတ်ဆတ် ညိတ်လိုက်သည်။ အပြင်တွင် နှုတ်နှေးကာ စိတ်အတွင်းက စကားသံ ညံ့လေ့ရှိသူတို့ထုံးစံအတိုင်း ပြောမထွက်သောမေးခွန်းသံကတော့ ရင်၌ လှုပ်လှုပ်ခုန်ခုန်။ ဒါဖြင့် နံပါတ် နှစ်ကရော စာရေးဆရာရဲ့။

''နံပါတ် နှစ်ကတော့ ခင်ဗျားကို ခုနေ ပြောရင် ဘယ်လို လူလဲ ထင်မှာပဲ၊ အဲဒါက သီပေါက ဒုဋ္ဌဝတီကို မြင်ဖူးချင်တာဗျ''

''မြစ်ကတော့ ရောက်ဖို့ လွယ်ပါတယ်ဗျာ''

mgyoe.com

mgyoe.com SAMPLE BOOK



"ဟုတ်ပါတယ်၊ မြစ်က တွေ့ရဖို့လွယ်တယ်၊ ဒါပေမဲ့ ဒီ လွယ်တာလေးကိုပဲ ငါးနှစ်ကျော် စောင့်ပြီး လာတွေ့ရတာ၊ မနက်က ရောက်ရောက်ချင်း ဈေးဘက်ကနေ တောက်လျှောက် ဆင်းသွားလိုက်တာ မြစ်ဆိပ်ကို ရောက်တာပဲ၊ နံပါတ် နှစ်က အရင်အောင်မြင်ခဲ့တယ် ဆိုပါတော့၊ အဲ…နံပါတ် တစ်ပဲ ခုထိ အစံရှာရခက်နေတာ၊ စာအုပ်အငှားဆိုင်ကလည်း ဒီမြို့မှာ သိပ်မကျန်တော့ဘူးဆို"

"စာအုပ်ဆိုင်က အငှားဆိုင်ဆိုရင် နှစ်ဆိုင်ပဲ ကျန်တာ၊ စာတိုက်နဲ့ မျက်စောင်းထိုးလောက်က ခရေရိပ်ကတော့ စာအုပ်အရောင်းဆိုင်ပေါ့"

"ကျွန်တော် ခရေရိပ်ကို ရောက်ပြီးပြီ၊ ခရေရိပ်က ညွှန်လို့ ခင်ဗျားတို့ဆိုင်ကို ရောက်လာတာ"

"ဒါဖြင့် မိုင်းပွန်လမ်းပေါ်က ပုရစ်ဖူးရော၊ သူဆိုရင်လည်း နှစ်ပေါင်း သုံးဆယ်ကျော်သက်တမ်းပဲ၊ နည်းတာ မဟုတ်ဘူး၊ ကျွန်တော်တို့ဆိုင်ရယ် သူတို့ဆိုင်ရယ် နှစ်ဆိုင်ပဲ ကျန်တော့တာ၊ သူတို့ဆိုင်က ဒီဆိုင်ထက်တောင် သက်တမ်း ပိုတယ်ဗျ၊ ခင်ဗျား မေးတဲ့ဟာ သူတို့ သိရင်လည်း သိနေမှာပဲ"

"ပုရစ်ဖူးလည်း မနေ့ညနေက ရောက်ပါတယ်၊ ရောက်ရောက်ချင်းပဲ ဆိုပါတော့၊ ကျွန်တော် တည်းတဲ့ဟိုတယ်က မိုင်းပွန်လမ်းပေါ်ပဲဆိုတော့ အရင်ဆုံး ရောက်သွားတာ၊ သူတို့ဆိုင်တော့ မေးခဲ့ပါပြီ၊ ဟိုဝါဒါကောင်လေးနဲ့ အဆက်အစပ် လုံးလုံး မရှိကြဘူး၊ အခု ခင်ဗျားကလည်း မသိဘူးဆိုတော့၊ စာအုပ်ဆိုင်ကလည်း ဒါ နောက်ဆုံး လက်ကျန်ဆိုတော့ ဘယ်လိုက်ရမယ် မသိတော့ဘူး၊ အချိန်အကြာကြီး စောင့်ပြီး လာခဲ့မှဗျာ"

"အေးဗျာ" ဟု သူ မရေမရာ ညည်းတွားမိပေသည်။

"စာအုပ်ဆိုင်က တစ်ဆိုင်ပြီး တစ်ဆိုင် ပျောက်သွားတာပဲ၊ တခြားမြို့တွေလိုပဲပေါ့ဗျာ၊ ဒီဆိုင်တောင် အမေ တင်းခံနေလို့ ကျန်နေတာ၊ ကျွန်တော့်အလိုသာဆို ပျောက်တာ ကြာပြီ"

"အမေ၊ ခင်ဗျားအမေ ဒီအိမ်မှာပဲ အတူနေတယ်ပေါ့၊ ဒီဆိုင်မှာ ရှိတယ်ပေါ့"

အားတက်သရော လေသံနှင့်အတူ စာရေးဆရာ၏ မျက်နှာ ဝင်းခနဲ လက်လာတော့မှ "ဟာ" ဟု သူ သတိတရ ရေရွတ်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK



"ဟုတ်သားပဲ၊ ကျွန်တော့်အမေ ရှိတာပဲ၊ လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်ဆို ကျွန်တော် ရန်ကုန် နေတုန်းဆိုတာပဲ စိတ်စွဲနေလို့၊ အဲဒီတုန်းက အမေ ရှိတယ်ဗျ၊ ဒီစာအုပ်ဆိုင်သက်တမ်းကိုက နှစ် သုံးဆယ်နီးပါး ရှိပြီ"

"ခင်ဗျားအမေကို မေးလို့ ရတာပဲ"

"အစစ်ပေါ့"

စာရေးဆရာ၏ မျက်မှန်အောက်က မျက်လုံးများသည် အလင်းရောင် အားဖျော့သော အိမ်အတွင်းပိုင်းဆီ အားစိုက်ဝေ့ဝဲလျက်။ အမျိုးသမီးကြီးတစ်ဦး၏ အရိပ်အယောင်ကို ရှာနေပုံ ပေါ်သည်။ နောက်ဆုံးတော့ လူကို မတွေ့၊ စာအုပ်စင်များ၏ အနောက်ဘက် ဧည့်ခန်း နံရံထက်က ဓာတ်ပုံတစ်ပုံမှာ အကြည့်တန့်တော့သည်။

ထိုအဖြူ၊ အမည်း ဓာတ်ပုံထဲတွင် ဆံထုံးမြင့်မြင့်ထုံးကာ၊ နှင်းဆီတစ်ပွင့် ထိုးစိုက်ကာ ရင်ဖုံးလက်တိုအင်္ကျီကို ဝတ်ဆင်ထားသော အမေ့မျက်နှာမှာ ပန်းနှင့် အပြိုင် လှပပြုံးမြလျက် ရှိသည်။

"ဒါပေမဲ့ အမေက ဒီနေ့တော့ မရှိဘူးဗျ၊ လားရှိုး သွားလိုက်တာ"

"ဘယ်တော့ ပြန်ရောက်နိုင်သလဲဗျာ"

"ညပါ အိပ်မှာဗျ၊ ဟိုမှာ ညီမအိမ် ရှိတော့လေ၊ မနက်ဖြန် ညနေ လောက်တော့ ပြန်ရောက်နိုင်ပါတယ်"

"ဒါဖြင့် ကျွန်တော် ပြန်လာပါ့မယ်၊ လေး၊ ငါးရက်လောက်နေရင် မူဆယ်က အပြန် ဝင်လာမယ် ပြောထားပေးပါလားဗျာ"

"စိတ်ချပါ"ဟု သူ ကတိခံသည်။ အပြန်အလှန် နှုတ်ဆက်စကား ဆိုဖြစ်ကြသည်။

နှုတ်ဆက်ထွက်ခွာသူ၏ ကျောပြင်ကို ဘာရယ် မဟုတ် လိုက်ပါ ငေးနေရာက လမ်းအချိုးအကွေ့ဆီ ကွယ်ပျောက်ပုံ မြင်ရလျှင် ထိုင်ရာက ထရပ်သည်။ ပုံမှန်ကျင်လည်နေကျ အချိန်ဇယားများထဲ တစ်မျိုးတစ်ဖုံ ဆန်းသစ်သော အပိုင်းကဏ္ဍကလေး ပေါ်လာ၍ပေလား။ ထရပ်လိုက်ရတာကိုက အခါတိုင်းနှင့်မတူ ပေါ့ပါးလှသည်။ စာအုပ်များ၏ ဟောင်းမြင်းမြင်း ရနံ့အီအီ ကိုပင် မွှေးပျံ့သလို စိတ်လက်ရွှင်ရွှင် သူ ရှိုက်မိသည်။ သစ်ပင်များထက်က လေတိုးသံ၊ ငှက်ကလေးတို့ စိုးစိုးစီစီ မြည်သံကိုပင် ရေဒီယို တေးသံသာလို နားထောင်ကောင်းလှချည့်ထင်လာသည်။ မိုးရိပ်ငွေ့ကင်းစင်သော ကောင်းကင်

mgyoe.com

mgyoe.com SAMPLE BOOK



ကတော့ ဆိုဖွယ် မရှိ။ တိမ်မျှင်စကိုပင် လှမ်း၍ ဖမ်းဆုပ်နိုင်မည် ထင်၏။

သူသည် ကော်ဖီခွက်ကို ကိုင်ကာ အိမ်အတွင်းဘက် ဝင်သည်။ လက်ဆေးကန်ထဲ ထည့်ထားလိုက်သည်။ ခေါက်ဆွဲပန်းကန်၊ ဟင်းရည်ပန်းကန် တို့၏ ဘေးမှာ။ ပန်းကန်လည်း မဆေးချင်။ အိမ်မေ ပြင်ဆင်ပေးခဲ့သော နေ့လယ်စာ စားသောက်ပြီးမှပင် ပန်းကန်အပုံလိုက် ဆေးတော့မည်။

အိမ်ရှေ့ခန်းဆီ ပြန်ထွက်လာတော့ စာအုပ်စင်များဘက်ဆီ တန်း၍ မလျှောက်ဖြစ်။ ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်ရမလား ဟုတစ်ခဏ ရပ်လျက် စဉ်းစားနေသည်။ ဖွင့်လိုက်တော့ရော ဘာများ စိတ်ဝင်စားစရာ လာမှာမို့လဲ၊ သတင်းဆိုလည်း လောရလောဆယ် နားမထောင်ချင်။ ကြော်ငြာများလည်း မကြည့်ချင်။ မိန်းကလေးတို့၏ အလှအပများအကြောင်း ဆိုလျှင် ပို၍ပင် ငြီးငွေ့ဖွယ် ဖြစ်လိမ့်မည်။ သူတို့သာ ဝါးလုံးကွဲ၍ ကြည့်သူ မရယ်မောရသော ဇာတ်ကားများရှေ့လည်း ငုတ်တုတ် ထိုင်မနေချင်။ ဘာလုပ်ရမည်နည်း။

အားသွင်းထားသော လက်ကိုင်ဖုန်းကို ဖြုတ်ယူသည်။ အရွှင်စိတ်ကလေး ကျန်နေတုန်း သီချင်းလေး ဘာလေး နားထောင်လိုက်ဦးမည်။

ဖုန်းမျက်နှာပြင်ပေါ် သူ့ညာလက်ညှိုး တဖျပ်ဖျပ် ရွေ့သည်။ အပုဒ်ရေ များစွာ မရှိသော သီချင်းများထဲက တစ်ပုဒ်ကို ရွေးလိုက်သည်။ စားပွဲပုလေးပေါ် ဖုန်းကို တင်ကာ ပက်လက်ကုလားထိုင်ထဲ ခန္ဓာကို မြှုပ်၏။ ငြိမ့်သော တေးသံသည် နားသို့ တအိအိ စိမ့်လာ၏။ ငြီးငွေ့စရာ လောကထဲ စာအုပ်နှင့် ဂီတအပေါ် ခံစားလိုစိတ် မကုန်ခန်းသေးတာ သူ ဝမ်းသာလာပြန်သည်။

ဂီတသံကြားက လှလိုက်တဲ့ စကားလုံးလေးတွေ။

'သော်က စံပယ် ခတ္တာငယ်နဲ့
သဇင်ညှာခက်များ မြင်ပါရက်သားနဲ့
မသွေ ညှိုးပြောင်းကြွေသွား နွေမိုးဆောင်းတွေအလား
ဝိုးတဝါး အဖြေရှာ ယိုးမှား မသေချာတယ်…
တာရှည်ကွဲနေသော်လည်း ကမ္ဘာမြေထဲမှာ အတူရှိနေသ၍
ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်
ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်
ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ် အချစ်ရယ်'

mgyoe.com

မျက်လုံးအစုံ မေးမှိတ်ကာ ဂီတသံတွင် နစ်မျောနေခိုက်မို့ ပထမသော်ဆိုင်ရှေ့က ခေါ်သံကို မကြား။ သီချင်းဆုံးတော့မှ 'ဆိုင်ရှင် ရှိသလားခင်ဗျာ' ဆိုသော အသံကို သတိပြုမိတော့သည်။ အသံမှာ အမျိုးသားအသံ ဖြစ်သည်။ ထုံးစံအတိုင်း လမ်းမေးသူ တစ်ဦးဦး ဖြစ်မှာပေါ့။ ဘယ်တုန်းကတည်းကများ အသံပြုနေခဲ့ပါလိမ့်။

အားတုံ့အားနာစိတ်နှင့် အိမ်ရှေ့ဆီ ခပ်သွက်သွက် ထွက်လာတော့ ခရေပင်ရိပ်မှာ ရပ်လျက် စာအုပ်ဆိုင်က ထွက်လာလောက်မည့်သူတစ်ဦးဦးအား မျှော်နေပုံရသူကို တွေ့လိုက်ရသည်။ လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး။ ထပ်ဖြည့်ရလျှင် သူစိမ်းတစ်ဦး ဖြစ်သည်။ စောစောက စာရေးဆရာလိုပင် အကြည်ဓာတ်ရှိသော မျက်နှာမျိုးဖြစ်သည်။ စူးစမ်းတတ်သော မျက်လုံးကြည်လဲ့လဲ့ ရှိသည်။ ထိုမျက်လုံးများသာမက နှုတ်ခမ်းများကပါ နွေးထွေးသောအပြုံးရိပ်ဆင်လျက် သူ့အား ဆီး၍ နှုတ်ဆက်လာသည်။

"အစ်ကိုရေ၊ ကျွန်တော် တစ်ခုလောက် မေးစရာရှိလို့ဗျ"

***

"အဲဒီ တစ်ယောက်က ပိုလို့တောင် ဆန်းသေးတယ် အမေ"

စာအုပ်အငှားစာရင်းကို ဟိုလှန် ဒီလှန် ကြည့်နေရာက အမေ သူ့ကို မော့ကြည့်သည်။ စာအုပ်ငှားသူ အထက်အောက် မွေသွားသော စာအုပ်ပုံကို အနှောင့်များ ညီအောင် ပြန်စီရင်း သူ စကားဆက်သည်။ သည်းစပြုလာသော မိုးသံကို လွှမ်းနိုင်အောင် လေသံမြှင့်လျက်။

"လူကတော့ ကျွန်တော်တို့ထက် တော်တော်ငယ်မှာပေါ့၊ လူလတ်ပိုင်းပဲ၊ ဟိုနားမယ် ရပ်နေတဲ့နေရာကနေ မေးစရာရှိလို့တဲ့ ပြောတော့ ထုံးစံအတိုင်း ရပါတယ်၊ မေးပါပေါ့၊ အဲဒီတော့မှဝင်လာတယ်၊ ပထမတစ်ယောက်လိုပဲ ကျွန်တော် ထိုင်မယ်နော်တဲ့၊ ဒီနေ့ တစ်နေ့တည်း မေးခွန်းလည်း မေး၊ ထိုင်ခွင့်လည်း တောင်းတဲ့သူ နှစ်ယောက်တောင်ပဲလို့ ကျွန်တော် တွေးလိုက်သေးတယ်၊ ပါးစပ်ကတော့ ထိုင်ပါပေါ့"

'အင်း' ဟု အမေ စကားထောက်၏။

သူသည် စားပွဲအနီးက ခွဲကာ အိမ်ရှေ့တံခါးလည်းဖြစ်သော ဆိုင်တံခါးများကို ချက်ချ ပိတ်လိုက်သည်။

mgyoe.com

သွပ်မိုးပေါ်သို့ မိုးပေါက်များ တပေါက်ပေါက် ခုန်ဆင်းသံမှာ ညံစပြု နေသည်။ ခရေပင်က အကိုင်းအခက်တို့ လှုပ်ရှားပုံကို မြင်ရသည်။ မိုးစက်တို့ သည် ခရေရွက်တို့ကို တဆတ်ဆတ် ခုန်အောင် တို့ထိကာ မြေပြင်သို့ ဆင်းသက် လာကြသည်။ ညနေကတည်းက ဖွဲနေခဲ့သော မိုး၊ ညဦးမှာ တစ်ချို သည်းလိုက် သေးသော မိုးကြောင့် ည ရှစ်နာရီကျော်ကျော်ကတည်းက အိမ်ရှေ့လမ်းပေါ်မှာ လူသွားလူလာ ကျဲပါးခဲ့ပြီ။

သို့သော် ကိုးနာရီမထိုးဘဲ ဆိုင်ပိတ်လေ့မရှိသည့်အတိုင်း အမေသည် သူ့ခုံလေးထက်မှာ ထိုင်လျက် ရေဒီယိုသီချင်းသံကို နားဆင်မြဲလို နားဆင်ကာ ဆယ်ရေး တစ်ရေး မရေရာသော စာအုပ်ငှားသူများကို စောင့်စားနေခဲ့လေသည်။ 'ကိုးနာရီအထိ ဖွင့်တော့ရော ဒီမိုးထဲ ဘယ်သူလာမှာမို့လဲ အမေရာ' ဟု နှစ်ကြိမ်၊ သုံးကြိမ်လောက် ပြောခါမှပင် တံခါးပိတ်ခွင့် ရတော့သည်။

တံခါးချက်ကျသံမှာ မိုးသံနှင့် နှောလျက်။ 'လက်ဝါးနှစ်ဖက်ကို အကျင့်ပါနေသလို ပွတ်သပ်ခါကာ အမေ့ဘက်သို့ သူ ပြန်လှည့်၏။

''ဒီဆိုင်က အရင်ပိုင်ရှင်တွေပဲနော်၊ မပြောင်းပါဘူးနော်တဲ့၊ မပြောင်း ပါဘူးလို့ ဖြေလိုက်တယ်၊ အဲဒီမှာ သူက ကျွန်တော် လွန်ခဲ့တဲ့နှစ် နှစ်ဆယ်လောက် တုန်းက ဒီဆိုင်မှာ စာအုပ်ငှားနေကျပါတဲ့၊ သီပေါရောက်တုန်း အလွမ်းပြေ ဆိုင်လာကြည့်တာ၊ ဆရာမကို မတွေ့လို့ ပိုင်ရှင်များ ပြောင်းသွားသလား မေးမိတာပါတဲ့၊ ပြန်စဉ်းစားတော့လည်း သူ့မျက်နှာကို ကျွန်တော် မမှတ်မိဘူး၊ ဝေဝေဝါးဝါးရယ်၊ ပြောသာပြောရတယ်၊ အဲဒီတုန်းက ရန်ကုန်မှာ နေတဲ့အချိန် က ပိုများတာ၊ ဒီမှာ နေရင်လည်း နွေတစ်လလောက်ပဲမို့လား အမေရဲ့''

ပြုံးရိပ်ထင်သော အမေ့မျက်နှာတွင် စကားလုံးများစွာ မြင်ရသလို သူ ခံစားလိုက်ရသည်။ တစ်ချိန်တစ်ခါဆီက ဟောင်းနွမ်းကျန်ရစ်သော အတိတ် စာမျက်နှာကို အမေလည်း အမှတ်ရပါလိမ့်မည်။

ထိုအတိတ်စာမျက်နှာများတွင် သည်မြို့ကလေးဆီ ကျောင်းဆရာမ ဘဝနှင့် အမေ အပြောင်းအရွှေ့ရောက်သွားချိန် ပါဝင်၏။ ထိုခရီးသည် အခါ များစွာလို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် အထိပါပဲ သူ ထင်ခဲ့ဖူးတာ၊ စမ်းချောင်းက အဘွားအိမ်မှာ ဦးလေး၊ အဒေါ်နှင့်၊ ဝမ်းကွဲ မောင်နှမများနှင့် ငယ်ကတည်းက နေနေကျလို ကျန်နေရစ်ခဲ့တာလည်း ပါဝင်၏။

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားသည် ဖတဆိုး သူ့အပေါ် တွယ်တာလှ၍ နေရထိုင်ရတော့ အတော်လေး ချောင်သည်။ ဘယ်သူကမှ မဖိနှိပ်သာ။ ဝမ်းကွဲအစ်ကို၊ အစ်မတို့က ဆော့ရင်းကစားရင်း ရန်ဖြစ်၊ ခေါင်းခေါက်ဖို့နေနေသာသာ လက်နှင့်ရွယ်မိလျှင်ပင် ပြေးတိုင်နိုင်သည်အထိ အခွင့်ထူးခံတစ်ယောက် ဖြစ်ခဲ့သည်။ သို့သော် သူသည် အခြေအနေကို အလိုက်သင့် နားလည်သုံးသပ်ကာ အတော်နေတတ်ခဲ့သူတည်း။ အဘွားအသည်းကျော်ဘဝမှာလည်း ပျော်သလို တစ်မိုးအောက် မဖြစ်မနေ နေကြရသော အဆွေအမျိုးများနှင့်လည်း ပြဿနာရယ်လို့ ကြီးကြီးမားမား မဖြစ်အောင် သတိထားသည်။ အလိုက်သင့် မောင်စော။

သူ့ဘဝ အမှောင်ခြမ်း စတင်သည်ဟု သူ့ဘာသာ မှတ်ယူသည်မှာ အမေ နောက်အိမ်ထောင်ပြုစဉ် ဖြစ်သည်။ သိတတ်စအရွယ်ကတည်းက အတူနေရချိန် တိုတောင်းခဲ့သော်လည်း အမေ့အပေါ် နှောင်သော စိတ်ကြိုးအစုံမှာ အင်မတန် တင်း၏။ အမေ့ရင်ခွင်သည် သူတစ်ယောက်သာ ပိုင်သောအရပ်ဟု ထင်မှတ်ခဲ့ရာက သူစိမ်းတစ်ဦး အမှတ်မထင် ပေါ်ပေါက်လာသော ကာလသည် သူ့အတွက် အမှောင်တွင်းဆုံးကျချိန်။ အသက်ကလေးကလည်း ဆယ့်ငါး၊ ဆယ့်ခြောက် သွေးကလေး ကြွချိန်မို့ ကံဆိုးလှချည့် ခေါင်းစဉ်တပ်ကာ အမေ မပြောသာ၊ အဘွား လက်မြှောက်ရသည်အထိလည်း တစ်ခဏ လေလွင့်ခဲ့သေးသည်။ နောက်တော့လည်း လေတွင် ဝဲသောစွန် ကြိုးစကုန်တော့ တင်းခနဲ ရပ်သလိုပေါ့။ ဘာက တန့်သည် မသိဘဲ အရှိန်ကုန်တော့ အသားတကျ ရှိခဲ့ပြန်သည်။

ရန်ကုန်မှာ အမေတို့ မင်္ဂလာဆွမ်းကျွေးတော့ သူ့မျက်နှာ မသာယာသည်ကလွဲ၍ အနှောင့်အယှက် မပြုတော့ပြီ။ ဘယ်သူက ဘယ်လိုသင်သင် အဖေ ခေါ်မရ။ 'ဦးကျော်'ဟု အများခေါ်သလို လိုက်ခေါ်သည်။ သီပေါမှာ အခြေကျသော အမေ့နောက် လိုက်ရန်တော့ စိတ်မကူး။ အဘွား မဆုံးပါးခင်အထိ ရန်ကုန်မှာ နေမြဲ နေရစ်ခဲ့သည်။ သူ့ဇာတိဟာ ရန်ကုန်ပဲ။ သူ့အိမ်ဟာ ရန်ကုန်ပဲ။ ဘယ်မြို့မှာမှ အိမ်လို မနေချင်၊ မနေဘူး တွေးခဲ့သည်။ သီပေါကိုလည်း နွေရာသီလောက်သာ ရောက်လာဖြစ်ခဲ့သည်။

ကာယကံရှင်အကြိုက် တစိုးတစိမျှ မလိုက်၊ သူ့သဘော သူ ဆောင်လေသော ကံကြမ္မာကို မေ့လျော့ခဲ့ရာ ကာလများ။

mgyoe.com

mgyoe.com SAMPLE BOOK


ခုတော့လည်း အတိတ်မှာ မှုန်ဝါးစပြုပြီ။ အချို့ အချို့သော အရိပ်ပုံများ ဆေးသားထင်းထင်း ကျန်ရစ်သည်မှအပ အများစုမှာ အသက်အရွယ်က စကားပြောသလို အပိုင်းလိုက် အကွက်လိုက် မေ့ကျန်ရစ်ခဲ့ပြီ။

ပြီးပြီးပျောက်ပျောက် ချန်မထားနိုင်ခဲ့သော အရိပ်များမှာတော့ အမေ လက်ထပ်၍ တော်စပ်ခဲ့ရသည့် ပထွေး၏ အုပ်မိုးဝေမျှခဲ့သော မေတ္တာ၊ အမေ့လို လှပ၍ မွေးကတည်းက ချစ်မွေးပါသော ညီမငယ်တို့ ပါလေသည်။

သည်ကနေ့ အမေ ပြန်ခါနီးကပဲ ညီမငယ်က ကပ်မေးလိုက်ပါသေးသတဲ့။ 'အစ်ကိုက ဘာလို့ လိုက်မလာရသလဲ၊ ကလေး လာမတွေ့သေးဘူးလား' တဲ့။ အမေ ရိုက်ယူလာသော ဖုန်းဓာတ်ပုံမှာတော့ ဘယ်သူနှင့်ဆင်မှန်း မရေရာသေးသော တူမငယ် နုထွေးထွေးကို တွေ့လျှင် ညီမလေးကို စတွေ့ဖူးစဉ်ကလို ရင်မှာ နွေးခနဲ လှပ်ခနဲ ဖြစ်ရသည်။

"နှစ် နှစ်ဆယ်လောက်ဆိုတော့ ဟုတ်တာပေါ့၊ မင်းမှ ဒီမှာ အမြဲ မရှိတာ"

"ကျွန်တော်လည်း ပြောလိုက်တယ်၊ မင်း ပြောတဲ့ဆရာမဆိုတာ ကိုယ့်အမေလို့၊ ဟာ…ဆရာမနဲ့ တွေ့ချင်လိုက်တာ အစ်ကို၊ အခု ရှိသလားတဲ့၊ မရှိဘူး၊ လားရှိုးသွားတယ် ပြောပြလိုက်ရတယ်၊ လာချင်သပဆိုရင်တော့ သန်ဘက်ခါ မနက်လောက်မှ လာလို့၊ မနက်ဖြန်ပေါ့၊ မနက်ဖြန် လာရင် လာလိမ့်မယ်၊ အထူးအထွေကိစ္စ ပါသေးသလားဆိုတော့ မပါဘူးတဲ့၊ သီပေါကို ပြန်ရောက်တုန်း ငယ်တုန်းက သွားလာခဲ့တဲ့နေရာတွေ လိုက်ကြည့်ရုံ သက်သက်ပဲတဲ့၊ အဓိက လာချင်တာ နှစ်နေရာ ရှိတယ်တဲ့၊ တစ်နေရာက ဒီဆိုင်တဲ့"

"ဆိုင်ကို အလွမ်းပြေတွေဘာတွေ လာကြည့်တဲ့သူလည်း ရှိတုန်းပဲကိုး၊ အင်း…ဒီကလေး ပြောတဲ့ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်ဆိုတာကိုများ အမေတောင် ပြန်လွမ်းသေးတယ်၊ အခုနဲ့များ အကွာကြီးကွာ၊ ကွာချင်တိုင်းကွာ"

အမေသည် အဆုံးသတ်စကားကို သက်ပြင်းနှင့် နှော၍လျက် ညည်းညူဟန် ဆိုကာ ထိုင်ရာမှ ထရပ်သည်။ အမေ့ကိုယ်မှာ လွှားထားသော စိမ်းပြာရောင် ခြုံပဝါပေါ်က နှင်းဆီပွင့်နွယ်များ မီးရောင်အောက်မှာ ဆတ်ခနဲ လှုပ်သွားသည်။ သည့်ထက် ငယ်ရွယ်တုန်းက ဟောဒီ ထိုင်ခုံကနေ ဆတ်ခနဲ ထရပ်၊ ဖျတ်ခနဲ ဂဝင်ထိုင်တတ်သော အမေ့လှုပ်ရှားဟန်မှာ ခုတော့ ဖြည်းဖြည်းဆဆ။ ညင်သာသော ခြေလှမ်းများနှင့် အိမ်ရှေ့ခန်း စာအုပ်ဆိုင်မှ ဧည့်ခန်းဆီသို့ ကူးလူးပုံကို မမြင်ဖူးသည့်နှယ် သူ တစ်ခဏ ငေးမိသည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


"အဲဒီ ကလေး နာမည်ရော ပြောမသွားဘူးလား မောင်စောရယ်"

ထိုင်နေကျ ပက်လက်ကုလားထိုင်လေးမှာ အိခနဲ ထိုင်ချရင်း၊ တီဗွီ အဝေးထိန်းခလုတ်ကို ခပ်ဆဆ လှမ်းဖွင့်လိုက်ရင်း အမေ မေး၏။ ထိုင်ခုံက အောက်ခံဖျင်စပေါင်း အိကျသွားပုံကို ကြည့်ကာ ဖျင့်စလဲရင်လဲ၊ မဟုတ်ရင် ခုံအသစ်ဝယ်ဦးမှ တွေးနေတာကြောင့် အမေ့စကားသံကို ရုတ်တရက် မကြား။ အမေ ထပ်ပြောတော့မှပင် 'ဩော်…နာမည်လား' ဟု ဆိုမိသည်။

"ပြောမသွားဘူး အမေ"

"အင်းလေ သူ ပြောသလို မနက်ဖြန် ပြန်လာတော့ သိမှာပဲဟာ"

လမ်းကြုံမဟုတ်ပါဘဲ သူ့တို့စာအုပ်ဆိုင်ကလေးဆီ ရှာရှာဖွေဖွေ ဆိုက်မြိုက်ရောက်လာသည့် ဒုတိယလူစိမ်း၏ မျက်နှာကို သူ တစ်ဖန်မြင်ယောင်လာသည်။ ဆိုင်ကို ဝေ့ဝဲကြည့်ခိုက် နင့်သီးနက်ရှိုင်းသော ခံစားမှုတစ်စုံတစ်ရာ ခိုကပ်သည့် မျက်ဝန်းများ။ ဘာလို့များပါလိမ့်။ ငယ်ဘဝ ခြေရာဟောင်းများ ကျန်ရစ်ခဲ့သည့် စာအုပ်ဆိုင်တစ်ဆိုင်ကို လွမ်း၍ ငေးပုံသက်သက်နှင့်တော့ မတူလှ။ သူ ပြောသလို အလွမ်းပြေ ဆိုတာထက် ပိုကောင်း ပိုလိမ့်မည်။

တံတွေး ဗျစ်ခနဲ ထွေးချင်စိတ် ပေါ်လာ၍ မီးဖိုခန်းနှင့် ကပ်လျက် ရေချိုးခန်းဆီ လျှောက်လာသည်။ မီးခလုတ် မဖွင့်၊ ရေချိုးခန်းထဲ ခြေမချဘဲ ရေမြောင်းပေါက်လေးရှိရာ မှန်းကာ တံတွေးထွေးချသည်။

သူ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာတော့ အမေသည် ကိုရီးယားမလေး နှစ်ဦး၏ အပြန်အလှန် စကားပြောခန်းမှာ အောက်ခြေက စာတန်းများကို လိုက်လံဖတ်လျက် မျောပါခံစားလျက်ရှိပြီ။ ငိုသံနှောသော စကားသံများ၊ ပူဆွေးပန်းလျ မျက်နှာမူရာများ။

အပေါ်စီးက မြင်ရသည့် ဆံပင်ဖြူ ခပ်များများ အမေ့ဦးခေါင်းကို ငုံ့ကြည့်ကာ သူ ပြုံးမိသည်။ မနှစ်က အတူတကွ ပြန်နေစကတော့ ဇာတ်လမ်းတွဲ များအား အမေ စောင့်ကြည့်တတ်ပုံကို နားမလည်။ အပြစ်ပင် ပြောမိသေး။

သူသည် အသစ်အသစ်သောအနုပညာရေစီးကြောင်းများနှင့် အသား တကျ မရှိတတ်၍မဟုတ်။ တစ်စုံတစ်ရာကို စွဲလမ်းစောင့်မျှော်နေရမှာ မကြိုက် လှသော စိတ်နှင့် အခန်းဆက်ဝတ္ထု မဖတ်၊ ဇာတ်လမ်းတွဲ မကြည့်။ ဖတ်ချင်း ဖတ်လျှင် ဝတ္ထုရှည်တစ်အုပ်လုံး စဆုံး ဖတ်ပစ်လိုက်သည်။ နှစ်နာရီ နီးပါးမျှ အချိန်ပေးရုံနှင့် တိခနဲ ဖြတ်နိုင်သောရုပ်ရှင်များ ကြည့်လိုက်သည်။ တစ်ယောက်

m g y o e . c o m

mgyoe.com  SAMPLE BOOK 

တည်း လုပ်နေရုံနှင့်မပြီး၊ ဘေးလူ လုပ်သမျှ ကိုင်သမျှကိုပါ အမြင်မတူလျှင် ဆွဲညှိလိုက်ချင်သော ဝါသနာနှင့် အမေ့ကိုပါ ပြောမိသည်။ အမေကား မရပ်။ တဖြည်းဖြည်းနှင့် အနေကြာတော့မှပင် အမေ့သဘောကို စောကြောမိသည်။ တစ်စုံတစ်ခုသော အကြောင်းတရားအပေါ် စွဲလမ်းမျှော်လင့်စိတ်သည်လည်း ရှင်သန်ရာဘဝအပေါ် နေပျော်ကျေနပ်ခြင်း မည်ကြောင်း တွေးတတ်လာသည်။

ခုတော့ အမေ့ကိုမှမဟုတ်၊ ဘယ်သူ့ဘယ်သူ၏ မူပိုင် ရှင်သန်နေထိုင်မှုကိုမှ အပြစ်မဆိုမိတော့။ နေပျော်သလိုသာ နေကြပါစေ။ မပျော်မှတော့ အသက်ရှင်လည်း ဘာလုပ်မလဲ။

မတ်မတ်ရပ်လျက်ကပင် ဖန်သားပြင်၏ အောက်ခြေမှာ ပေါ်သော စာတန်းကို သူ လိုက်ဖတ်နေသည်။ မျက်နှာအမူအရာ ပြကွက်တို့ကို လိုက်ကြည့်နေသည်။ စိတ်မှတ်မဲ့ အပျင်းပြေ။

ပြကွက်တစ်ကွက် ပြောင်းလျှင် မြင်ရသည်မှာ ရထားနှင့် ဘူတာရုံ၏ မြင်ကွင်း ဖြစ်သည်။ ခရီးသွားတို့၏ တလှုပ်လှုပ်ရှိပုံ၊ ရထားဥသြသံ။ သူ မျက်မှောင်ကြုတ်လိုက်သည်။ မနက်ခင်းက သူစိမ်းကောင်လေးသည် အလွမ်းပြေ အသွားချင်ဆုံး ဒုတိယနေရာ သူ့ကို ပြောခဲ့သေးသည်။ သူ့နှုတ်တွင် ထိုစကားလုံးတို့ ရစ်သီအိုင်ဖွဲ့လျက် ရှိလာပြီ။ အမေ့အာရုံကို အနှောင့်အယှက် ပြုရာများ ကျလေမလား။

ပြောတော့ ပြောရမည်၊ အနည်းဆုံးတော့ မနက်ဖြန် ညေ့သည် ရောက်မလာမီ ဘယ်သူ့ဘယ်ဝါဆိုတာ အမေ ကြိုတင် ဆက်စပ်တွေးယူနိုင်တာပေါ့။

"ကောင်လေး ပြောသွားတာ တစ်ခု ရှိသေးတယ် အမေ"

အမေသည် သူ့ကို လှည့်မကြည့်ဘဲ 'ဘာတဲ့လဲ' ဟု ဆိုလိုက်၏။

"ဟိုကောင်လေး သိပေါ ပြန်ရောက်တုန်း အလွမ်းပြေ[illegible]သွားချင်ဆုံးနေရာ နှစ်နေရာ ရှိတယ်လို့ ကျွန်တော် ပြောတယ် မဟုတ်လား၊ တစ်ခုက ကျွန်တော်တို့ စာအုပ်ဆိုင်၊ နောက်တစ်ခုက အဲဒီ ဘော်ကြိုဘူတာရုံတဲ့"

'အင်း' ဟု အမေ စကားထောက်၏။ မျက်လုံးအကြည့်မှာ ဖန်သားပြင်နှင့် မကင်းကွာသေး။ အမေ့အာရုံ စိမ့်မျောလျက်ရှိသည့် ဇာတ်လမ်းတွင် လူငယ် စုံတွဲတစ်တွဲသည် ဘူတာစင်္ကြံမှာ ရပ်တန့်ကာ စကားဆိုလျက်ရှိကြသည်။ နောက်ခံတီးလုံးမှာ ကြည်နူးဖွယ် တငြိမ့်ငြိမ့်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကောင်မလေးတစ်ယောက် ခေါ်လာပေးလို့ ကျွန်တော်တို့ စာအုပ်ဆိုင်ကို သူ စရောက်ဖူးတာတဲ့၊ ကောင်လေးကို ကျွန်တော် မမှတ်မိပေမဲ့ ကျွန်တော့် တလွဲမှတ်ဉာဏ်က ကောင်မလေးအကြောင်း ပြောတော့ မျက်စိထဲ တန်းမြင်တယ်၊ ဟိုကောင်မလေးပေါ့၊ ဘော်ကြိုကနေ စာအုပ် လာလာ ငှားတာ၊ ဘော်ကြိုဘူတာ ရုံပိုင်ယောင်းရဲ့မြေးဆိုတာလေ၊ သူ့နာမည် နွေ ဘာဆိုလား၊ အမေ ချစ်တဲ့ ကောင်မလေး"

အမေ့နှုတ်မှ အာမေဍိတ်သံ ခပ်သဲ့သဲ့ သူ ကြားလိုက်ရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မြတ်မော် ပုံရိပ်(၁)

မမနွေ့ရဲ့ ၊ ကျွန်တော်ရဲ့ 'ကံ့ကော်ရိပ်' ကို ပထမဆုံး အတူလာကြတဲ့နေ့က ဘော်ကြိုကနေ သီပေါကို လာတဲ့လမ်းတစ်လျှောက်မှာ နေကြာရိုင်းတွေ ထိန်နေအောင် ပွင့်နေကြတယ်။ လမ်းဘေးမြက်ခင်းစပ်တွေမှာရော၊ လှမ်းကြည့်လိုက်ရင် မြင်နေရတဲ့ လယ်ယာခင်းတွေ၊ တောင်တန်းလွှာတွေမှာရော နေကြာပွင့်ဝါဝါတွေ လွှမ်းလို့၊ အစိမ်း၊ အဝါ အလှချင်း ပြိုင်နေပုံဟာ နောင်နှစ်များစွာ ကြာတဲ့အထိ ကျွန်တော့်အာရုံမှာ စွဲခဲ့ရတယ့်။

တစ်ခါတုန်းကတောင် အိပ်မက်မှာ ကျွန်တော်ဟာ အဲဒီနေကြာရိုင်းပင်တွေကြားထဲ ရောက်လို့။ မမနွေ့က အတော်ဝေးဝေး ခပ်လှမ်းလှမ်းမှာ ကျွန်တော့်ကို ကျောခိုင်းလို့။ မတွေ့ရတာ နှစ်ပေါင်း ၂၀ နီးပါး ကြာခဲ့ပြီဆိုပေမယ့် အိပ်မက်ထဲမှာတော့ မမနွေ့ဟာ ကျွန်တော်တို့ တွေ့ခဲ့ကြတဲ့အချိန်တုန်းကလို ဆယ်ကျော်သက်ရွယ်ပဲ။ နေကြာရိုင်းတစ်ပွင့်ကို ခပ်ဆဆ ကိုင်ရင်းကနေ နောက်တော့ တောင်တန်းလွှာတွေဘက် လှမ်းကြည့်နေတယ်။

မမနွေ့ဟာ အဖြူရောင် ဂါဝန်ရှည်နဲ့။ လေပြည်တိုးတော့ နေကြာရိုင်းတွေ တရှဲရှဲ မြည်သံပေးလို့ ယိမ်းလှုပ်နေပုံ၊ မမနွေ့ရဲ့ ဂါဝန်အနားစလေးနဲ့နေပုံကို ကျွန်တော် ငေးနေတယ်။ ကျွန်တော့်နှုတ်ကနေ 'မမနွေ့' လို့ အသံတိုးတိုး ခေါ်မိတယ်။ မမနွေ့ မကြားဘူး။ ကျွန်တော် ခြေလှမ်း သုံး၊ လေးလှမ်းလောက် လှမ်းတယ်၊ ထပ်ခေါ်တယ်။ ဒီတစ်ခါတော့ မမနွေ့ ကြားပါတယ်။

mgyoe.com

m.gyoe.com SAMPLE BOOK


လှည့်ကြည့်လိုက်တဲ့ မျက်နှာဝင်းပပဟာ ကျွန်တော့်ရင်ကို လှပ်ခနဲ နွေးစေတယ်။ နှစ်ပေါင်းများစွာ ကြာပေမယ့် မပြောင်းလဲတဲ့ ခံစားမှုတစ်မျိုးဟာ ကျွန်တော့်ဘယ်ဘက်ရင်အုံကို လက်သည်းချွန်နဲ့ ခပ်ဖွဖွ ခြစ်နေသလိုပဲ။ အဲဒီ ဝင်းပပမျက်နှာထက်က မျက်လုံးရီမှိုင်းမှိုင်းလေးတွေကို မမြင်ရတာ ဘယ်လောက် ကြာခဲ့ပြီလဲ။ မျက်လုံးက မပြုံး၊ နှုတ်ခမ်းကသာ များသောအားဖြင့် ပြုံးတတ်ပေမယ့် အဲဒီအပြုံးနွမ်းလျကိုပဲ လွမ်းဆွတ်ခဲ့ရတာ ရာသီ ဘယ်လောက် ရှိခဲ့ပြီလဲ။ ချစ်ရသူကို ချစ်ကြောင်း ပြောခွင့်မသာခဲ့ဘဲ ကျွန်တော်ဟာ ရင်ဘတ် ဟာင်းလောင်းနဲ့ နှစ်များစွာ အသက်ရှင်ခဲ့ရတယ်။

'မမနွေ' လို့ တစ်ခွန်း ထပ်ခေါ်ရင်း ကျွန်တော် တိုးမိတယ်။ မမနွေ ပြုံးလိုက်သလား။ နှုတ်ခမ်းလေး လှုပ်လို့ ကျွန်တော့်ကို တစ်ခုခု ပြောလိုက် သလား။ ဘာမှမရေရာခင်မှာပဲ အိပ်မက်ဟာ အဲဒီနေရာမှာတင် အဆုံးသတ်တယ်။

အိပ်မက်က နိုးတာနဲ့ ကျွန်တော့်မှာ အဆုံးမရှိစတမ်း တသီတတန်း ဆက်တွေးမိတော့တာပဲ။ ကျွန်တော် တွေးမိတဲ့ မြင်လွှာရိပ်ပုံမှာ နေကြာရိုင်းတွေ ဟိုဘက်ဒီဘက် ရံထားတဲ့ လမ်းကလေး ပါမယ်။ ကားရှင်းပြီဆိုတာနဲ့ တစ်စီး နဲ့တစ်စီး အပြိုင်နင်းနေတဲ့ စက်ဘီးလေးနှစ်စီး ပါမယ်။ အသက် ၁၅ နှစ်အရွယ် ကောင်မလေးတစ်ယောက်နဲ့ အသက် ၁၂ နှစ်အရွယ် ကောင်လေးတစ်ယောက် ပါမယ်။ မမနွေရယ်၊ ကျွန်တော်ရယ်။

စိတ်ဆိုတဲ့ မြင်တွေ့ ထိမရ ဖမ်းဆုပ်မရတဲ့ အလျဉ်ဟာ ဘယ်လောက် များ ရွေ့လိုက်သလဲဆို့ အဲဒီတုန်းက လမ်းနံဘေး တောတောင်တွေဆီက၊ လယ်ကွင်းတွေဆီက အနံ့အသက်တွေကိုတောင် ပြန်ရလာသလိုပဲ။ တောမှာ သာ ရတတ်တဲ့ လတ်ဆတ်မွှေးမြတဲ့ရနံ့တစ်မျိုးဆိုပါတော့။ လေပြည်မှာ အဲဒီရနံ့ဟာ စီးမျောလို့။ ကျွန်တော့်ပါးပြင်ဟာ လေပြည်အထိနဲ့ အေးမြနေတယ်။ ကျွန်တော့်စိတ် ဆိုတာလည်း နဂိုကတည်းက ကြည်နေတော့ စက်ဘီး အပြိုင် နင်းရတဲ့ အပျော်ပါ ထပ်ပေါင်းလိုက်တဲ့အခါ စိတ်လက်ရွှင်ပျ ရယ်မောမိတယ်။

အဲဒီနေ့ကတော့ ကျွန်တော် ပျော်နေတာကြောင့်များလား မဝေခွဲတတ် ပေမဲ့ မမနွေရဲ့ အပြုံးဟာ ကြည်ကြည်ကလေးဆိုတာတော့ မှတ်မိနေတယ်။ မျက်လုံးလေးတွေ ထူးပြီး မတောက်ပလှပေမဲ့ ဒီလို ပြုံးပုံလေး တွေ့ရခဲ့တော့ ကျွန်တော် ပိုပျော်လာတယ်။ မေမေ ဖွင့်နေကျ ရေဒီယိုသီချင်းတစ်ပုဒ် အလိုက် တောင် လေချွန်မိသေးတယ်။ အဲဒီတုန်းကတော့ မမနွေရဲ့ ပျော်ရွှင်မှုဟာ

m.gyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်ပျော်ရွှင်မှုအဖြစ် တိုက်ရိုက်အချိုးကျနေပြီလားဆိုတာမျိုး ကျွန်တော် မတွေးတတ်သေးဘူး။ သိလည်း မသိတတ်သေးဘူး။

နေ့ခင်းနေဟာ ဆောင်းနေခြည်မို့ မစူးရဲလှဘူး။ မမနွေ့ရဲ့ အင်္ကျီ ပန်းနုရောင်လေးပေါ် နေခြည်ဖျော့ဖျော့လေး ဖြာတော့ ပန်းရောင်ဟာ ပိုလို့ ဖျော့တော့နေသလိုပဲ။ လုံချည်လေးကတော့ ဘီဘဲလ် နက်ပြာရောင်။ မမနွေ့က အနက် ဝတ်လေ့ဝတ်ထ မရှိဘူး။ ဆံပင်တွေကတော့ ကျောလယ်မကျ ရှည်လျားနေပြီ။

အဲဒီ ဆံပင်တွေကို ကျစ်ဆံမြီး နှစ်ဖက် ခွဲကျစ်ထားတဲ့ မမနွေ့ဟာ ခေါင်းပေါ်မှာတော့ နေကာဖို့ရာ ဝါးခမောက်လေး ဆောင်းထားပါရော။ ခမောက်အရိပ်ဟာ နှာခေါင်းထိပ်နားလေးအထိ ကွက်ပြီး ကာလို့ နေတယ်။ မမနွေ့ရဲ့ မျက်နှာအသားပြင်ဟာ နှစ်ရောင်စပ်ပေါ့။ မျက်လုံးမှိုင်းမှိုင်းလေး တွေဟာ အရိပ်ထဲကျနေတော့ ပိုလို့ မှိုင်းတယ် ထင်ရတယ်။ နှုတ်ခမ်းပေါ် အပြုံးလေး ထင်ပြန်ရင်တော့ အဲဒီမျက်လုံးလေးတွေဟာ အမှိုင်းဖျော့ပြန်ရော။ နည်းနည်းတော့ ကြည်လာပြန်ရော။

"ပျော်တယ်ပေါ့လေ"

ကျွန်တော် နှုတ်က မဖြေဘူး။ လေချွန်လက်စနဲ့ ခေါင်း ဆတ်ခနဲ ညိတ်မိတယ်။

"နောက်နှစ်လောက်ဆို ဒီလမ်းပေါ် မင်းတစ်ယောက်တည်း သွား နိုင်လောက်ပြီ၊ ဒီနှစ်ပဲ စာအုပ်ငှားချင်ရင် မမနဲ့ အတူသွားဦးပေါ့"

ကျွန်တော် လေချွန်တာကို တိခနဲ ရပ်လိုက်တယ်။

"နောက်နှစ်လည်း အတူသွားမှာပဲ"

'အလို' လို့ မမနွေ့က ရေရွတ်လိုက်တယ်။

"တကယ်ပြောတာ၊ နှစ်တိုင်း အတူသွားမှာ"

အဲဒီတုန်းကတော့ ကျွန်တော့်အတွေးဟာ အင်မတန် ရိုးစင်းလှတယ် ဆိုတာ ဘယ်နားလည်တတ်ပါဦးမလဲ။ ဆန္ဒမှန်သမျှ ပြည့်တယ်ရယ် ယူဆတတ် တဲ့ ငယ်ဘဝအရွယ်ကိုး။ ကြယ်တွေကြည့်ပြီး ဆုတောင်းရင် ပြည့်တယ်ဆိုတဲ့ ယုံကြည်မှုကို ပိုက်ထွေးထားတဲ့ ကောင်ကလေးဘဝက လွန်မြောက်စကိုး။ ကျွန်တော် တွေးတဲ့ အနာဂတ်ဟာ ခပ်ရိုးရိုးပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


နှစ်ဘယ်လောက် ကြာသည်ဖြစ်စေ မမနွေဟာ အခုလိုပဲ ကျွန်တော်နဲ့ ဘေးချင်းယှဉ်လျက် ရှိနေလိမ့်မယ်၊ ကျွန်တော်တို့ အမြဲပျော်နိုင်ကြမယ်ပေါ့။

နှစ်တချို့ ကြာတဲ့အခါကျတော့မှသာ ကျွန်တော် အဲဒီလို ပြောလိုက်တုန်းက မမနွေ အပြုံးနဲ့ပဲ တုံ့ပြန်ခဲ့တာ သတိပြုမိတော့တယ်။

***

တကယ့် တကယ်တော့ နေကြာရိုင်းတွေ သူ့ထက်ငါ အပြိုင်အဆိုင် ရွှေဝါရေး လှသွေးကြွယ်တဲ့ ဆောင်းဦးပေါက်ချိန်မျိုးမှာမှ နေရာဟောင်းဆီကို ကျွန်တော် ခရီးနှင်လာသင့်တာပဲ။

မိုးအကုန် ဆောင်းအကူးဆိုရင် တစ်မိုးတွင်းလုံး ပွင့်ဖူးဖို့ အသင့်စောင့်စားနေပုံရတဲ့နေကြာရိုင်းပင်တွေဟာ ရှမ်းရိုးမတောင်တစ်ကြောရဲ့သင်္ကေတဖြစ်တဲ့ ပန်းပွင့်ဝါဝါတွေကို ကိုယ်ထင်ပြပြီ။ တောင်ရိုးတောင်ကြောတွေမှာ၊ မြေနီလမ်းနံဘေး၊ ကတ္တရာလမ်းနံဘေးတစ်လျှောက်မှာ၊ တောင်ယာတွေမှာ နေကြာရိုင်းဝါဝါတို့ရဲ့ ညို့ငင်တဲ့ အဆင်အသွေးက လွှမ်းမိုးပြီ။ ယယ်အိပ်မက်ရဲ့ တစ်ကန့်တစ်နေရာမှာ ရှိစမြဲ နေကြာပွင့်တွေ မြင်ရမယ် ဆိုတော့မှသာ မြို့ကလေးဆီ ကျွန်တော် ပြန်ရောက်လာသင့်ပေမယ့် တကယ်တမ်းကျတော့ အခါရယ် ဘာရယ် ရွေးနိုင်ခဲ့တာ မဟုတ်ဘူး။ ဒီအချိန် ဒီရက်အတွင်း ကျွန်တော် မြို့ကလေးဆီ ရောက်မှ ဖြစ်မှာကိုး၊ နှစ်များစွာ ကွဲကွာနေပြီး မကြာသေးခင်ကမှ အဆက်အသွယ် ပြန်ရလေတဲ့ ငယ်သူငယ်ချင်းဟာ သူ့ဘဝရဲ့ လှပတဲ့ တစ်ဆစ်အချိုးမှာ ကျွန်တော့်ကို ပါဝင်စေချင်တာကိုး။

ကျွန်တော်ဟာ အခါခါ တွေးဖူးတာနဲ့ ဆန့်ကျင်ဘက် ဆိုရလောက်အောင် မိုးဖွဲဖွဲမှုန်မှုန် စကျတဲ့ အခါရာသီမှာ မောမြေဆီ ပြန်ရောက်လာခဲ့တယ်။ အလွမ်းပြေနေရာတွေ၊ ခြေရာတွေ ပြန်ကြည့်နိုင်မယ့် နေရာဆီ ပြန်ရောက်လာခဲ့တယ်။

မမနွေရဲ့ အရိပ်ဟောင်းတွေ တွယ်ခိုနေမြဲ ကုံကော်ရိပ်ကို ရောက်ရပြီးတဲ့နောက် ကျွန်တော့်စိတ်ဟာ နောက်ထပ် လွမ်းစရာ တစ်နေရာလို့ ဆိုရမယ့် ဘော်ကြိုဘူတာလေးဆီ ပြေးနှင့်တယ်။ မိုးရနံ့ သင်းဝေနေတဲ့ ဘူတာကလေးကို စိတ်ကူးနဲ့ပဲ ငေးတယ်၊ ရှာလိုသူကို စိတ်ကူးနဲ့ပဲ ရှာမိတယ်။ လူကိုယ်တိုင်ကျတော့ အခုမှပဲ တွေ့တွေ့ဆိုင်ဆိုင် ရောက်လာခဲ့တော့တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော် မမနွေ့ကို စတွေ့တော့ ဒီဘော်ကြိုဘူတာမှာပါပဲ။

အဲဒီတုန်းက ဘော်ကြိုဘူတာက ဘယ်လိုပုံစံတုံးဆိုရင် အခုပုံစံလေးပဲ။ ဒီလို မိုးရာသီဆိုရင် မြက်ပင်၊ ချုံပင်တွေ စိမ်းလန်းနေမယ်။ ဟောဟို မျက်နှာချင်းဆိုင်က ကုန်းတန်းလေးမှာ ခရမ်းရောင်တောပန်းတွေ လူတွေစိုက်ပျိုးထားတဲ့ တကယ့်ပန်းခင်းတစ်ခင်းလို ရှိနေမယ်။ ကျွန်တော်တို့ ငယ်တုန်းက လုံချည်တွေ၊ ဘောင်းဘီရှည်တွေမှာ တွယ်ကပ်ပါလာတတ်လို့ စိတ်ရှည်လက်ရှည် ထိုင်ခွာရတဲ့ မြက်သီးတွေ ရှိတဲ့ မြက်ပင်တစ်မျိုး သံလမ်းအစပ်နားက မြက်တောထဲမှာ စပါးခင်းလို ထိုးထိုးထောင်ထောင် ပေါက်နေမယ်။ မြက်ပင်စိမ်းတွေကြားမှာ စိန်ပန်းပွင့်ကြွေ နီရဲရဲတွေကိုတောင် တွေ့ရလိမ့်မယ်။

နီညိုရောင်ရယ်၊ ဝါညိုညိုအရောင်ရယ် ရောထားတဲ့၊ ရေးအငွေ့အသက် ရတတ်တဲ့ ဘူတာရုံလေးဟာ စိန်ပန်းပင်ကြီးတစ်ပင်ရဲ့ ဘေးမှာ ကပ်လျက် ရှိနေတာကိုး။ အင်း…စိန်ပန်းပင်က တစ်ပင်တောင် မဟုတ်၊ နှစ်ပင်၊ နှစ်ပင်တိတိ။ လမ်းမတန်းကနေ ဘူတာကို ဖွဲ့ဆင်းလာတဲ့ လူသွားလမ်းလေး အဆုံး မြောင်းကလေးဘေးမှာ တစ်ပင်၊ ဘူတာဘေးမှာ တစ်ပင်။ နွေဆို နီစွေးနေအောင် ပွင့်ဝေမယ်၊ မိုးဦးမှာ မိုးစက်ပေါက်တွေနဲ့အတူ တဖြုတ်ဖြုတ် ကြွေမယ်။ ဝေတုန်းက တစ်ပင်လုံး ရဲနေအောင် လှခဲ့သလို ကြွေပြန်တော့လည်း မြက်ခင်းစိမ်းတွေပေါ်မှာ အနီရောင်စွက်လို့ ပန်းချီတစ်ချပ်လို လှပြန်တာပဲ။

အဲဒီနှစ်က စိန်ပန်းပင်ပေါ်မှာ အနီရောင်ပန်းပွင့်တွေ ဝေနေတုန်း ကျွန်တော်တို့ ဘော်ကြိုကို စရောက်လာခဲ့တာ။ ကျွန်တော်တို့ဆိုတာ ကျွန်တော်ရယ်၊ မေမေရယ်။

ဘော်ကြိုကျောင်းကို အလယ်တန်းပြတာဝန်နဲ့ မေမေပြောင်းလာတော့ မေမေ့သား ကျွန်တော်လည်း လိုက်မြဲလို လိုက်လာရတယ်။ အမှန်က မလိုက်လည်း ဖြစ်တာပဲ။ ရန်ကုန်မှာ ကြီးကြီးနဲ့အတူနေခဲ့လည်း ဖြစ်တာပဲ။ ကြီးကြီးဟာ သားသမီး မရှိသူ၊ တစ်ကိုယ်တည်း နေသူမို့ ရန်ကုန်အိမ်မှာသာ နေရစ်ခဲ့ရင် သားရင်းချာလို နွေးထွေးစောင့်ရှောက်မှာပဲဆိုတာ မေမေ သိတယ်။ ဒါပေမဲ့ ခင်ပွန်း မရှိတော့ကတည်းက ဒီသားကို ရဲဘော်ရဲဘက်လိုပါ အားထားချစ်ခင်တတ်တဲ့ မေမေက မထားရစ်ခဲ့ပါဘူး။ သိတတ်စကတည်းက မေမေ ပြောင်း

mgyoe.com

mgyoe.com SAMPLE BOOK


လေရာ လိုက်ရတာ၊ မြို့အသစ်၊ ရွာအသစ်မှာ အတန်းသစ် ပြောင်းတက်ရတာ ဟာ ကျွန်တော့်ရိုးရာ။

အဲဒီနှစ်က ဘော်ကြိုရောက်တော့ ငါးတန်းမတက်ရခင် နွေရာသီ။

နွေရာသီဆိုပေမယ့် နွေနှောင်းပါ။ မကြာခင် မိုးဝင်တော့မယ့် စပ်ကူး မပ်ကူးကာလပါ။ မိုးရာသီကို ကြိုတဲ့ မိုးပေါက်တွေ တချို့နေ့တွေမှာ ပက်ဖျန်း လို့ စိမ်းမြလာတဲ့ ပတ်ဝန်းကျင်မှာ နွေရဲ့ အကြွင်းအကျန် အလှတွေကလည်း ရှိနေသေးတော့ ဘယ်နေရာပဲကြည့်ကြည့် လွမ်းစရာကောင်းတယ် ဆိုရမယ်။ နွေဆိုပေမယ့် သိပ်ပူပြင်းနေတာ မဟုတ်၊ နေရထိုင်ရ စိတ်အနှောင့်အယှက် မဖြစ်လောက်အောင် ပူနွေးလှပတဲ့ရာသီမှာ ကျွန်တော်တို့ ဘော်ကြို ရောက်လာ ခဲ့ကြတယ်။

မန္တလေးကနေ လာမယ်ဆိုရင် သီပေါမြို့ မဝင်မီ တည်ရှိတဲ့အရပ်၊ တစ်ချိန်တစ်ခါတုန်းက ပုဂံမင်းနေပြည်တော်ကနေ ဇာတိ မောမြေဆီ စောမွန်လှ ပြန်လာတဲ့ခရီးမှာ ဖခင်ဖြစ်သူ အကြိုထောက်တဲ့နေရာမို့ 'ပေါ့ကြို'လို့ ခေါ်ရာက 'ဘော်ကြို' တွင်လာတယ် ဆိုတဲ့အရပ်။ ပေါ့ဆိုတာ ရှမ်းဘာသာစကားနဲ့ ဖခင်ကို ဆိုလိုတာမို့ ဒီအရပ်ဟာ အဝေးတစ်မြေကနေ ရင်ထဲ့လို့ ပြန်လာတဲ့သမီး လေးကို ဖခင်က နွေးထွေးဆီးကြိုခဲ့တဲ့အရပ် ဆိုပါတော့လေ။

ရန်ကုန်ကနေ ရထားတစ်တန်၊ ကားတစ်တန်နဲ့ ရောက်လာတဲ့ မေမေနဲ့ ကျွန်တော်ဟာ ရွာက စီစဉ်ပေးတဲ့ အိမ်ကလေးမှာ နေကြရတယ်။ ကျောင်းဝင်း နဲ့ မလှမ်းမကမ်း၊ ဘော်ကြိုဘုရားကြီးနဲ့လည်း မဝေးလှသလို ကျောင်းဝင်း ကိုလည်း လမ်းလျှောက်သွားနိုင်တဲ့ နေရာလောက်မှာ ရှိတဲ့အိမ်၊ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ခြေတံတို အိမ်ကလေး။ အိပ်ခန်းတစ်ခန်း၊ အိမ်ရှေ့ခန်း တစ်ခန်းပါ၊ အနောက်ဘက်မှာ ကြမ်းပြင်နဲ့ တစ်ဆက်တည်းရှိနေတဲ့ မီးဖိုချောင်။

ရပ်ဝေးက ဆရာ၊ ဆရာမတွေ အစဉ်အဆက် နေသွားကြတယ်ဆိုတဲ့ အဲဒီအိမ်ဟောင်းကလေးမှာ ကျွန်တော် သဘောအကျဆုံးနေရာကတော့ အိမ်ရှေ့ ဝရန်တာပါပဲ။

သစ်သားလက်ရန်းလေးတွေနဲ့ သပ်သပ်ရပ်ရပ် ရှိလှတဲ့ ဝရန်တာလေး မှာ အိမ်ရှေ့ခန်းနဲ့ ခြားထားတဲ့ထရံကို ကျောမှီထိုင်၊ လက်ရန်းလေးတွေကြား ကနေ ကုန်ကား၊ လူစီးကား အသွားအလာ ရှိနေမြဲ ကားလမ်းမကို ငေးရတာ

mgyoe.com

mgyoe.com SAMPLE BOOK


အရသာတစ်မျိုးပဲ။ ဆယ်မိနစ်လောက်အတွင်း ,ကားဘယ်နှစီး ဖြတ်သလဲ ထိုင်ရေရတာ၊ ကားအကြီးနဲ့အသေး ဘယ်သင်းက ပိုသာသလဲ တွက်နေရတာ ကိုက ရောက်ရောက်ချင်းမို့ ကစားဖော်လည်း မရှိ၊ ဘာလုပ်ရမှန်းလည်းမသိတဲ့ ကျွန်တော့်အတွက် အပျင်းပြေစရာ ကစားနည်းတစ်ခုလိုပဲ။ အိမ်ရှေ့ကား လမ်းပေါ်မှာကလည်း လားရှိုး၊ မူဆယ်ဘက်သွားတဲ့ကားတွေ၊ မန္တလေးဘက် သွားတဲ့ကားတွေ အစုန်၊ အဆန် အမြဲ ဖြတ်နေတော့တာကိုး။

အဲဒီလို လမ်းမတစ်လျှောက် တောင်ငေးမြောက်ငေး ငေးနေရတာက အပျင်းပြေတယ်ဆိုပေမယ့် တကယ်တမ်းကျတော့လည်း ခဏပါပဲ။ ကျွန်တော် တို့အရွယ်ဟာ အငြိမ်နေတာ နည်းနည်းကြာရင် ပျင်းရိခွေခေါက်လာတတ်တဲ့ အရွယ်မဟုတ်လား။ ပြီးတော့ မိန်းကလေးတွေလိုလည်း အရုပ်တမ်းဘာညာနဲ့ တစ်ယောက်တည်း ကစားနိုင်တဲ့သူမျိုးတွေ မဟုတ်၊ အပေါင်းအဖော် ရှာတဲ့ သူမျိုးတွေ။

မေမေကတော့ ကျွန်တော်နဲ့စာရင် ရောက်ပြီး ခဏနေတော့ အသား ကျခဲ့တယ် ဆိုရမယ်။ ကျောင်းဝင်းထဲမှာပဲ အိမ်ကလေးနဲ့ နေတဲ့ ကျောင်းအုပ် ဆရာမကြီးနဲ့ အဖော်ရသွားတော့ နေ့လယ်နေ့ခင်း အိမ်ကူးလည်ကြ၊ လက်ဖက် သုပ်လေးစား၊ စကားလေးပြော၊ ပြီးတော့ စာအုပ်တွေ အလဲအလှယ်လုပ်ပြီး ဖတ်ကြ၊ ရေဒီယိုရှေ့ အတူနားထောင် ပြုံးရယ်ကြ။ ကျွန်တော့်မှာသာ လူကြီး တွေနား နေရင်း ကလေးဖော် တောင့်တလို့ ပျင်းရတယ်။

မမနွေနဲ့ စတွေ့တဲ့ တစ်ရက်တုန်းကလည်း ကျွန်တော် ပျင်းနေတဲ့ ရက်ပါပဲလို့ ပြောတော့ မမနွေက ရယ်စရာ ထင်တယ်။ ဒါပေမဲ့ အဲဒါ တကယ်။

အဲဒီနေ့က အိမ်မှာ မေမေ မရှိဘူး။ သီပေါကို ဈေးဝယ်ရအောင် သွားတဲ့ ဆရာမကြီးနဲ့ ပါသွားတယ်။ ကျွန်တော်တို့မှာ စက်ဘီး မရှိသေးတော့ ဆရာမကြီး ငှားပေးတဲ့ စက်ဘီးတစ်စီးကို မေမေက နင်းလို့၊ ဆရာမကြီးက လည်း သူ့မိကျောင်းဘီးလေးနဲ့။ နေ့လယ်စာစားပြီး ထွက်မသွားခင်တော့ 'စာဖတ်နေနော်' လို့ မေမေက မှာသေးတယ်။ ကျွန်တော်ကလည်း 'ဟုတ်ကဲ့' ပေါ့။ ဒါပေမဲ့လည်း အိမ်မှာ ရှိတဲ့ စာအုပ်တွေဆိုတာ (ဝတ္ထုတွေက လွဲလို့) ကာတွန်းတွေ၊ မဂ္ဂဇင်းတွေအကုန် ကျွန်တော် ဖတ်ပြီးသားတွေ မဟုတ်လား။ ဘော်ကြို့မှာ စာအုပ်ငှားရအောင် စာအုပ်အငှားဆိုင်လည်း ရှိတာ မဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK


မေလရဲ့ နေရောင်ခြည်က ကျွန်တော်တို့အိမ်ကလေးပေါ် ပူပူနွေးနွေး ဖြာကျနေတယ်။ အိမ်တံစက်မြိတ်ရဲ့ အပြင်ဘက် မြေပြင်ပေါ်က အရိပ် ကွက်တွေကို ကျွန်တော် ငေးနေတယ်။ ‘ကျောင်းဖွင့်တော့မယ်၊ ကျောင်းဖွင့် တော့မယ်’ဆိုတာကို ဂါထာလို ရွတ်နေတယ်။ ကျောင်းဖွင့်ရင် သူငယ်ချင်း တွေ ရမယ်၊ ပြီးရင်တော့လည်း ကျွန်တော် ပျော်သွားမယ်၊ နောက် ပြန်ခွဲရတဲ့ အခါ မျက်ရည်တွေ ဘာတွေကျ၊ အချိန်နည်းနည်း ကြာတော့လည်း နေရာ ဟောင်းက လူတွေကို မေ့မေ့ပျောက်ပျောက်၊ နေရာသစ်က လူတွေနဲ့ပဲ လုံးချာလည်လိုက် ပျော်မွေ့။ ဒါဟာ ကျွန်တော် ဖြတ်သန်းလာရတဲ့ နှစ်တွေပဲ။

အရိပ်တွေကို ငေးနေရာကနေ တစ်စုံတစ်ရာကို ကျွန်တော် ဖြုန်းခနဲ သတိရတယ်။ ရထားသံ၊ ဥသြသံ။ ဒီလေးရက်လောက်အတွင်း မနက်ရယ် နေ့ခင်းရယ် ပုံမှန်ကြားနေကျ ရထားဥသြသံ။ ဒီအချိန်၊ ဒီအချိန် ရထားလာခါနီး တဲ့ အချိန်ပဲ။ အနည်းဆုံးတော့ ဘူတာရုံရောက်လို့ ရထားမြင်ရတဲ့အခါ ကျွန်တော် အပျင်းပြေမှာပဲ။ မေမေ ပြန်ရောက်ရင်လည်း ဘူတာရုံကနေ အိမ်ကို ကျွန်တော် ရောက်နေလောက်ပါပြီ။

ခဏလောက်အကြာမှာတော့ ကျွန်တော်ဟာ ခြံတံခါးလို့ ဆိုနိုင်တဲ့ ဝါးကပ်လေးကို ခြံတိုင်ဘေးကနေ ဆွဲပိတ်ပြီး ဘော်ကြိုလမ်းမပေါ် ရောက်ပြီ။ အင်း…လမ်းမဘေးမှာပေါ့။ ကားကြီးတွေကို ကြောက်လို့ လမ်းမဘေး မြေသားပေါ်မှာ ဖြည်းဖြည်းမှန်မှန် လျှောက်နေတာပေါ့။ ဘူတာဟာ အိမ်ကနေ ဘော်ကြိုဘုရားကြီးဝင်းကို ကျော်ရင် နည်းနည်း ဆက်လျှောက်ရဦးမယ်လို့ ကျွန်တော် သိနေတယ်။ ဆရာမကြီး တစ်ခါ ပြောတာ ကြားဖူးတယ်လေ။ ဘုရားသွားဖူးကြတုန်းက ထင်တာပဲ။

ပိုသေချာအောင် တစ်ယောက်ယောက် မေးရမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ လမ်းဘေးမှာ တွေ့ရတဲ့ ခေါက်ဆွဲဆိုင်လေးနားကို ကျွန်တော် တိုးကပ်လိုက်တယ်။ ဆိုင်ရှင်အမျိုးသမီးဟာ ကျွန်တော့်ကို စူးစမ်းဟန်နဲ့ ကြည့်နေပါတယ်။

“ဟိုလေ ကျွန်တော် ရထားသွားကြည့်ချင်လို့ ဘယ်နားအထိ သွားရ မလဲ အဒေါ်”

“ဘူတာကိုလား”

mgyoe.com

mgyoe.com SAMPLE BOOK


ပြန်မေးတဲ့အသံဟာ ကျွန်တော်တို့၊ မေမေတို့ စကားပြောသံနဲ့ မတူဘူး။ အညာသူဆိုတဲ့ ဆရာမကြီးလေသံနဲ့လည်း မတူဘူး။ ဒီလေသံဟာ ဝဲတဲတဲ။ ဒေသတစ်ခုမှာ တစ်မျိုး ထူးခြားလို့ နားထောင်ကောင်းတဲ့ ချစ်စရာ ဝဲပုံမျိုးပဲ။

"ဟုတ်"

"ဒီလမ်းအတိုင်း သွား၊ တည့်တည့်ပဲသွား၊ ညာဘက်မှာ လမ်းပေါ်ကနေ ကြည့်ရင် မြင်ရတယ်၊ သိပ်မလိုတော့ဘူး"

ကျေးဇူးစကားဆိုပြီး စောစောကလိုပဲ လျှောက်လာတော့ ကျွန်တော်ဖြင့် ချွေးကလေးတောင် နည်းနည်းစို့ချင်လာတယ်။ ချွေးစို့နေတဲ့ မျက်နှာပေါ် လေပြည်လေး ဝေ့တိုက်တော့ နေလို့ ကောင်းလိုက်တာ။ တစ်နေ့လုံး ပျင်းရိခြောက်သွေ့နေတဲ့ ကျွန်တော်ဟာ ခုမှပဲ အတွေ့အကြုံသစ်နဲ့ လန်းဆန်းစပြုလာတယ်။ ခြေလှမ်းတွေလည်း သွက်လာတယ်။

တစ်အောင့်လောက်ကြာတော့ တကယ်ပဲ ဘုရားရုံကို လမ်းပေါ်ကနေ လှမ်းမြင်ရပြီ။ မြေသားလမ်းကလေးပေါ် ကျွန်တော် ချိုးကွေ့လိုက်တယ်။ လမ်းဟာ လူတစ်ယောက် လျှောက်သာရုံ လမ်းကလေးပဲ။ လမ်းနံဘေးမှာတော့ မိုးကြောင့် စိမ်းလာတဲ့ မြက်ပင်မြက်တောတွေ။ ဘုရားကို ဝန်းရံထားတဲ့ စိန်ပန်းပင်တွေကတော့ နီရဲတဲ့ အပွင့်တွေကို ဆင်လို့။ စိန်ပန်းပွင့်တွေ ဝေနေတာကို တွေ့ရင် 'ကျောင်းဖွင့်တော့မယ်' လို့ မေမေ ပြောတတ်တယ်။

စိန်ပန်းပင်တစ်ပင်ရဲ့ အမြစ်ဆုံနားက မြောင်းကူး ပျဉ်ချပ် တံတားလေးကို ဖြတ်ပြီး ဘုရားရုံလေး ရှိတဲ့ဘက်ကို ကျွန်တော် ကူးလိုက်တယ်။

မေမေနဲ့အတူ ရန်ကုန်-မန္တလေး ရထားတို့၊ ရန်ကုန်မှာပဲ မြို့ပတ်ရထားတို့ စီးခဲ့ဖူးတော့ ဘုရားတွေ အများကြီး တွေ့ဖူးပြီးသားပဲ။ ဒါပေမဲ့လည်း ဘော်ကြိုဘုရားကို စတွေ့ရတဲ့နေ့ကတော့ ကျွန်တော့်စိတ်ထဲ ဒီဘုရားလေးလောက် လှတဲ့ ဘုရားမျိုး တစ်ခါမှ မတွေ့ဖူးသလိုပဲ။ ကြည့်ပါဦး၊ တောတန်းရိပ်၊ တောင်တန်းရိပ် ရံထားတဲ့ တောဘုရားရုံကလေး။ နေရာသစ်မို့ စိမ်းတိမ်းတိမ်း ရှိရမယ့်အစား ကျွန်တော် ရွှင်လာတယ်။ မြက်တောထဲက စိန်ပန်းပွင့်ကြွေကိုတောင် စိတ်လိုလက်ရ ကုန်းကောက်လိုက်ပါသေးတယ်။ နောက်မှသာ မြက်ခင်းပေါ် ပြန်ချလိုက်တာ။

နီစွေးတဲ့ စိန်ပန်းပွင့်တွေကို မေမေ သိပ်သဘောကျတာ မှတ်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


'အင်မတန် သတ္တိရှိတဲ့ပန်းမျိုး' လို့ ပြောသေးတယ်။ ပန်းဟာ ပန်းပဲ၊ ဘာလို့ များ သတ္တိရှိရသလဲ။ ကျွန်တော် စောဒကတက်တော့ မေမေက ပြုံးနေတာပဲ။ 'ပန်းတစ်မျိုးချင်းစီမှာ သူ့ဂုဏ်နဲ့သူ ရှိတယ် သားရဲ့၊ စိန်ပန်းကတော့ သတ္တိပေါ့၊ ရဲရင့်တာပေါ့'တဲ့။

ဘူတာရုံလေးထဲ ဝင်ဖို့ ပြင်တော့ ခွေးညိုလေးတစ်ကောင်ကို တန်းပြီး သတိပြုမိတယ်။ အမွေးလေးတွေက လုလုပွပွလေးတွေ။ အညိုခပ်များများ၊ အမြီးပိုင်းမှာရယ်၊ ခြေဖျားလေးတွေမှာရယ် အဖြူရောင်။ နှာရောင်ကလည်း အဖြူရောင်ပဲ။ အညိုများတဲ့ခွေးမို့ ခွေးညိုလေးပဲ ဆိုပါတော့။ ဒီခွေးကလေး ကျွန်တော့်အနား ကပ်လာတာကို ပထမတော့ နည်းနည်းရွံ့သလို ဖြစ်နေမိပြီးမှ ယဉ်ပါးတဲ့ ခွေးပုံစံလေးမို့ စိတ်အေးရတယ်။ ဘောင်းဘီအိတ်ထဲ အသင့် ရှိနေတဲ့ သဇင်ဘီစကွတ် မုန့်အပဲ့လေးတွေ ချကျွေးလိုက်တယ်။ နောက်နေ့လည်း မေမေ မဆူရင် ဘူတာ ထပ်လာမယ်၊ ခွေးကလေးအတွက် မုန့်ယူလာမယ်လို့ ကျွန်တော် တေးထားလိုက်တယ်။

ဘူတာရုံးခန်းလေးထဲမှာတော့ ဦးလေးကြီးနှစ်ယောက်ကို တွေ့ရပါတယ်။ နောင်တော့ ရုံပိုင်၊ လမ်းခွဲကိုင် စတဲ့ အခေါ်အဝေါ်တွေကို လူကြီးတွေဆီမှာ နားယဉ်လာရပေမယ့် အဲဒီတုန်းကတော့ ရထားဦးလေးကြီးတွေလို့ပဲ ကျွန်တော် နာမည်ပေးခဲ့တယ်လေ။

"သီပေါ သွားဖို့လား၊ လူကြီးတွေ မပါဘူးလား"

ဖတ်လက်စ စာအုပ်ကို ဘေးချပြီး ဦးလေးကြီးတစ်ယောက်က လှမ်းမေးတော့ 'ဟင့်အင်း၊ မသွားပါဘူး' လို့ ကျွန်တော်ငြင်းလိုက်တယ်။ ပြီးမှ-

"ရထား လာကြည့်တာ"

"ဟ ရထား လာကြည့်တာ၊ အဟုတ်ပဲ'ဘ၊ အေးပါ ကြည့် ကြည့်၊ ရထား ခဏနေကျ လာတော့မှာ"

အောက်ခြေမှာ နီညိုညို ဆေးသားခြယ်ထားတဲ့ ဝါနှစ်နှစ်အုတ်တိုင်တွေကြားက အသင့်ဖွင့်ထားတဲ့ သံဆန်ခါ တံခါးလေးကို ဖြတ်ပြီး စင်္ကြံလေးပေါ် ကျွန်တော် ထွက်လိုက်တယ်။ အံ့မယ် ဒီကနေ မြင်ရတဲ့မြင်ကွင်းက ပိုတောင် လှနေသေး။ သံလမ်းကို အတော်ပဲ နီးနီးကပ်ကပ် တွေ့နေရပြီလေ။ သံလမ်းအပိုင်းလေးပေါ့။ တောတန်းလေးတွေနဲ့အနားသတ်ထားသလို ကျွန်တော် ရပ်နေရာက မြင်ရတဲ့ သံလမ်းအပိုင်းအဖြတ်လေးပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK


စကြံပေါ်ကနေ မြက်ခင်းစပ်ကို ကျွန်တော် ဆင်းလိုက်တယ်။ သည်းကြိုးအဝါတပ် ဆင်ကြယ်ဖိနပ်ဟောင်းလေး စီးထားတဲ့ ကျွန်တော့်ခြေထောက်ဟာ မြက်ခင်းစိမ်းမှာ အိလို့ နစ်လို့။ မိုးရေစက်တွေ တင်နေတော့ အသားနဲ့ မြက်ပင်ဖျားလေးတွေ အထိအတွေ့မှာ အေးခနဲပဲ။

ခဏတော့ ကျွန်တော် ငြိမ်ငြိမ်လေး ရပ်ပြီး ရှေ့ကို ငေးနေတယ်။ အိမ်အနောက်ကနေ မြင်ရတဲ့ တောင်တန်းပြာကို ဒီနေရာကနေလည်း တွေ့နေရတယ်။ ရှေ့ဆုံးက တောင်တန်းအလွှာက အရောင်ခပ်ရင့်ရင့်။ နောက်ဘက်မှာတော့ အရောင်တဖြည်းဖြည်း ဖျော့လို့။ 'တောင်တန်းတွေ သိပ်လှတာပဲ' လို့ ပြောရင်း မေမေ ရှုခင်း ငေးတိုင်း ကျွန်တော်လည်း လိုက်လို့ ငေးရတယ်။

ကျွန်တော်ကတော့ မေမေ့လို ရှုခင်းအလှကို ငေးတာ မဟုတ်ဘူး။ တောင်တန်းတွေရဲ့ အပေါ်မှာ၊ ဘေးမှာ သစ်ပင်တွေနဲ့တောင် ထိစပ်တော့မလို မြင်နေရတဲ့ တိမ်တွေကိုငေးရင်း စိတ်ကူးနဲ့အကောင်ဖော်ကြည့်တာပေါ့။ ဟောဟို တိမ်ကလေးက ဝက်ဝံနဲ့ မတူဘူးလားတို့၊ ဟော…ဟိုးနားက တိမ်ကတော့ ခွေးကလေးနဲ့ ပိုတူတာတို့၊ စောစောက ဝက်ဝံနဲ့ တူတဲ့တိမ်က တဖြည်းဖြည်း လွင့်သွားတော့ ငါးတွေ အုပ်စုလိုက် ကူးနေသလို မြင်ရပြန်ပါရောလားတို့။

အဲဒီလို အဲဒီလို တိမ်တွေကို အရုပ်ဖွဲ့လို့ အားရရင် တိမ်တွေရဲ့ အနောက်မှာ ဘာရှိသလဲသိချင်ပြန်တယ်။ ကန့်လန့်ကာ ကာထားသလို တစ်ခုခုကို ကာထားတာပဲ ထင်တယ်။ တောင်တန်းတွေကို ငေးမိရင်လည်း အဲဒီတောင်တန်းတွေရဲ့ နောက်ဘက်မှာ ဘာရှိသလဲ သိချင်ပြန်တယ်။ 'ရွာတွေ ရှိမှာပေါ့' လို့ မေမေ ပြောတော့ အဲဒီရွာတွေဆီ သိပ်သွားချင်တာပဲ။ တောင်တွေကလည်း ခု သွားရင် ခု ရောက်တော့မလို မြင်နေရတာကိုး။

ခုပဲ ကြည့်ပါလား။ သံလမ်းလေးကိုကျော်၊ ဟောဟိုဘက်က တောတန်းလေးကို ကျော်လိုက်ရင် တောင်တန်းတွေဆီ ရောက်တော့မလိုပဲ။ ကျွန်တော် တကယ်ပဲ ပြေးသွားချင်ဆော့တယ်။ အဲဒီတုန်းကတော့ စူးစမ်းချင်စိတ်သက်သက်ပါပဲ။ မြန်မာပြည်ရဲ့ ဘယ်အရပ်က တောင်တန်းတွေကိုပဲ တွေ့ရပါစေ၊ တစ်စုံတစ်ယောက်ကို နင့်နင့်သီးသီး အပြေးကလေး လွမ်းမိလိမ့်မယ် ဆိုတာ မသိတတ်ခင်ကာလများပေါ့။

တောင်တန်းတွေ၊ တိမ်တွေ၊ တောတန်းကလေး၊ သံလမ်းပိုင်း စတဲ့ စတဲ့ မြင်ကွင်းကို ငေးလို့ အားရတော့မှ ဘူတာရုံဘက် ကျွန်တော် ဝေ့ကြည့်

mgyoe.com

mgyoe.com SAMPLE BOOK


လိုက်တယ်။ ကျွန်တော် ဖြတ်လာတဲ့ စကြံတစ်လျှောက် ဟိုဘက်ထောင့် နားမှာ လူတချို့ ရထားစောင့်နေပုံကို တွေ့ရတယ်။ တောင်းပလုံးတွေ ရွေ့ချပြီး ထိုင်နေတဲ့ အမျိုးသမီးတွေဆီက ကျွန်တော် နားမလည်တဲ့ စကားသံတွေ။ ရှမ်းစကားလည်း ဖြစ်နိုင်သလို ပလောင်စကားလည်း ဖြစ်နိုင်ပါတယ်။ ဒီဒေသမှာ ရှမ်းအများစု နေထိုင်သလို ဗမာလူမျိုးတွေလည်း တော်တော်များများ ရှိ၊ ပလောင်နဲ့ တခြားလူမျိုးတွေလည်း ရှိတယ်လို့ ဆရာမကြီးက ပြောပြတယ်။ ကျွန်တော့်အတွက်တော့ လူမျိုးတွေ ဘာတွေ ပြောလည်း သေချာ နားလည်သေးတာ မဟုတ်ဘူး။ စကားပြောတာ မတူဘူးလို့ပဲ ရိုးရိုးမှတ်လိုက်တာ။

သူတို့တွေ ရထားစောင့်ပြီးတော့ ဘယ်သွားကြမှာလဲ။ တစ်ဘူတာပဲ ဝေးတယ်ဆိုတဲ့ သီပေါကိုလား၊ ဒါမှမဟုတ် ခရီးဆုံးမြို့ဆိုတဲ့ လားရှိုးကိုလား၊ အဲဒီမြို့ မရောက်ခင် ကြားဘူတာတွေကိုလား။ သူတို့တွေလိုပဲ ရထားပေါ် တက်လိုက်သွားရင် ကျွန်တော် မရောက်ဖူးသေးတဲ့ သီပေါ ရောက်မှာပေါ့။ ဆရာမကြီးကတော့ သီပေါမှာ စာအုပ်အငှားဆိုင်တွေ ရှိတယ်ဆိုတာပဲ။ စာအုပ်တွေ ငှားလို့ရတာပေါ့။ ဒါပေမဲ့ သီပေါကနေ ဘော်ကြိုကို ကျွန်တော် ဘယ်လို ပြန်လာမလဲ။ အင်းလေ…နောက်တော့မှ မေမေနဲ့ အတူသွားတာပေါ့။

တောင်ငေးမြောက်ငေး ငေးနေတဲ့ ကျွန်တော်ဟာ ခြေထောက်မှာ စိုစိစိအရာတစ်ခု ရုတ်တရက် ကပ်လာတော့ လန့်သွားတယ်။ ထိတ်ထိတ်ပျာပျာ ငုံ့ကြည့်တော့ ခွေးညိုလေးရယ်။

"မင်းကွာ"

လက်စသတ်တော့ သူ့လျှာကလေးနဲ့ ကျွန်တော့်ခြေထောက်ကို လျက်နေတာကိုး။ ခေါင်းကို လက်နဲ့ သပ်ပေးတော့ အမြီးလေးနှန့်လို့။ မသိရင် သူ့သခင်လိုလို ဘာလိုလို။ မုန့်ကျွေးဖူးတော့ ရင်းနှီးတယ် လာလုပ်ပြတာဖြစ်မှာ။ ခွေးလည်လေး။

"ဒီကောင်က ဘူတာခွေးလေ"

အသံကြောင့် ကျွန်တော် နောက်ဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

ကျွန်တော့်နောက်ကျောက စကြံအစပ် မြက်ခင်းလေးမှာ မိန်းကလေးတစ်ယောက် မတ်မတ်ရပ်နေတယ်။ လက်ပိုက်ထားပြီး ကျွန်တော်တို့ရှိရာကို ကြည့်နေတယ်။ သူ့မျက်လုံးက ကျွန်တော့်ဆီမှာ မဟုတ်၊ ခွေးညိုလေးဆီမှာ။

mgyoe.com

mgyoe.com
SAMPLE BOOK


မိန်းကလေးလို့ပဲ ခပ်လွယ်လွယ် ပြောလိုက်ပေမယ့် သူဟာ ကျွန်တော့်ထက် အသက်နည်းနည်း ကြီးမယ့်သူဆိုတာ တွေ့တာနဲ့ တန်းသိပါတယ်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ဆံပင်က ပခုံးကျော်ကျော်။ သူ့အသားရေဟာ ဒီအရပ်သူတွေမှာ တွေ့ရသလို ဝင်းဝင်းစိုစို။ ခွေးကလေးကို အပြုံးနဲ့ လှမ်းကြည့်နေတဲ့ မျက်နှာကို ကျွန်တော် အကဲခတ်နေတယ်။

ကျက်သရေရှိရှိ လှပတဲ့မိခင်က မွေးခဲ့လို့ (ကိုယ်တိုင် သာမန်ရုပ်ရည်ပေမယ့်) အလှကို မြင်နေကျမို့ထင်ပါရဲ့။ ကျွန်တော်ဟာ လှသူ၊ ကြည့်ကောင်းသူတွေတွေ့ရင် စိတ်က အလိုလို အသိအမှတ်ပြုမိတယ်။ အဲဒီတုန်းကလည်း တွေ့စမှာတင် 'ဒီအစ်မ လှလိုက်တာ' လို့ စိတ်ထဲ တန်းပြီး မှတ်ချက်ပြုတယ်။ အထူးသဖြင့် မျက်လုံးလေး။ ပြုံးရိပ်ဝေမနေတဲ့မျက်လုံးတွေဟာ မှိုင်းညို့ညို့နဲ့ တစ်မျိုး လှနေတယ်။

အဝတ်အစား ဝတ်ပုံကတော့ ခပ်ရိုးရိုးပဲ။ ရန်ကုန်က ကျွန်တော့်အစ်မဝမ်းကွဲတွေလို လက်ဖောင်းတွေ၊ အတွန့်အဖတ်တွေနဲ့ အင်္ကျီမျိုး ဝတ်မထားဘူး။ ကျွန်တော်တို့ ဝတ်သလိုပဲ ရှပ်အင်္ကျီအကွက်စိပ်စိပ် လက်တိုနဲ့၊ လုံချည်ဖြောင်နဲ့။ သူ့အနားမှာတော့ ဟိုနားက အမျိုးသမီးတွေလို အိတ်တွေ၊ တောင်းတွေ မတွေ့ရဘူး။ ခရီးသွားမယ့်သူ မဟုတ်ဘူးလား။

"သူ့နာမည်က ဘရောင်းတဲ့"

"ဘရောင်း…"

"ဟုတ်တယ်၊ ဘရောင်းတဲ့၊ အဲဒီနာမည် မမ ပေးထားတာ"

မမတဲ့။ တွေ့တွေ့ချင်း သူ့ကိုယ်သူ သုံးနှုန်းလိုက်တဲ့ အသုံးအနှုန်းကို စိတ်ထဲကနေ တိုးတိုးလေး ထပ်ခေါ်ကြည့်မိတယ်။ မမ…မမတဲ့။

မေမေဟာ သားတစ်ယောက်တည်းပဲ မွေးခဲ့တော့ ကျွန်တော့်ဘဝတစ်လျှောက်လုံး အစ်ကို၊ အစ်မ သိပ်လိုချင်ခဲ့တယ်။ တစ်ဝမ်းကွဲတွေရှိပေမယ့် မတူဘူး မှတ်တာပဲ။ ဝမ်းကွဲတွေအချင်းချင်း စိတ်အခန့်မသင့်ဖြစ်ရင်၊ ကျွန်တော့်ကို တစ်ခုခု ရန်လုပ်ရင် စိတ်ထဲကနေ 'ငါ့အစ်ကို၊ အစ်မသာ ရှိရင် ဒါမျိုးလုပ်မှာမဟုတ်ဘူး' လို့ တွေးမိရော။ အတန်းထဲမှာ ကျွန်တော်က ပြဋ္ဌာန်းစာအုပ်တွေ အစုံအလင် မရှိသေးတဲ့အချိန်မှာ သူငယ်ချင်းတွေက သူတို့အစ်ကို၊ အစ်မရဲ့ စာအုပ်အကျတွေ အဆင်သင့် ရှိနေရင် သိပ်အားကျတယ်။ သူတို့တွေ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ယောက်နဲ့ ရန်ဖြစ်ရင် အဲဒီ အစ်ကို၊ အစ်မတွေကို အားကိုးနိုင်တာ၊ ပြေးတိုင်နိုင်တာ သိပ်သဘောကျတယ်။ ညီ၊ ညီမလို အငယ်ကျတော့ မလို ချင်ပြန်ဘူး။ ကိုယ့်ကို ဂရုစိုက်မယ့်သူပဲ ကျွန်တော် လိုချင်ခဲ့တယ် ထင်ပါတယ်။

မမလို့ သူ့ကိုယ်သူ သုံးနှုန်းလိုက်တဲ့ မိန်းကလေးက ဘရောင်းကို ပြုံးပြုံးလေး ကြည့်ရင်း ခွေးတွေကို ခေါ်ရင် လုပ်တဲ့အသံတစ်မျိုး လုပ်လိုက် တယ်။ ဘရောင်းဟာ တန်းပြီး ပြေးကပ်တာပဲ။ စောစောကလိုပဲ အမြီးလေး တနှန့်နှန့်နဲ့။ မိန်းကလေးက လက်ဖျောက် တီးလိုက်တော့ အဲဒီလက်ကို ဖမ်းမိတော့မလို ပတတ်ရပ်လိုက်သေး။ အံမယ်…အချွဲလေး။

"သူ့ကို စတွေ့တော့ ဒီဘူတာမှာပဲ၊ ဘယ်က ရောက်လာမှန်းလည်း မသိပါဘူး၊ ဒီလိုပဲ နေနေတော့တာပဲ၊ အားလုံးက ဝိုင်းကျွေး၊ ဝိုင်းချစ်နဲ့ ဒီကောင် ကံတော့ သိပ်ကောင်းတာ၊ နော်…နော် ဘရောင်း"

"သူ့ကို အိမ်ခေါ်မသွားဘူးလား"

မမလို့ ခေါ်ဖို့ရာ ကျွန်တော့်ပါးစပ်က မထွက်တတ်သေးတာနဲ့ပဲ စကားအဆုံးသတ်ကို ဒီအတိုင်း ရပ်ထားလိုက်တယ်။

"ခေါ်လို့ မရဘူးတော့၊ ဘူတာမှာပဲ ပျော်တယ် ထင်တာပဲ၊ ဦးရဲက လည်း သူ့ကို တအားဂရုစိုက်တာကိုး"

"ဦးရဲ…"

"ဘူတာက ဦးလေးကြီးလေ၊ ဟော…ဟော ဟိုမှာ ပြောရင်း ဆိုရင်း ရထား လာတော့မယ် ထင်တယ်၊ ဦးရဲ သွားနေပြီ"

ဘူတာကို ရောက်စတုန်းက တွေ့ခဲ့တဲ့ ရထားဦးလေးကြီးနှစ်ယောက် ထဲက တစ်ယောက်ဟာ ကျွန်တော်တို့နားက ဖြတ်ပြီး သံလမ်းအစပ် မြက်ခင်း ပေါ်ကနေ လျှောက်သွားနေတယ်။ သူ့လက်မှာ ပိတ်စိမ်းစပါတဲ့ တုတ်တံလိုဟာ လေး ကိုင်လို့။ မြက်ခင်းပေါ်ကနေ ကျွန်တော် ခြေလှမ်းနည်းနည်း ရှေ့တိုးကြည့် တော့ ဦးလေးကြီး အတော်ဝေးဝေးအထိ လျှောက်နေတာ တွေ့လိုက်ရတယ်။ ရထားဥသြသံက တဖြည်းဖြည်း နီးလာပြီ၊ ရထားကိုတော့ မမြင်ရသေးဘူး။

တောတန်းကလေးထဲ ပျောက်သွားတော့မလို တိုးဝင်သွားတဲ့ သံလမ်း ကို ငေးကြည့်ရင်း ဒီသံလမ်းအဆုံးဟာ ဘယ်ရောက်သွားတာပါလိမ့် ကျွန်တော် တွေးနေတယ်။ ဟောဟိုဘက်က သံလမ်းဆိုရင်တော့ မေမေတို့ ခု သွားနေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


သီပေါဆိုတဲ့ မြို့ဆီ ရောက်မှာပေါ့။ ဒါတောင် သံလမ်း မဆုံးသေးဘူးဆိုတာပဲ။ သံလမ်းမှာ အဆုံးရှိသလား။ တစ်နေ့နေ့တော့ သံလမ်းတွေပေါ်ကနေ အစ အဆုံး လမ်းလျှောက်ဖူးချင်လိုက်တာ။

သံလမ်း ဟိုဘက် တောလမ်းကလေးက ကျွဲခလောက်သံ ကြားတော့ ကျွန်တော် လှမ်းကြည့်မိတယ်။ ကျွဲနှစ်ကောင်ရယ်၊ ဝါးခမောက် ဆောင်းထားတဲ့ ဦးလေးကြီးတစ်ယောက်၊ အဒေါ်ကြီးတစ်ယောက်ရယ်။ တစ်ခါမှလည်း မစီးဖူးတဲ့ ကျွဲကို စီးကြည့်ချင်စိတ်တောင် ပေါ်လာတယ်။ ကောင်းဘွိုင်ရုပ်ရှင်တွေထဲက မင်းသားတွေ မြင်းစီးသလို ကြည့်ကောင်းမှာတော့ မဟုတ်ဘူးထင်တယ်။ ဒါပေမဲ့လည်း ကျွဲစီးရတာလည်း ဇိမ်ရှိမှာပါ။ ကျွဲတွေရဲ့ ခန္ဓာမှာတော့ ရွှံ့အလိမ်းလိမ်း။ ခုပဲ အိုင်ထဲက ထလာတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။

"ရထား လာတော့မှာနော်၊ တအား ကပ်မသွားနဲ့"

'မမ'ဆိုတဲ့ မိန်းကလေးက ပြောတော့ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ သူနဲ့ ကျွန်တော် ခုတော့ ဘေးချင်းယှဉ်လျက် ရပ်နေကြတာပေါ့။ ကျွန်တော်တို့လိုပဲ သံလမ်းတစ်ဝိုက်မှာ ရထားစောင့်သူတွေ လှုပ်လှုပ်ရွရွ ရှိနေကြပြီ။

"မင်းက သီပေါ သွားမလို့လား"

"ဟင့်အင်း"

"ဒါဖြင့်…"

"ရထား လာကြည့်တာ၊ အိမ်မှာ နေရတာ ပျင်းလာလို့"

"အလို…ရထားကြည့်တော့ အပျင်းပြေရောလား"

"ကျွန်တော်က ရထားတွေ မြင်ရင် တအားပျော်တယ်"

"ခရီးဝေးရော စီးဖူးလား"

"စီးဖူးတယ်၊ ရန်ကုန်ကနေ မန္တလေးအထိလေ၊ ပြီးတော့ ရန်ကုန်မှာ မြို့ပတ်ရထားလည်း မေမေနဲ့ စီးနေကျ"

"ရန်ကုန်ကပေါ့"

"ဟုတ်ကဲ့၊ ရန်ကုန်က"

"အခု ဘော်ကြို နေတာပေါ့"

"ဟုတ်ကဲ့၊ မေမေ ဘော်ကြိုကျောင်းကို ပြောင်းလို့ လိုက်လာတာ"

mgyoe.com

m gyoe.com SAMPLE BOOK

"ဒီမှာ ပျင်းတယ်လို့ စောစောက ပြောသွားသလားလို့၊ ကြာကြာ နေရင် ပျော်သွားမှာ ကြည့်နေ"

"စာအုပ်ဆိုင် ရှိရင်တော့ ပျော်မှာပေါ့ အစ်မကလည်း..."

'မမ' ခေါ်ဖို့ရာ နှုတ်မသွက်တော့ 'အစ်မ'လို့ ထွက်သွားလေရဲ့။ 'အစ်မ' ခေါ်လို့ ပြုံးတယ်လို့ ကျွန်တော် ထင်လိုက်တယ်။ နောင် အတော် ခင်မင်ကြတော့မှ စာအုပ်ဆိုင်အကြောင်း ပြောလို့ သဘောတကျ ပြုံးမိတယ် ဆိုတာ မမနွေက ပြန်ပြောပြတယ်။

"စာအုပ်ဆိုင်ကတော့ ဒီမှာ ဘယ်ရှိမလဲ၊ သီပေါရောက်မှ ရှိမှာ၊ ဒါပေမဲ့ မင်း ဖတ်ချင်ရင်တော့ မမတို့အိမ်မှာ စာအုပ်တွေ ရှိတယ်၊ လာငှား လေ၊ ဘာတွေ ကြိုက်တတ်သလဲ လာကြည့်ပေါ့"

"တကယ် ငှားပေးမှာလား"

"အင်းပေါ့၊ ပြန်တော့ ပေးပေါ့"

အခုမှ တွေ့ဖူးတဲ့သူတွေနဲ့ မတူဘဲ ရထားလာမယ့်ဘက် အတူမျှော် ကြည့်၊ အပြန်အလှန် စကားပြောရင်းကနေ အဲဒီမမကို ကျွန်တော် တိတ်တဆိတ် အကဲခတ်နေတယ်။ ကျွန်တော့်ထက် အသက် ဘယ်လောက်ကြီးမလဲ၊ အတန်း ဘယ်လောက်ကြီးမလဲစဉ်းစားနေတယ်။ နှစ်တန်းလောက်တော့ကွာမယ် ထင် တာပဲ။ ဒို့ထက်လည်း ပိုရင့်ပိုမှာပေါ့။ ခုနစ်တန်း၊ ရှစ်တန်းဆိုရင်တော့ ဒီဘော်ကြို အလယ်တန်းကျောင်းမှာ တက်မှာပေါ့။ ကျောင်းမဖွင့်ခင် သူငယ်ချင်းရပြီလို့ ဝမ်းသာရအောင်ကလည်း အတန်းချင်း ကွာမယ့်သူ ဖြစ်နေပြန်ရော၊ မခက် ဘူးလား။

ဝေးဝေးမှာတော့ ရထားဦးလေးကြီးဟာ အဝတ်စိမ်းစကို ဘယ်ညာ မနားတမ်း ဝှေ့ယမ်းပြနေတယ်။ ကျွန်တော် ငေးကြည့်နေတုန်းမှာပဲ တွဲခေါင်း နီနီလေးနဲ့ ရထား စပေါ်လာတယ်။ ဘေးနားမှာသာ အဲဒီမမ မရှိရင်၊ ဟောဟို အနားမှာသာ ရထားပေါ်တက်ဖို့ ပြင်တဲ့သူတွေ ရှိမနေရင် 'ဟေး'လို့တောင် ကျွန်တော် အော်မိမယ် ထင်တာပဲ။

ရထားမြင်ရတော့ ဘာလို့မှန်းမသိ ကျွန်တော် ပျော်နေတယ်။ စတွေ့ တုန်းကတည်းက လှတယ်ထင်ပြီးသား ဘူတာရုံကလေးဟာ တဂျုံးဂျုံး တဂျက် ဂျက် မောင်းဝင်လာတဲ့ ရထားပါလာတော့ ပိုလို့တောင် လှသွားသေး။ ရထား

mgyoe.com

အရှိန် တဖြည်းဖြည်း လျှော့တယ်။ နောက်တော့ တုံ့ရပ်လိုက်တယ်။ ရထားဟာ ခရီးဝေးက ပြေးလာလို့ မောပန်းတကြီး ဖြစ်နေသူနဲ့ သိပ်တူပါတယ်။

ရထားပေါ်က ဆင်းတဲ့သူက တစ်ယောက်ပဲ။ တွဲပေါ် လှမ်းတက်တာကတော့ ကျွန်တော်တို့ရှေ့မှာ ရထားစောင့်နေတဲ့ အမျိုးသမီးတွေပေါ့။ တောင်းပလုံးတွေကို အချင်းချင်း တွဲကူ၊ သယ်ကူနဲ့ အချိန်တိုအတွင်း ရထားပေါ် ရောက်သွားကြတယ်။ ရထားပေါ်က ခရီးသည်တွေကတော့ ပြတင်းဝကနေ ဘူတာဘက် ငေးတဲ့သူငေး၊ အိပ်ငိုက်တဲ့သူကလည်း ငိုက်လို့။

ကျွန်တော့်လိုပေါ့။ ကျွန်တော်လည်း ခရီးဝေး သွားရင် အိပ်ငိုက်ပြီး လိုက်လာတာချည်းပဲ။ အစားလေးများ စားရအောင် မေမေနှိုးရင်တော့ ထစားပေါ့၊ ပြီးတော့လည်း ပြန်ခွေပေါ့။ ရထားကလည်း ပုခက်လွှဲသလို ဟိုဒီယိမ်းနေတာ မဟုတ်လား။ ဇယ်ငယ်တုန်းက ထုပ်တန်းမှာ ကြိုးပုခက်ဆင်လို့ အိပ်ခဲ့ရဖူးတာတောင် အသေးစိတ် မမှတ်မိပါဘဲ သိနေသလိုလို ထင်လာမိတာ ရထားပေါ် ရောက်တိုင်းပါပဲ။ ဒီရထားကိုလည်း သိပေါအထိ၊ ဒါမှမဟုတ် လားရှိုးကို လိုက်သွားချင်လိုက်တာလို့ အတွေးပေါ်တော့ မေမေနဲ့မှ အတူသွားမယ်လို့ တေးရပြန်တယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ကို တင်သွားတဲ့ ရထားဟာ အခုလိုပဲ တောတန်းလေးတွေကြားမှာ တိုးဝင်လိုက်၊ ပြန်ထွက်လိုက်၊ တိမ်တွေနဲ့အတူ ပြေးလိုက် ရှိနေမှာပေါ့။ ရထားပြတင်းကနေ လေတဟူးဟူး တိုးဝှေ့တာကို မျက်လုံးမှိတ်လို့ ခံယူနိုင်မှာပေါ့။ ပြီးတော့ တောပန်းချုံပင်က အရွက်လေးတွေကိုရော လက်နဲ့ တို့ထိနိုင်လေမလား။ မိုးရာသီဆိုရင် ရေစက်ကလေးတွေတောင် အရွက်ဖျားကနေ လက်ဆီကို ကူးလာမှာပဲ၊ ခပ်ကြာကြာ တို့ထိမိရင် အေးစိမ့်နေမှာပဲ ထင်တယ်။

ရထားဥသြသံ တူခနဲ့ ကြားတော့မှ ကျွန်တော် ဘေးဘက်ကို ကပျာကယာ လှည့်ကြည့်မိတယ်။ ဟော…ကျွန်တော့်လိုပဲ သူလည်း မတ်တတ်ရပ်မြဲ ရပ်လို့ပါရော။

"ဟိုဟာလေ…ဟို…ရထားနဲ့ လိုက်မသွားဘူးလား"

"မလိုက်ဘူးလေ"

'သြော်…'လို့ ကျွန်တော် ရေရွတ်လိုက်တယ်။

မျက်လုံးအစုံကတော့ ဘော်ကြိုဘူတာဆိုတဲ့ ဆိုင်းဘုတ်ကို တရိပ်ရိပ်

mgyoe.com

m.g.y o e . c o m SAMPLE BOOK



ဖြတ်နေတဲ့ ရထားနောက်မှာ ကောက်ကောက်ပါလို့။ သံလမ်းနဲ့ ရထားဘီး ကြိတ်သံ ဘူတာလေးဆီကနေ တဖြည်းဖြည်း တိုးသဲ့ဝေးကွာတော့မှ ကျွန်တော် သံလမ်းနားကို တိုးကပ်လာတယ်။ ရထားနောက်မြီးလေးတောင် မမြင်ရတော့ ဘူး။ တောတန်းကလေးထဲကို ဝင်သွားခဲ့ပြီပေါ့၊ သံလမ်းတွေပေါ်ကနေ နောက် တစ်ဘူတာဆီ ပြေးနေပြီပေါ့။ နောက်တစ်ရက် မနက်ကျရင် ဒီသံလမ်းတွေက နေပဲ ရထားတစ်စင်း ဒီဘူတာဆီ ရောက်လာဦးမယ်ဆိုတာ ရထားဥဩသံ ကြားနေကျမို့ ကျွန်တော် သိနေတယ်။

"ဟော့…မပြန်သေးဘူးလား နွေအိမ်"

"ခုပဲ ပြန်မှာ"

နွေအိမ်…တဲ့။

နောက်ကျောပေးထားပေမယ့် အသံကို ကျက်မိနေပြီမို့ (ဘူတာမှာ လည်း ဒီလူဒီလူတွေပဲ ကျန်ခဲ့တာမို့) 'နွေအိမ်' ဆိုတာ ဘယ်သူ့နာမည်မှန်း ကျွန်တော် တန်းသိလိုက်တယ်။ နွေအိမ်၊ နွေအိမ်…တဲ့။ ခေါ်လို့ ကောင်းသား ပဲ။ လူနာမည်မှာ 'အိမ်' ဆိုတာလေး ထည့်မှည့်တာ ရန်ကုန်က ဝမ်းကွဲအစ်ကို တစ်ယောက် သိပ်ကြိုက်တဲ့ အဆိုတော်နာမည်မှာကတည်းက သဘောကျရ တာ။ ဘာတဲ့…ထူးအိမ်သင်တဲ့။ မလှဘူးလား။ အစ်ကိုက သူ့သီချင်းတွေ ဆိုပြတတ်တော့ ကျွန်တော်ပါ အလွတ်ရနေတဲ့ သီချင်းလေးတွေတောင် ရှိသေး။

"ဟိတ်…မပြန်သေးဘူးလား"

နာမည်မတပ်ပေမဲ့ အဲဒါ ကျွန်တော့်ကို ပြောတာပဲလို့ အဲဒီတုန်းက ဘာကြောင့် သိသွားမှန်း ကျွန်တော် မပြောတတ်ဘူး။ မေးလိုက်သံ ကြားကြား ချင်း နောက်ကို ချာခနဲ လှည့်ပြီး 'အခုပြန်တော့မယ်လေ' လို့ ဖြေလိုက်ပေမယ့် တကယ်တမ်းကျတော့ မြက်ပင်ဖျားလေးကို ခြေနဲ့ ထိခတ်ရင်း သံလမ်းပေါ် ကျွန်တော် လှမ်းတက်လိုက်တယ်။ ဇလီဖားတုံးပေါ် ရပ်လိုက်တယ်။ နောက် တော့ ခြေတစ်လှမ်း၊ နှစ်လှမ်း။ ကျွန်တော့်မျက်နှာမူရာဟာ သီပေါကို သွားတဲ့ ဘက်ပဲ။ ဘယ်ဘက်ခြမ်းကို လှည့်လိုက်တော့ တောင်တန်းပြာကို တွေ့ရတယ်။ တိမ်ဖြူစုတွေ လွင့်လို့။

တစ်နေ့တော့ ချစ်ခင်ရသူတွေနဲ့ ဒီဘူတာလေးမှာပဲ ခွဲရတဲ့အခါ အဲဒီ တောင်တန်းတွေဘက် ဝေးရင်း ရင်ဆို့တာမျိုး ကြုံရဦးမယ်လို့ ကျွန်တော်

m.g.y o e . c o m

mgyoe.com SAMPLE BOOK



မသိတတ်သေးဘူး။ တိမ်တွေကို တွေ့တော့လည်း ပျော်တယ်။ တိမ်တွေနဲ့ထိစပ်နေသလို မြင်ရတဲ့တောင်လွှာတွေကို တွေ့တော့လည်း ပျော်တယ်။ ‘မနက်ဖြန်ရထားလာကြည့်မယ်ဆိုရင် အပြန်ကျ စာအုပ်ငှားချင်ရင် ငှားသွားနော် သိလား’ လို့ ပြောလာတော့လည်း ကျွန်တော် ပျော်နေခဲ့ပါတယ်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

ဘူတာရုံကို ကျောခိုင်းလျက် တောင်တန်းများဆီ ငေးရီရီ ပြုနေသော ကောင်လေးကို သူ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ တိုးတိတ်သွားသော စကားသံများ၏ နောက်ဆက်တွဲအဖြစ် ထွက်ကျလာခဲ့သည့် သက်ပြင်းချသံ ခပ်မှျင်းမှျင်းမှာလည်း ကောင်လေး၏ အနီးဝန်းကျင်က လေပြည်တွင် ဆော့ကစားနေသည့်ပမာ။ မိုးပြာနုရောင် ရှပ်အင်္ကျီမှာ လေတိုး၍ လှုပ်လှုပ်အိအိ။

မိုးလေမှာ အေးမြစိမ့်လျက်။ ကောင်းကင်သည် မှိုင်းလျက်။ ဘော်ကြို ဘက် ထွက်လာချိန် လမ်းတစ်လျှောက် မိုးနှင့် တည့်တည့်တိုးမည်ကို စိုးထိတ်ခဲ့သော်လည်း ခုထိတော့ မိုးရိပ်ဝေသော ကောင်းကင်မှာ ပြိုကျမည့်အလားအလာ မမြင်ရသေးချေ။

လေရနံ့ကို မွတ်မွတ်သိပ်သိပ် ရှူရှိုက်ကာ၊ ကောင်လေးထံက အကြည့် လွှဲကာ သူ ပြုံးမိသည်။ တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် စတင်ဆုံစည်းရသော ကောင်လေးတစ်ယောက်နှင့် ခရီးတိုများစွာ အတူရှိဖို့ ဖန်လာခဲ့ပုံမှာ မျက်ခုံးပင့် ပြုံးချင်စရာ။

မျက်မြင် ရှေ့တူရူက တောင်တန်းကြီးများဆီ မှုန်မှုန် ငေးပြန်သော်လည်း စင်စစ်တော့ သူသည် တိမ်မျှင်ငွေ့များ ဝန်းပတ်ရာ တောင်တန်းတို့ကို မတွေ့။ အမေ့မျက်နှာကိုသာ မြင်သည်။ ဘဝမှာ သွေးသားရင်းချာရယ်လို့ ကျောချင်းကပ်စရာ ရှားရှားပါးပါး ကျန်ရစ်သော၊ စိတ်လက်ချမ်းသာရာ

mgyoe.com

mgyoe.com SAMPLE BOOK



အလုပ်တစ်ခုခု လုပ်နေချိန်၊ လုပ်ပြီးချိန်တိုင်း ကြည်ကြည်စင်စင် ပြုံးနေတတ်သော အမေ့ကို မြင်လေသည်။

အခြားသူများတော့မသိ။ သူ့မှာတော့ မိခင်ကို စိတ်ချမ်းသာအောင်ထားရတာ အပြောလွယ်သလောက် အတော်ခက်သော အလုပ် ဖြစ်လေသည်။ အကယ်၍များ သူ့လိုပဲ မှတ်ကျောက်အတင်ခံရလောက်အောင် သဘော မနော မပြည့်လှသူ၊ ကိုယ် သက်သာရ ပြီးရော၊ စိတ်မရှုပ်ရ ပြီးရော တော်ရာတွင် ခပ်အေးအေး ရောင်ဖယ်ဖယ် နေလိုသူမှာများ တစ်ပါးသူအပေါ် အကူအညီ ပေးရတာ အင်မတန် ခုံမင်သော၊ တစ်ယောက်တည်းနှင့် မပြီး တစ်နွယ်ငင်တစ်စင်ပါ အိမ်ရှိ လူကုန် မနေနိုင် ဝိုင်းကြဝန်းကြ ဖြစ်ရတတ်သော အမိအဖမျိုး ရှိနေလျှင်တော့ သူ့ကို ကိုယ်ချင်းစာနိုင်လိမ့်မည်။

ခုလည်း သူသည် အမေထွင်သော တစ်ဇာတ်မှာ ဝင်ကနေရပြီ။

ကိုယ်ပိုင်အစီအစဉ် ဖန်တီးကာ သီပေါဆီ ရောက်လာခဲ့သူ၊ တစ်ချိန်တစ်ခါက ကျောင်းပိတ်ရက် အပတ်စဉ် စာအုပ်များ ငှားဖတ်ခဲ့ရာက စာအုပ်ဆိုင်ရှင်နှင့် ငှားသူအကြား နှောင်မြဲနှောင်တတ်သော ကြိုးနှင့် ချည်နှောင်ခဲ့ဖူးသူ ဝေးတစ်မြေက သူစိမ်းညွှ့်သည်လေးကို သည်အတိုင်း မလွှတ်လိုက်ချင်ပြီတဲ့။

နဂိုမူလ ကောင်လေး၏ စိတ်ကူးမှာ တောင်ပေါ်ရွာက ကျောင်းနေဖက် ငယ်သူငယ်ချင်းမင်္ဂလာပွဲ တက်ရောက်ရန်။ နောက်တော့လည်း မင်္ဂလာပွဲမတိုင်ခင် သီပေါဆီ အရောက်လာဖို့၊ နေရာဟောင်းများထံ အလွမ်းပြေ သွားလာဖို့ စိတ်ကူးများ ထပ်တိုးပေါင်းကာ ကြိုတင်လာခဲ့ပါသတဲ့။ အလုပ် လုပ်ကိုင်ရာ တစ်ဖက်နိုင်ငံဆီက သူငယ်ချင်း ပြန်ရောက်မလာခင် အခိုက်အတန့်မှာ အချိန်လည်း ရနေသမို့ 'မနက်ဖြန် အရင်ဦးဆုံး ဘယ်သွားချင်သလဲ' အမေမေးတော့ 'ဘော်ကြိုဘူတာ' ဟု ကောင်လေးက ဖြေခဲ့လေသည်။

ဟော…ခုတော့ သူသည် အိမ်ရှင်ကောင်း ပီသချင်သော အမေ့ဆန္ဒပြည့်ရန်အလို့ငှာ ကောင်လေးကို ဆိုင်ကယ်ထက် တင်လျက် ဘော်ကြိုဘူတာဆီ ရောက်ခဲ့ရပြီ။ တောင်တန်းငေးသူက ဆိတ်ငြိမ်ငေးတော့ သည်ရထားလမ်းထက် အခါခါ ခရီးသွားဖူးသူမှာ အသစ်အဆန်းတစ်ခု လုပ်ရသလို ငေးမိငေးရာ ငေးနေရပြီ။ ပထမတော့ အမှတ်မဲ့။ နောက်တော့ စိတ်ပါလက်ပါ။

လှပခမ်းနားသည်နှင့်အမျှ ကဗျာဆန်သော တောတောင်မြင်ကွင်း၊

mgyoe.com

mgyoe.com SAMPLE BOOK



လွမ်းစရာဘူတာငယ်မြင်ကွင်းသည် စာအုပ်တစ်အုပ်ထဲက စာမျက်နှာများ သဖွယ် သူ့စိတ်ကို ညို့ငင်စပြုသည်။ သည်ဝန်းကျင်သည် စာမျက်နှာများဟု ဆိုပါစို့။ စာမျက်နှာများထက် ရေးရေးရိပ်ရိပ် ထင်သော ဇာတ်ဆောင်များလည်း ရှိပါလိမ့်ဦးမည်။

သည်လိုဆိုရင်ဖြင့် ရှေ့က ကောင်လေးသည်လည်း ဇာတ်ဆောင်၊ ပစ္စုပ္ပန်မှာ ဘယ်အရပ် ရှိနေမှန်း မသိပေမဲ့ အတိတ်တစ်ချိန်က သည်မြေမှာ ကျင်လည်ကြီးပြင်းခဲ့သော မိန်းကလေးသည်လည်း ဇာတ်ဆောင်ပဲပေါ့။

"နွေအိမ်..."

တစ်ယောက်တည်း ကြားသာရုံ သည်အမည်ကို ရေရွတ်တော့ နုနယ်သော မျက်နှာတစ်ခုကို သူ အပြေးမြင်လေသည်။

***

နွေအိမ့်ကို ဘယ်တုန်းက စတွေ့ဖူးပါလိမ့် ပြန်စဉ်းစားတော့ ဆယ်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ်ပညာရေး တစ်ပိုင်းတစ်စနှင့် ရပ်ထားရချိန် တစ်ခုသော နွေရာသီကို သူ ပြန်လည် အောက်မေ့မိသည်။

ထိုနှစ် နွေတွင် သူသည် သီပေါရှိ အမေ့အိမ်သို့ ပထမဆုံး ရက်ရှည် နေဖို့ရာ ရောက်လာခဲ့သည်။ အရင် အရင်တုန်းကတော့ အမေနှင့် ဦးကျော် ရန်ကုန် လာလျှင် တွေ့လိုက်ရသည်။ အဘွားနှင့် အလည်အပတ် တစ်ကြိမ် လိုက်လာဖူးသည်။ နွေရာသီလို ကျောင်းပိတ်ချိန်မျိုးမှာ အမေက အတူနေစေ လိုသော်လည်း ရန်ကုန်ကိုသာ သူ အပြေးပြန်မြဲ။

ထိုတစ်နှစ်ကတော့ ညီမလေး နန်းနန်းကို ကိုယ်ဝန် စလွယ်ရချိန် နေ့စဉ်နှင့်အမျှ မအီမသာ ဝေဒနာ ခံစားနေရသည်ဆိုသော အမေ့ထံ ဘယ်သူကမှ မတိုက်တွန်းရပါဘဲ သူ ထွက်လာမိခဲ့သည်။ အမေ့အိမ်သည် ဦးဆုံး ရောက်ဖူးစဉ်ကလောက် သူနှင့် မစိမ်းသက်တော့ချိန်၊ အမေနှင့် လက်ထပ်တော့မှ တွေ့ဆုံပတ်သက်ရသော ဦးကျော်အပေါ်လည်း ပြောပြောဆိုဆို ရှိလာနိုင်ချိန်သည် နွေအိမ့်ကို စတွေ့ဖူးချိန်နှင့် တစ်ပြိုင်တည်းလို ဖြစ်ခဲ့သည်။

အမေ့အိမ်တွင် သူ ကူညီညာ လုပ်နိုင်သမျှမှာ စာအုပ်ဆိုင် ထိုင်ရန်သာတည်း။ အမေသည် ညနေပိုင်းကျတော့မှသာ ဆိုင်မှာ ထိုင်နိုင်သည်။ မနက်ခင်းနှင့် နေ့ခင်းများမှာ နုံးနုံးခွေခွေ။

mgyoe.com

mgyoe.com SAMPLE BOOK


နွေကလည်း နွေမို့ ဆိုင်မှာ လူကျလေသည်။ နံနက်ခင်း၊ နေ့ခင်းများမှာတော့ သူတစ်ယောက်တည်း ကြဲနိုင်သည်။ ညပိုင်းဆိုလျှင်တော့ သားအမိနှစ်ဦး လက်ကို စက်တပ်ထားသလို ရေးရ မှတ်ရတော့သည်။ စာအုပ်ဆိုင်သည် အိမ်၏ အဓိက စီးပွားရေးလမ်းကြောင်းတစ်ခုအဖြစ် ရှိခဲ့ဖူးရာ ကာလများ။

သီပေါ၏ နွေသည် ထူး၍ မပူပြင်းလှပေ။ နေ၍ထိုင်၍ကောင်း၏။ ဆိုင်မှာ လူကျဲပါးတတ်သော နေ့လယ်ခင်းမျိုးဆိုလျှင် သစ်ရွက်လေးများ ကြွေသက်လိုက်၊ လေပြည်ဝေ့လိုက် ရှိတတ်သည့် ဆိုင်ရှေ့ ခရေရိပ်က ကွပ်ပျစ်မှာ ထိုင်လျက် စာတစ်အုပ် ကိုင်ဖတ်နေရတာကိုက သူ့အတွက် အရသာတစ်မျိုး။

ထိုတစ်ရက်ကလည်း သူ စာတစ်အုပ်နှင့် ငြိမ့်နေခိုက် ဘီးကလေးတစ်စီး ဆိုင်ရှေ့မှာ ဆိုက်လာခဲ့သည်။ စာအုပ်ဆီက အကြည့်ခွာလျက် အာရုံစိုက်မိလျှင် ဘီးနင်းလာသူမှာ ကိုးနှစ်၊ ဆယ်နှစ်အရွယ်ကောင်လေး။ နောက်ကကယ်ရီယာမှာ ထိုင်လိုက်လာသူကတော့ ရှစ်နှစ်ဝန်းကျင် ကလေးမလေး။ ကောင်လေးကိုတော့ သူ မြင်ဖူးတွေ့ဖူးသည်။ တစ်ဦးတည်းလည်း စာအုပ်လာငှားတတ်၊ အဒေါ်နှင့်လည်း အတူ ပါလာတတ်သူ။ ကလေးမလေးကိုတော့ မမြင်စဖူးပါ။

စာအုပ် လာအပ်သူများထံ အမှတ်မဲ့ ကြည့်နေကျလို ကြည့်မိရာက ကလေးမလေးကို ဘာကြောင့်များ သတိပြုမိခဲ့ပါလိမ့်။ ချစ်စရာ နုနယ်သော ကလေးအရွယ်မို့လား၊ မျက်လုံး ဝိုင်းနက်နက်ကလေးများကြောင့်လား၊ ဆံပင်ကုပ်ဝဲ ရံသည့် မျက်နှာပြည့်လေးကြောင့်လား မရေရာ။ ဒါမှမဟုတ် ချစ်စရာ မျက်နှာအလှလေးပေါ်မှ မဝံ့ရဲလှသော အမူအရာက သူ့ကို ဂရုပြုမိစေခဲ့တာလည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်။

တစ်ယောက်တည်း နေလျှင် အသိသာချည်း ရှိနေမည်မဟုတ်သည့် ထိုမျက်နှာမူရာမှာ အင်မတန် ပြုံးရွှင်ချိုမြတတ်သော ကောင်ကလေးနှင့် ယှဉ်လျက်သား ရှိနေတော့လည်း ခြားနားပုံမှာ ထင်းထင်းရှိခဲ့သည် ဆိုရမည်။

'စာအုပ်အပ်မလို့ အစ်ကိုကြီး' ဟု ကောင်ကလေး ပြောတော့ သူ ထိုင်ရာက ထလျက် ဆိုင်ထဲသို့ ဦးဆောင် ဝင်လာခဲ့သည်။ ထိုစဉ်က 'ကုံကော် ရိပ်' သည် ဆိုင်သက်တမ်း နှစ်အနည်းငယ်သာ ရှိသေးသော်လည်း စာအုပ် စုံလင်ပုံမှာတော့ ရှိနှင့်ပြီးသား စာအုပ်ဆိုင်များနှင့် မကွာခြားလှ။ စာအုပ်စင်က

mgyoe.com

mgyoe.com SAMPLE BOOK


လည်း နံရံသုံးဖက်သာမက အလယ်အူကြောင်းမှာပါ ကျောချင်းကပ်လျက်သား ရှိနေတော့ အပ်စရာ စာအုပ်များ အပ်နှံပြီးသည်နှင့် ကလေးနှစ်ဦးမှာ စာအုပ်စင်များကြား အပြေးအလွှား ရောက်တော့သည်။

သူသည် စာအုပ်အငှားစာရင်း ရေးမှတ်သည့် စာအုပ်ကို ဘောပဲန်ညှပ်၍ ပိတ်လိုက်၏။ နေ့ခင်းဆိုလျှင် စာရင်းစာအုပ်တစ်အုပ်သာ သုံးရသည်။ ညဘက်တော့ တစ်အုပ်နှင့် မလုံလောက်ချေ။ အမေတစ်အုပ်၊ သူ တစ်အုပ်နှင့် ဝိုင်းဝန်းကာ စာရင်းမှတ်မှပဲ မှျတော့သည်။ လောလောဆယ်တော့ နေ့ခင်းလူပါးချိန်မို့ စာအုပ်ငှားသူဟာ သည်ကလေးနှစ်ဦးပါပဲ။

အင်း…သူတို့တစ်တွေကို ကလေးဆိုတော့ သူကရော ဘယ်အရွယ်များ ရောက်လို့တုံး။

အတွေးနှင့် ပြုံးချင်ချင်ဖြစ်ရသော်လည်း ဆယ်နှစ်အကွာ သက်တူမ်းလောက်က မျှော်ကြည့်လျှင် သည်အရွယ်လေးဟာ ကလေးပဲဟု ထုချေရလေသည်။ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် လူကြီး ထင်တတ်သော မောင်ငြိမ်းစောတို့အရွယ်တမ်းက ကြည့်တော့ ဆယ်နှစ်ဝန်းကျင်မပြောနှင့်၊ ဆယ့်နှစ်၊ ဆယ့်သုံးအရွယ်ဆိုလျှင်ပင် ကလေး ဆိုမိလိမ့်မည်။

ဖတ်လက်စ စာအုပ်ကို ဘေးချကာ စာအုပ်စင်တန်းဆီ သူ့အကြည့်ဖျတ်ခနဲ ရွေ့သွားသည်။ နံရံထောင့်ချိုးက စာအုပ်ပုံအနီး ဘေးတစောင်းအနေအထားနှင့် စာအုပ်ရွေးနေသော ကလေးမလေး။ အရှေ့က စာအုပ်ပုံမှာကာတွန်းစာအုပ်များချည်း။ ကလေးတို့အကြိုက် နာမည်ကျော် ကာတွန်းစာအုပ်များကို ထိုနံရံထောင့်ချိုးမှာ သုံးပုံလောက် စီထပ်ထားပေးရသည်။ ကလေးမလေး လက်ထဲမှာတော့ တွတ်ပီ ကာတွန်းစာအုပ်တစ်အုပ်။ ဘေးမှာ ပုံချထားတာကလည်း နှစ်အုပ်ရှိပြီ။ အောက်က တစ်အုပ်ကတော့ မမြင်သာ။ အပေါ်တစ်အုပ်က နန်းဦး။

ကာတွန်းစာအုပ်များက စလိုက်သည့် ငယ်ဘဝစာဖတ်ခရီးကို ပြန်အမှတ်ရဆဲမှာပင် ကလေးမလေးသည် သူရှိရာ စားပွဲအနီးသို့ တိုးကပ်လာခဲ့သည်။

"ဆရာမ မရှိဘူးလားဟင်"

တွန့်ဆုတ်ဆုတ် မရွံ့မရဲ မျက်ဝန်းလေးများထံ သူ တစ်ချက် စိုက်

mgyoe.com SAMPLE BOOK



ကြည့်ကာ ပြုံးလိုက်သည်။ အမေ့ပရိသတ်တို့သည် အမေ မရှိလျှင် သည်သို့သာ မေးတတ်ကြပေသည်။

"အထဲမှာ ခဏ အိပ်နေတယ် ကလေးရဲ့၊ အိပ်တာတော့ ကြာပြီ၊ နိုးတော့ နိုးတော့မယ် ထင်တာပဲ"

စာရင်းမှတ်ပြီးသော ကာတွန်းစာအုပ်သုံးအုပ်ကို လက်ကမ်းတော့ ကလေးမလေးက ရင်ဝယ်ပိုက်လိုက်သည်။ စာအုပ်စင်များဘက်သို့ လှည့်ပြန်ငေးသည်။ အမေ့မိတ်ဆွေ ဆရာမ၏ တူဟု သူ သိထားသည့် ကောင်ကလေးကတော့ စာအုပ်အရွေးကောင်းဆဲ။ ကာတွန်းလည်းငှား၊ မဂ္ဂဇင်းလည်းငှားတတ်သည့်ကောင်ကလေး။ သူ့တုန်းက အတိုင်းပဲ။ ကာတွန်းဖတ်၊ မဂ္ဂဇင်းဖတ်ရာက နောက်တော့လည်း ဝတ္ထုစာအုပ်များကို မက်မက်မောမော ဖတ်တတ်လာခဲ့သည်။ ဝတ္ထုဆိုပေမယ့် အစဦးတုန်းကတော့ သိုင်းဝတ္ထုများ။ အံမယ်… ဆော့ကစားချိန်မှာတောင် သိုင်းကွက်နာမည် ထုတ်သုံးရတာ ပျော်စရာ။

"မယ်မယ်က ညနေမှ လာခဲ့မယ်လို့ ပြောခိုင်းလိုက်တယ်"

'ဟင်'ဟု မရေမရာ အာမေဍိတ်နှင့်အတူ သူ လှည့်ပြန်လှည့်ရသည်။

"မယ်မယ်က ဆရာမဆီကို ညနေ လာခဲ့မယ်တဲ့"

"မယ်မယ်…"

"ဟုတ်၊ မယ်မယ် ပြောခိုင်းလိုက်တာ"

"မယ်မယ်လို့ပဲ ပြောလိုက်ရင် အစ်ကို့အမေက သိမလား"

ညီ၊ ညီမလေးများ မရှိခဲ့သူ၊ အမေ့ဝမ်းထဲက ကလေးကို မနာလိုစိတ်တစ်ဝက်နှင့် ချစ်ခင်မျှော်လင့်နေသူမို့ 'အစ်ကို' ဆိုသော အသုံးအနှုန်းက ရှာရှာရှူရှူ။

"မယ်မယ်ဆိုတာ သူ့အမေ၊ ကျွန်တော့်အဒေါ်ဗျ၊ ဆရာမ ဒေါ်ရီရီလို့ ပြောတာ မဟုတ်ဘူး မိန္တေ့အိမ်ကလည်း…"

ကောင်ကလေးက မဂ္ဂဇင်းနှစ်အုပ်ကို စားပွဲပေါ် ချလာရင်း ညီမလုပ်သူဘက် ရယ်ကျဲကျဲ မျက်နှာပေးနှင့် ငဲ့ကြည့်သည်။ စောစောက သူ့ကို အရဲကိုးကြိုးစားပြောနေပုံနှင့် ကလေးမလေးက ခုတော့လည်း အစ်ကို့အနီးမှာပြုံးလို့။ စာအုပ်ပုံပေါ်က ဆံပင်အမောက် အကွေ့အဝိုက်၊ လုံ့ချည်တိုတို၊ ဂျင်းဂျာကင်နှင့် မင်းသမီးလေး ရှိရာ မျက်နှာဖုံးကို ငုံ့ကြည့်လျက်။

mgyoe.com

mgyoe.com SAMPLE BOOK

"အိုကေလေ၊ အဲဒါဆို ဆရာမ ဒေါ်ရီရီ ညနေ လာမယ် ပြောထားလိုက်မယ် ဟုတ်ပြီလား"

မောင်နှမနှစ်ယောက် ပြိုင်တူ ခေါင်းညိတ်ကြသည်။ နောက်တော့ အင်္ဂါးစာအုပ်လေးများ ပိုက်ကာ အလာတုန်းကလို အစ်ကိုက ဘီးနင်း၊ ညီမက နောက်က လိုက်ကာ ဆိုင်ကို ကျောခိုင်းသွားကြသည်။

နေ့ခင်းနေသည် ပူနွေးမြဲ။ ခရေပင်ရိပ်သည် အပူကို ကာပေးထားသလို အေးမြမြဲ။ ကွပ်ပျစ်တွင် ထိုင်မြဲလို ထိုင်ကာ ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်ရသည်။

တစ်အောင့်နေတော့ အမေလည်း နိုးပေပြီ။ အမေသည် ချည့်ထည် မိုက်ဖုံးအင်္ကျီလေးနှင့် ဆံပင်တို့ကို သေသေသပ်သပ် စည်းနှောင်ကာ ကျက်သရေရှိရှိ လှပမြဲ။ ပတ်ဝန်းကျင်က 'မိန်းကလေး ထင်ပါရဲ့' ပြောလျှင် အမေ ပြုံးနေတတ်သည်။ 'သားတစ်ယောက်ဆိုတော်ပြီလေ၊ သမီးလေးပဲရချင်တယ်' တဲ့။ ကျေနပ်စိတ်နှင့် 'သူ ကွယ်ဝှက်ပြုံးခဲ့ရတာ အခါခါ။

သားအမိနှစ်ဦး စာအုပ်စီရင်း ဟိုပြော ဒီပြောနှင့်မို့ မမေ့လျော့မိဖျတ်ခနဲ သတိရခိုက် ကလေးတို့၏ သတင်းစကားကို ပါးရသည်။

"မယ်မယ်က မယ်မယ်ကနဲ့ ပြောနေတော့ ဘယ်သူမှန်း မသိဘူး၊ ကောင်လေး ဝင်ပြောမှ နာမည်သိတာ"

"မယ်မယ်ဆိုတာ အမေပေါ့၊ ရှမ်းလိုတော့ အမေကို မယ့်ပဲ ခေါ်တာ၊ နှစ်လုံးဆင့်တော့ မယ့်မယ့်ပေါ့၊ နွေအိမ် ခေါ်တော့ အောက်ကမြစ်သံလေးပျောက်ပြီး မယ်မယ်တဲ့၊ သူ့အမေကလည်း အဲဒီလို ခေါ်တာလေး သဘောကျသတဲ့၊ နွေအိမ်က အမေ မခေါ်တတ်ဘူးကိုး"

အမေ့မျက်နှာဆီ သူ ဇဝေဇဝါ အကြည့်ရောက်သည်။ ဘယ့်နှယ်ပါလိမ့်။ အမေ မခေါ်တတ်ဘူးဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်။

"ဘာလို့ အမေ မခေါ်တတ်တာလဲ"

အမေသည် စာအုပ်အနှောင့်များကို ညီအောင် စီနေရာက သူ့ထံ ရိပ်ခနဲအကြည့်ရွှေ့သည်။ ချက်ချင်းတော့ မဖြေ။ ပြောရမလို၊ မပြောဘဲထားရမလို ချိန်ဆဆ အမူအရာ။ နောက်မှ သက်ပြင်း တစ်ချက်ရှိုက်ကာ ဖြည်းဖြည်းလေးလေး စကားစသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဘာလို့ မခေါ်တတ်သလဲဆိုတော့ နွေအိမ့်မှာ အမေ ခေါ်ရတဲ့သူက သတ်သတ်ရှိခဲ့တာကိုး မောင်စောရဲ့၊ နွေအိမ်ဟာ ရိုရို့ မွေးစားသမီး"

'သြော်'ဟု သူ ရေရွတ်မိသော အသံမှာ တိုးတိမ်စွာ။ ကလေးမလေး၏ မျက်နှာထက်က တောက်တောက်ပပ မရှိလှသော အရိပ်ကလေးကို သူ ပြန်အမှတ်ရသည်။ ပြုံးချိန်မှာတောင် ဝံ့ဝံ့စားစား မရှိသူကလေး။ အသက်ကလေးငယ်ငယ်နှင့် တစ်ပါးသူအိမ် ရောက်ခဲ့ရရှာသူကလေး။ ငယ်ငယ်ရွယ်ရွယ် ချစ်စရာ သမီးလေးတစ်ယောက်ကို ဘယ်သူကများ စွန့်ခဲ့ပါလိမ့်။

မေးခွန်းများစွာ အာရုံ၌ လူးလာခေါက်ပြန် ဟန်ရေးတပြင်ပြင်ရှိသော်လည်း အမေ့ကို သူ ထပ်မမေးဖြစ်ပါ။ စာအုပ်ငှားသူအချို့ ရယ်မောသံ၊ နှုတ်ဆက်သံများနှင့် ဆိုင်ထဲ ဝင်လာပြီမို့ ကဲ့ကော်ရိပ်၏ ညနေခင်းသည် ပုံမှန်လိုပင် စီးဆင်းရပါတော့သည်။

နောက်ရက် နောက်ရက်များမှာတော့ နွေအိမ် ဆိုသော ကလေးမလေး စာအုပ်ဆိုင် လာတတ်ချိန်ကို အမှတ်မဲ့မဟုတ် တခုတ်တရ မျှော်မိခဲ့တာ၊ ရောက်လာလျှင်လည်း တရင်းတနှီး စကားဆိုရန် အားမထုတ်၊ အတွင်းစိတ်က စာနာချစ်ခင်ရိပ်နှင့် မကြာ မကြာ အကြည့်စိုက်မိတာ သူ ဝန်ခံရမည်။

အမေနှင့် ခွဲနေခဲ့ဖူးသူ သူ့ထံမှာ ရှိတတ်ခဲ့သော အလွမ်းစိတ်ထက် မလျော့သော ခံစားမှုသည် ငြိမ်ဆိမ်တွေးငေးနေတတ်သည့် ကလေးမလေးထံမှာလည်း မဖြစ်မနေ ရှိလိမ့်မည်ဆိုတာ ထိုစဉ်ကတည်းက သူ အတပ်သိသလို ရှိနေခဲ့ပါသည်။

***

"ကျွန်တော်တို့ သွားကြမလား အစ်ကို"

လွင့်သောစိတ်သည် သူ့ထံ အပြေးကပ်၏။ တောင်တန်းများကို ငေးနေခဲ့သော ကောင်လေးသည် သူ့ဘက် လှည့်ပြန်ငဲ့လျက်။

"သွားလေ..."

မြက်ခင်းစပ်ပေါ် ခြေချလျက် စကြံ့ထက်ထိုင်နေရာက သူ ခါးကြောဆန့် မတ်မတ်ရပ်လိုက်သည်။ စကြံ့ပေါ်တက်ရန် ပြင်လိုက်သည်။ သို့သော် သွားကြမလား ဆိုသူမှာ သံလမ်းအစပ် မြက်ခင်းပြင်ထက် ရပ်ကာ မန္တလေးဘက် ဦးတည်သော သံလမ်းဆီ မျှော်ကြည့်နေပြန်သည်။ စောစောတုန်းဆီက

mgyoe.com

mgyoe.com SAMPLE BOOK

ရထားဖြတ်သွားပုံကို မြင်ယောင်ကြည့်နေလေသလား။ ရထားနောက် စိတ်နှင့်များ အပြေးလိုက်နေလေသလား။

သူ့အတွက်တော့ ရထားဖြတ်သော မြင်ကွင်းဟာ မဆန်းလှပါ။ ဘော်ကြို မရောက်လည်း သီပေါဘူတာမှာ တွေ့နေမြင်နေကျပဲ။ သီပေါဘူတာနှင့် မလှမ်းမကမ်းက ကာကာလက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း ငူငူထိုင်ကာ ငေးမိငေးရာ ငေးရတာကို သူ သဘောကျသည်။ ဘယ်မြို့မှာ နေမိသည် ဖြစ်စေ တိုက်သစ်၊ နေရာသစ်များထက် ရှေးကတည်းက ရှိခဲ့သော နေရာဟောင်းများဆီသာ တကူးတက သွားချင်စိတ် သူ့မှာ စွဲနေ၏။ လက်ဖက်ရည်ဆိုင်ဟောင်း၊ ဘူတာရုံဟောင်း၊ ကုက္ကိုပင်အို၊ ပြီးတော့ လမ်းဟောင်းကလေး။

လက်ဖက်ရည် ကျဆိမ့်တစ်ခွက်မှာ၊ ကြွေရည်သုတ် ကရားအိုးဟောင်းထဲက ရေနွေး(လက်ဖက်ခြောက်နဲ့ ခပ်သင်းသင်း)ကို အနားသတ်မှာ ပန်းပွင့်လေးများ စီသော အကြမ်းပန်းကန်ထဲဖြည့်၊ နောက်တော့ တွေးပေ ငေးပေရော့။ လမ်းသွားလမ်းလာလည်း ငေး၊ ရထားကြီး ဘော်ဘော်ဘူဘူ ခုတ်မောင်းဝင်လာတော့လည်း မြင်နိုင်သမျှအထိ လိုက်ငေး။ ရုံခါတော့ ဆိုင်ကယ်ကို လက်ဖက်ရည်ဆိုင်မှာပဲ ချန်ရစ်ကာ ဘူတာအထိ သူ လမ်းလျှောက်ဖြစ်သည်။ ခရီးသွားများ စောင့်ဆိုင်းတတ်သော ခုံတန်းရှည်မှာ ဝင်ထိုင်ကာ ရာသီပေါ်ဒေသထွက် အသီးအနှံသည်များ၊ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်လို အစားအစာရောင်းသည့် ဈေးသည်များ၊ ခရီးသွားများ လိုအပ်ရာရာ တိုလီမုတ်စ၊ မုန့်လေးပဲလေး ရောင်းသူများထံ အကဲဖြတ်ခြင်း အလျှင်းကင်း၊ စိတ်ဝင်တစားပုံလည်း မပေါက်သော မှုန်ရီရီအကြည့်တို့ တဖျပ်ဖျပ် ရွှေ့သည်။ နောက်တော့လည်း ရထားဝင်လာချိန် တလှုပ်လှုပ် ရှိကြပုံ၊ ရထား တစ်ဖန် ထွက်ခွာတော့လည်း နဂိုမူလအတိုင်း ကျန်ရစ်ခဲ့ကြပုံ မြင်နေကျလို မြင်ရပြီးလျှင် ဘူတာကို ခွာစမြဲ။

သီပေါဘူတာနှင့်သာ ရင်းနှီးခဲ့သူမှာ မနက်ကမှ ဘော်ကြိုဘူတာဆီ တော့တော့ဆိုင်ဆိုင် ရောက်လာရလေသည်။

သူတို့လည်း ဘူတာဆီ ရောက်၊ ရထားလည်း မကြာမတင် ဆိုက်ပါရော။ ဘူတာလေးမို့ ရထားပေါ်တက်သူ ခရီးသည်တစ်ဦးသာ ရှိ၏။ ဆင်းသူလုံးလုံးမရှိ။ ရထားထွက်ပြန်တော့ အသိအမှတ်မဲ့သူတစ်ယောက်လို ကောင်လေး

mgyoe.com

mgyoe.com SAMPLE BOOK

မျောပါလေးပုံကို သူ မျက်ခုံးပင့်မိသည်။ နောက်တော့လည်း ဆိတ်ငြိမ်သွားပြန်သော ဘူတာလေးမှာ အတိတ်နှင့်ပစ္စုပ္ပန် လွန်းထိုးယှက်နွယ်ရာစကားသံများ။

"အစ်ကို ကျွန်တော်တို့ သွားရအောင်"

သည်တစ်ခါတော့ တကယ်ပင် နောက်ကြောင်းပြန်လှည့် ခြေလှမ်းစသည်။ နှစ်ဦးသား စကားလည်း ထပ်မဆို၊ ရှေ့ဆင့်နောက်ဆင့်ပင် ဘူတာကို ကျောခိုင်းလာကြသည်။ ဘူတာဘေး မြေကွက်လပ်မှာတော့ ပြောင်းနှံပင်တို့ ယိမ်းနွဲ့လျက်။ သည်ပြောင်းနှံပင်တို့ကြောင့် ဘူတာလေးကို လမ်းမပေါ်က မမြင်ရ။ လမ်းကလေးထဲ ကွေ့ဝိုက် ဝင်လာတော့မှသာ အပင်ရိပ်များအောက် ပုန်းခိုနေဟန်တူသည့် တောဘူတာကို ဘွားခနဲ တွေ့ရလိမ့်မည်။

လမ်းမကြီး နံဘေးချ၍ ရပ်ထားသည့် ဆိုင်ကယ်ကို သော့ဖွင့်ဖို့ ပြင်လိုက်သော် သူ့လက်မှာ 'ခဏလေး အစ်ကို' ဆိုသော အသံကြောင့် တန့်ရသည်။ ကောင်လေးကို သူ ငဲ့ကြည့်ရင်း မေးဆတ်လိုက်သည်။

"ကျွန်တော်တို့ ဆိုင်ကယ် ဒီမှာပဲ ထားရအောင်၊ မြစ်ကမ်းနား ခဏ သွားချင်လို့"

"မြစ်ကမ်းနား..."

မြစ်ကမ်းနားကို ဘယ်လို သွားပို့ရမလဲ သူ မသိပါ။ သီပေါမှာတော့ မြစ်ကမ်းနားကို ပို့ပေးပါဆိုလျှင် အဆင်ပြေသမှ သိပ်ပြေ။ ဘော်ကြိုမှာတော့ မသိပါ။ မြစ်ကမ်းနားတစ်လျှောက် အိမ်များ အစီအရီ ရှိနေလေရာ ရှုခင်းသက်သက် ကြည့်ဖို့ဆိုလျှင် ဘယ်လမ်းက ဖြတ်၍ ပို့ရလေမလဲ။

"ဟိုခြံဝင်း အနောက်ဘက်ကနေ ကြည့်လို့ ရတယ် အစ်ကို"

ဟိုဟိုဒီဒီ ဝေ့ဝိုက်ကာ မျက်မှောင်ရိပ်ရိပ် တွန့်ချိုးသော သူ့မျက်လုံးများကို ကောင်လေး အကဲဖမ်းမိပုံပါပဲ။ လက်ညှိုးညွှန်ရာ အိမ်ဝင်းဆီ လှမ်းကြည့်တော့ ခြံဝင်းတံခါးမှာ သော့ပိတ်မထားသော်လည်း အိမ်တံခါးကတော့ သော့ခတ်လျက်သား။ ခြံဝင်းတံခါးမှာ တွန်းသာဖွင့်သာသော သစ်သားတံခါးမျိုး ဖြစ်သည်။

အိမ်သည် သွပ်မိုး၊ ပျဉ်ထောင် အိမ်ဟောင်းကလေး။ သစ်ရိပ်မိုးနေသော ဝင်းထဲ မှုန်ကုပ်ကုပ် ရပ်ကာ သူတို့ထံ စူးစမ်းနေသလို ထင်ရသည်။

"ပိုင်ရှင် သိရင် မကောင်းဘူး ထင်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"ဒီအိမ် မရောင်းသေးဘူး ပြောကြတာဆိုတော့ ပိုင်ရှင်က နဂို ပိုင်ရှင်ပါပဲ၊ ကိစ္စ မရှိလောက်ဘူး ထင်တာပဲလေ"

"မင်း အဆင်ပြေရင် ပြီးတာပဲ၊ သွားတာက သွားပါ၊ ရတယ်"

ကတ္တရာလမ်းပေါ်ဝယ် ကုန်ကားတစ်စီး တလှိမ့်လှိမ့် မောင်းနှင်လာ ချိန်မို့ လမ်းကူးရန်စောင့်ဆိုင်းနေကြစဉ်မှာ ကောင်လေးက စကား ထပ်စသည်။

"ပိုင်ရှင်က ဘယ်သူလဲ အစ်ကို သိလား"

ဟ···ဘယ်သိလိမ့်မလဲ။

အပြင်ပန်းကတော့ သူ ခေါင်းခါပြရုံသာ တုံ့ပြန်လိုက်သည်။

"မမနွေလေ အစ်ကို"

တစ်ခဏတော့ အငိုက်မိကြောင်း ဝန်ခံရမည်။

ကောင်လေး လမ်းကူးချိန်မှာ အတူမကူးနိုင်ဘဲ ခြေလှမ်းတုံ့မိသည်။ နောက်မှ ကမန်းကတန်း လိုက်ကူးရ။

သူ လမ်းတစ်ဖက် ရောက်ချိန်မှာတော့ ကောင်လေးသည် ခြံဝိုင်းလေး ရှေ့မှာ ခြေစုံရပ်လျက် သစ်သားတံခါးနှင့် ခြံစည်းရိုး ချိတ်ဆက်ရာ ဈေးဘာကွင်း ငယ်ကို ဆွဲဖြုတ်လျက် ရှိလေပြီ။

✿

mgyoe.com

mgyoe.com SAMPLE BOOK

## မြတ်မော် ပုံရိပ်(၂)

တစ်ခါတုန်းက မမနွေအကြောင်း တသီတတန်း ပြန်တွေးတော့ ကျွန်တော့်စိတ်မျက်လွှာမှာ ဒီအိမ်ကလေးရဲ့အရိပ်က ဦးဆုံး ထင်ဟပ်လာတယ်။ သစ်သားအိမ်ကလေး၊ မမနွေ နေခဲ့တဲ့ အိမ်ကလေး။ မမနွေရဲ့ အရိပ်ဟောင်းတွေ အများဆုံး တွေ့နိုင်မယ့် ဒီအိမ်ဟာ မိုင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်က လည်ပြန်ငေးတာတောင် ကျွန်တော့်အတွက် သက်ရှိလူသားတစ်ယောက်လို့ပဲ နွေးထွေးလှတယ်။

အိမ်ကလေးကို မြင်ယောင်တဲ့နေရာမှာမရပ် ဝေ့ဝေ့လည်လည် မဆုံးစတမ်း အတွေးဆက်တဲ့အခါ အဲဒီအိမ်လူသားလေးဟာ ကျွန်တော့်ကို မှုန်ဝေဝေ ငေးနေတယ်လို့လည်း ခံစားရပြန်တယ်။ ငယ်နုချိန်ကတည်းကစလို့ ဆယ်ကျော်သက်ရွယ်ကာလတစ်လျှောက် ရင်ခွင်ပိုက်ထားခဲ့ရတဲ့ မိန်းကလေးတစ်ယောက် ပျောက်ဆုံးသွားခဲ့တာ အိမ်ကလေးအတွက် ဝမ်းနည်းစရာ ပုံပြင်တစ်ပုဒ်များ ဖြစ်ခဲ့မလား။ အိမ့်နောက်ဖေး ဒုဋ္ဌဝတီမြစ်ဆီက ရေစီးသံသာသာ ကြားရတဲ့ ညချမ်းမျိုးဆို တိတ်တဆိတ် ငိုကြွေးတတ်မလား။ ကျွန်တော် မသိနိုင်ပါဘူး။

ကျွန်တော့်အတွက်တော့ ကျွန်တော် ချစ်ရတဲ့မြို့ကလေးမှာ မမနွေ မရှိတော့ဘူးဆိုတဲ့ အဖြစ်ဟာ ကျိန်စာတမျှပါပဲ။

***

mgyoe.com

mgyoe.com SAMPLE BOOK


ဒီအိမ်လေးရှေ့ ပထမဆုံး ရောက်ရတဲ့နေ့ကို ကျွန်တော် ဘယ်တုန်းကမှ မမေ့ခဲ့ဘူး။ အဲဒီတုန်းက ကျွန်တော် ပိုင်ဆိုင်ခဲ့ရတဲ့ ရင်ခုန်ပျော်ရွှင်မှုဆိုတာလည်း ပြန်တွေးလိုက်တိုင်း မနေ့တစ်နေ့ကအထိ တကယ်ကြုံနေရသလို နွေးထွေးလှိုက်ခုန်ရတုန်းပဲ။

ဘူတာရုံဆီ ဒုတိယအကြိမ်မြောက် ရထားကြည့် ရောက်ပြီးတဲ့နေ့မှာပဲ 'မပြန်ခင် စာအုပ်ဝင်ငှားလေ' လို့ မမနွေ ခေါ်တာနဲ့ အိမ်ကလေးထဲ ကျွန်တော် စရောက်ဖူးရတယ်။

မမနွေရဲ့ အိမ်ကလေးဟာ ပုံပြင်ထဲက အိမ်တစ်လုံးလိုပဲလို့ တွေ့တွေ့ချင်း ကျွန်တော် တွေးမိတယ်။ ကျွန်တော်တို့ နေတဲ့အိမ် (အရပ်အခေါ်) 'ဆရာမအိမ်' လိုပဲ ခြေတံ မရှည့်တရှည်။ ရေနံချေး ဝနေတဲ့ ပျဉ်ချပ်နံရံတွေရှိတယ်။ သံချေးနီရောင်နဲ့ သွပ်မိုးဟောင်းတွေရှိတယ်။ ရေအိုးစင်လေး ရှိတဲ့၊ သစ်သားလက်ရန်းကွက်လှလှ ဖော်ထားတဲ့ ဝရန်တာ ရှိတယ်။ အိမ်ကိုတော့ သစ်ပင် ဝါးပင်တွေ ရံလို့။

အိမ်ရှေ့မှာ ကျွန်တော်တို့ ရပ်မိတော့ အပင်တွေဆီက လေတိုးသံကို ဦးဆုံး သတိပြုမိတယ်။ သစ်ရွက်တွေကြားထဲ လေတိုးလို့ အပင်တစ်ပင်ချင်းက အတိုးအကျယ် အနိမ့်အမြင့် မတူညီတဲ့ အသံတွေ ပေါင်းဆုံတဲ့အခါ၊ ငှက်ကလေးတွေရဲ့ မြည်သံပါ ဖြည့်လိုက်တဲ့အခါ အင်မတန် လှတဲ့ ဂီတတစ်မျိုးဖြစ်လာတာပဲလို့ နောင်တော့ ခံစားသိမြင်တတ်ပေမယ့် အဲဒီတုန်းကတော့ ရှည်ရှည်ဝေးဝေး ခွဲခြမ်းစိတ်ဖြာမိခြင်းမရှိ၊ နားထောင်ကောင်းလို့ နားစိုက်မိရုံလောက်ပဲ။ ဒီအသံတစ်သံကလွဲလို့ အိမ်ကလေးဟာ ဆိတ်ဆိတ်ငြိမ်ငြိမ်။

"လာလေ မြတ်မော်"

သစ်သားချောင်းလေးတွေ ခပ်ကျဲကျဲနဲ့ဖွဲ့ထားတဲ့ ခြံတံခါး ထောင့်ဆုံးတိုင်နဲ့ ခြံစည်းရိုးတိုင်ကို ချိတ်ထားတဲ့ရော်ဘာကွင်းလေးကို ဖြုတ်လို့ ဖွင့်ရင်း မမနွေ ခေါ်တယ်။ ရှေ့ကနေ ဦးဆောင်ဝင်ပြီး စောစောကလိုပဲ ခြံတိုင်နဲ့ ခြံတံခါးတိုင်ကို တွဲချိတ်လိုက်ပြန်တယ်။ တံခါးအောက်ပိုင်း ထောင့်စွန်းလေးနဲ့ မြေသားဟာ တံခါး ဖွင့်ပိတ်လိုက်တိုင်း တိုးတိုက်ဖန်များတော့ မြောင်းလို အရာလေးတောင် ထင်လို့။ တံခါးလေး လှုပ်နေတဲ့ အသံ တအီအီဟာ လှေကားရင်း ဖိနပ်ချွတ်နား ကျွန်တော်တို့ ရောက်တဲ့အထိ ကပ်ပါလာတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


မမနွေရဲ့ ကတ္တီပါဖိနပ်လေးနဲ့ မနီးမဝေးမှာ ကျွန်တော့် ဆင်ကြယ် ဖိနပ်လေး ချွတ်လိုက်တယ်။ မမနွေ ခပ်ဖွဖွ နင်းတဲ့ ခြေလှမ်းအတိုင်း လှေကား တစ်ထစ်ချင်း လိုက်တက်တယ်။ နေ့ခင်း နေရောင် ထိတွေ့ထားတာမို့ သစ်သား လှေကားထစ်တွေဟာ ခပ်နွေးနွေး။ လှေကားထိပ်မှာလည်း ခြံတံခါးက သစ်သားတံခါးလို တစ်ပုံစံတည်း နောက်ထပ် သစ်သားတံခါးတစ်ခု။ သစ်သားချောင်းလေးတွေ ဒေါင်လိုက် ခပ်ကျဲကျဲ ဖွဲ့ထားတာမှာ ကန့်လန့်ဖြတ် သစ်သားချောင်း သုံး၊ လေးချောင်းနဲ့ အကွက်ဖော် လုပ်ထားတဲ့ တံခါးမျိုးပေါ့။ အောက်ခြေမှာ တညီတည်းပေမယ့် အပေါ်ကတော့ တြိဂံအနား နှစ်ဖက်လို။

ဒီတံခါးကိုတော့ မမနွေက အတွင်းဘက်မှာ သံနဲ့ ချိတ်ထားတဲ့ ကြိုးကွင်းလေးကို လက်လျှို ဖြုတ်လိုက်တယ်။ ဝရန်တာပေါ် ခြေချလိုက်တဲ့ ကျွန်တော့်ခြေသံဟာ မဆိုစလောက် ကျယ်သွားလို့ ထင်ပါရဲ့၊ မမနွေက ‘ရှူး’ လို့ လှည့်ဆိုတယ်။ နှုတ်ခမ်းလေး ဝိုင်း၊ မျက်လုံးလေး ပြူးလို့၊ နှုတ်ခမ်းပေါ်မှာ ညာလက်ညှိုးလေး ကန့်လန့်ဖြတ် တင်လို့။ လက်သည်းတွေ တိတိရိရိ ဖြတ်ထားတဲ့ လက်ချောင်းသွယ်တွေဟာ သူ့ပိုင်ရှင်ရဲ့ မျက်နှာ လိုပဲ တစ်မျိုး ကြည့်ကောင်းနေပြန်တယ်။

ဒါမျိုးအစ်မတစ်ယောက်သာ မေမေ မွေးပေးခဲ့လို့ကတော့ ကျွန်တော် အတော်လေး မျက်နှာမော်ရမှာပဲ။ ခုတော့ ကျွန်တော်က သူများတွေ ပြောကြ သလို တစ်ကောင်ကြွက်ရယ်။ ဘာလို့များ တစ်ကောင်ဆိုတာနဲ့ကြွက်နဲ့ ပေါင်း လိုက်ရတယ် ကျွန်တော် မသိဘူး။ ကြွက်လောက် မုန်းစရာ သတ္တဝါ ရှိဦး မလား။ ကျွန်တော်ဖြင့် ကြီးကြီးက လေသံလေး တိုးတိုးနဲ့ ‘ကျွန်မတူလေးက ဖတဆိုး တစ်ကောင်ကြွက်လေး’ လို့ ဧည့်သည်တွေကို ပြောပြရင် နားထဲတောင် တူးခါး စိမ့်သွားတာပဲ။ ဖတဆိုးဆိုတာတော့ အဖေ မရှိတာကို ပြောတာလို့ နားလည်ခဲ့ပြီ။ ခုထိ မကြိုက်သေးတဲ့ နောက်ထပ်စကားလုံးတစ်ခုက မေမေ့ကို ‘မုဆိုးမ’ ပြောကြတာပဲ။ မေမေနဲ့ လေး၊ မြားတွေ၊ ဒါမှမဟုတ် သေနတ်ကြီး ဆွဲထားမယ့် မုဆိုးဟာ မအပ်မစပ်လို့ မှတ်တာကိုး။

‘ဘာရယ်တာတုံး’ လို့ မမနွေ အသံတိုးတိုးကလေးနဲ့ မေးတော့မှ ကျွန်တော် ရယ်လိုက်မိတာ သိတော့တယ်။ ပါးစပ်ကို အမြန် ဖမ်းအုပ်ရတယ်။ ‘ရှူး’ ဆိုမှ ရယ်တော့ တော်ကြာ စာအုပ်ငှားမပေးတော့ဘူး၊ ပြန်ဟော့ဆို

mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော် ပြန်ရမှာ စိုးသားပဲ။

သေတောင့်သေချာ သတိထားနေတဲ့ ခြေလှမ်းလေးနဲ့ အခန်းထောင့်က စာအုပ်စင်အနား မမနွေ တိုးကပ်တော့ ကျွန်တော်လည်း နောက်ကနေ တစ်ပုံစံတည်း လိုက်လျှောက်တယ်။ ဘာကြောင့် ဒီလိုလျှောက်ရသလဲ မေးချင်လိုက်တာမှ ပါးစပ်ကို ယားနေတာပဲ။ ဒါပေမဲ့ လျှာရှည်ရန်ကော ထင်မှာစိုးလို့ မမေးရဲဘူး။

ကျွန်တော် မမေးပေမဲ့ မမနွေကပဲ အဖြေကို ပြောပြတယ်။

''ဘွားကြင် အိပ်နေလို့''

''ဘွားကြင်...''

''မမ အဘွားလေ''

စာအုပ်စင်လေးနား အတူ ချဉ်းကပ်မိကြတော့ ကျွန်တော့်ပါးစပ်က အသံထပ်မထွက်တော့ပေမဲ့ စိတ်ထဲမှာတော့ 'ဟာ' ဆိုတဲ့ အသံ အကျယ်ကြီး မြည်သွားသလိုပဲ။ စာအုပ်တွေ စာအုပ်တွေ။ ကျွန်တော် ကြိုက်တဲ့ ကာတွန်း စာအုပ်တွေ တစ်လှေကြီး။ မေမေ ဖတ်တဲ့ မဂ္ဂဇင်းမျိုးတွေရော၊ ဝတ္ထုရှည်တွေရော။ စာအုပ်စင်က သစ်သားစင်။ အဆင့်ငါးဆင့် ပါတယ်။ ကျွန်တော့် အရပ်နဲ့ဆို ထိပ်ဆုံးတစ်ဆင့်ကတော့ ခြေဖျားထောက်ယူရမယ်။ ဒါပေမဲ့ ထိပ်ဆုံးမှာ ဝတ္ထုတွေမို့ ကျွန်တော် လက်မလှမ်းဖြစ်ဘူး။ အောက်ဆုံး နှစ်ဆင့်က ကာတွန်းတွေကို ကြည့်ပြီး သွားရည်တမျှားမျှား။ 'ကြိုက်တာရွေး၊ အိမ်လည်း သိနေတာပဲ၊ လေး၊ ငါးအုပ်စီ ငှားငှားပြီး ပြန်လာလဲပေါ့' လို့ မမနွေက တိုးတိုး ပြောတယ်။

တွတ်ပီ၊ သမိန်ပေါသွပ်၊ ကိုပူစီ၊ ဒီလုံး စတဲ့ ကျွန်တော်ချစ်တဲ့ ကာတွန်းဇာတ်ကောင်တွေ ပါတဲ့ ကာတွန်းတစ်အုပ်စီရယ်၊ မေမေ့အတွက် မြားနတ်မောင်မဂ္ဂဇင်းတစ်အုပ်ရယ် ရွေးလိုက်တယ်။ ဆောင့်ကြောင့်ထိုင်လို့ ရွေးပြီးသား စာအုပ်တွေ လက်တစ်ဖက်နဲ့ ပိုက်ထားပြီးတာတောင် ကျွန်တော့်မှာ တခြားစာအုပ်တွေဆီ လွတ်နေတဲ့လက်က ဝဲချင်တုန်းပဲ။ မမနွေ ပြောသလို နောက်လာငှားလို့ရသားပဲလို့ စိတ်ဖြတ်ရတယ်။ ဒီနေ့လိုပဲ ဘူတာသွားမယ့် အကြောင်း၊ 'နွေအိမ်' လို့ ခေါ်တဲ့ အစ်မတစ်ယောက်ဆီက စာအုပ်ငှားလာမယ့် အကြောင်း မေမေ့ဆီက ခွင့်တောင်းလာလို့ ရသားပဲ မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK


'ခဏနော်' ဆိုပြီး မီးဖိုခန်း ဖြစ်ပုံရတဲ့ အခန်းဘက် မမနွေ ကူးသွားတော့ အားနေတဲ့ ကျွန်တော့်မှာ တောင်ကြည့် မြောက်ကြည့်ပေါ့လေ။

အိမ်ရှေ့ခန်းဟာ မကျဉ်းမကျယ်။ သစ်သားကြမ်းခင်းပေါ် ဖျာချော ခပ်ကြီးကြီး တစ်ချပ် ထပ်ခင်းထားတယ်။ ဖျာပေါ်မှာ အသံတိတ် ငြိမ်နေတဲ့ ရေဒီယိုလေးတစ်လုံးရယ်၊ ဒန်ကွမ်းအစ်တစ်လုံးရယ်။ ဖျာပေါ်ကနေ လက်လှမ်းလို့ လွယ်တဲ့နေရာ တိုင်ထောင့်လေးမှာတော့ ထွေးခံတစ်လုံး။ စောစောကနာမည် သိလိုက်ရတဲ့ ဘွားကြင်ရဲ့ပစ္စည်းတွေ ဖြစ်မှာပေါ့။ ဒါမျိုး ကွမ်းအစ်တို့ ထွေးခံတို့ဆိုတာ အဘိုး၊ အဘွားတွေရဲ့လက်စွဲလို့ ဆုံးပါးသွားတဲ့ အဘွားနဲ့ အတူနေလိုက်ဖူးတဲ့ ကျွန်တော် သိသားပဲ။

အိမ်ဦးမှာတော့ ရွက်လှပန်းတွေ စိမ်းစိုဝေဆာနေတဲ့ ဘုရားစင်ရှိတယ်။ ကြေးဘုရားဆင်းတုတော်ဟာ ရွက်လှပန်းအိုးတွေ ဟိုဘက်ဒီဘက်ရံလို့ စံပယ်တော်မူနေတယ်။ ဘုရားစင်ပေါ်မှာတော့ မွှန်းလှဲချိန်မို့ ဆွမ်းပွဲ မတွေ့ရတော့ဘူး။ သောက်တော်ရေချမ်းခွက်ကလေးတွေရယ် ဆီမီးထွန်းနေကျ ဖြစ်ပုံရတဲ့ မြေဆီမီးခွက်လေးတွေရယ်၊ အမွှေးတိုင်တိုလေးတွေ ရှိနေတဲ့ ပန်းအိုးအသေးစားလို စဥ့်ထည်လေးရယ်။ အဲဒီဘေးမှာတော့ တရားစာအုပ်တချို့၊ စိပ်ပုတီး ခွေခွေ။

ကျွန်တော့်အသည်း စာအုပ်စင်ရဲ့ ဘေးမှာတော့ ဗီရိုဟောင်းတစ်လုံး။ အဝတ်ဗီရိုလား၊ ညှော်သည်အတွက် စောင်၊ ခေါင်းအုံးတို့ သီးသန့်ထားရာ ဗီရိုလားတော့ မပြောတတ်ဘူး။ မမနွေတို့အိမ်ရှေ့ခန်းဟာ လေဝင်၊ လေထွက် အတော်ပဲ ကောင်းလှတယ်။ အိမ်ဦးမှာ ပြတင်းပေါက်က နှစ်ခု။ ပြတင်းပေါက်ကလည်း အထက်အောက် နှစ်ပေါက်စီ ဆင့်ဖောက်ထားတာ။ အောက်ဘက်က ပြတင်းမှာ ပွတ်လုံးတိုင်လေးတွေ ကျဲကျဲစီလို့။ အိမ်ရှေ့မှာတော့ တံခါးမကြီး နှစ်ခု။ တံခါးချပ်တွေက ပြတင်းပေါက်မှာရော၊ တံခါးမကြီးမှာရော ရင်ခွဲတံခါးတွေ။ အိမ်ရှေ့ကို လှမ်းကြည့်ရင် ကတ္တရာလမ်းကို ကောင်းကောင်းမြင်ရတယ်။ ပြတင်းတံခါးတွေမှာ ခန်းဆီး မရှိဘူး။

အိပ်ခန်းဖြစ်မယ့် အတွင်းခန်းတစ်ခန်းပဲ ခန်းဆီး ရှိတာ။ အဲဒီအခန်းမှာလည်း နှစ်ပေါက်ဆင့် ပြတင်းပေါက်တွေ ရှိတယ်ဆိုတာ အိမ်ထဲအဝင်မှာကတည်းက ကျွန်တော် တွေ့ခဲ့သေးတယ်။ ဒီအိမ်မှာ သဘောအကျဆုံးအရာကို

mgyoe.com

mgyoe.com SAMPLE BOOK



ပြောပါဆိုရင် ပြတင်းပေါက်တွေလို့ ပြောရမှာပဲ။

နံရံပေါ်မှာတော့ ပြက္ခဒိန်တွေထဲက စိုးမြတ်သူဇာတို့၊ မေသန်းနုတို့ဟာ အဝတ်စားလှလှပပ၊ အမူအရာ ခပ်ကြော့ကြော့၊ အပြုံးနုနုနဲ့။ မင်းသမီးပုံဆိုလို့ ဒီနှစ်ယောက်တည်းရယ်။ ကျန်တဲ့ပြက္ခဒိန်တွေမှာတော့ ကျော်သူ၊ စိုးသူ၊ ရန်အောင်။ မမနွေ ဘယ်မင်းသား၊ မင်းသမီးများ ကြိုက်သလဲ မသိဘူး။ မေမေ့လို မေသန်းနု အသည်းစွဲများ ဖြစ်လေမလား။

ကျွန်တော်ကတော့ မင်းသမီးထဲမှာ သိပ်ကြိုက်တဲ့သူမရှိ။ မင်းသားလည်း အတူတူပါပဲ။ ကြည့်လို့ကောင်းတဲ့ မင်းသား၊ အထူးသဖြင့် ဖိုက်တင်ကောင်းတဲ့ မင်းသားဆို ကြိုက်လိုက်တယ်။ ဂျက်ကီချန်း ကြိုက်တယ်၊ ရမ်ဘို ကြိုက်တယ်၊ အာနိုး ကြိုက်တယ်၊ ဗန်ဒိန်း ကြိုက်တယ်။ အကြိုက်ဆုံးမင်းသားကတော့ ဟာသလည်း ရ၊ ဖိုက်တင်လည်း ရေရေလည်လည် မိတဲ့ ဂျက်ကီချန်းပေါ့လေ။ ဖိုက်တင်အသားပေးတဲ့ ဇာတ်ကားတွေရယ်၊ လူစွမ်းကောင်းတွေပါတဲ့ ရုပ်ရှင်တွေရယ်များ ကြည့်မိရင် မင်းသားနေရာ ကိုယ့်တိုင် ရောက်တော့မလို ကျွန်တော့်မှာ အားကျတော့တာပဲ။ မြန်မာဇာတ်ကားတော့ မေမေ ကြည့်တာ လိုက်ကြည့်တာပဲ။ ကျော်ဟိန်းလည်း ကြည့်၊ စိုးသူလည်း ကြည့်၊ ရန်အောင်လည်း ကြည့်၊ ရဲကိုကိုလည်း ကြည့်၊ မို့မို့မြင့်အောင်တို့၊ မေသန်းနုတို့၊ စိုးမြတ်သူဇာတို့လည်း ကြည့်ပေါ့။

ပြောမယ့်သာ ပြောရတာ ဒီရောက်ကတည်းက ဗွီဒီယိုရုံဆီ တစ်ခါတောင် မရောက်ရသေးဘူး။ ကျောင်းမဖွင့်ခင် တစ်ခါလောက်တော့ မေမေလိုက်ပြမယ် ထင်ရတာပဲ။

'ဟိတ် သွားစို့' ဆိုတဲ့ မမနွေ့ အသံဖျော့လေး ထပ်ပေါ်လာတော့ ကျွန်တော် ဆတ်ခနဲ လှုပ်သွားတယ်။

"ဟင်...ဘယ်သွားမှာလဲ"

"မင်း ပြန်ဖို့လေ၊ နေပူထဲ လမ်းလျှောက်နေရမှာစိုးလို့ စက်ဘီးနဲ့ လိုက်ပို့မလို့"

"လမ်းလျှောက်ပြန်လည်း ရတာပဲဟာ"

'လာမှာသာ လာစမ်းပါ' လို့ ပြောပြီး မမနွေ ရှေ့က ဦးဆောင်ဆင်းတော့ ကျွန်တော် လိုက်ခဲ့ရပြန်တယ်။ အိမ်အောက်ဘက် မြေသားပေါ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK


နေရောင် ကွက်တိကွက်ကျား ဖြာကျနေတယ်။ သစ်ရွက်တွေရဲ့ အရိပ်ဟာ မြေပြင်မှာ ရုပ်ရှင်ပြနေသလိုပဲ ကခုန်နေကြတယ်။ အရိပ်ရုပ်ရှင်။ တစ်ခါ တလေ အဲဒီလို အရိပ်တွေကို ထိုင်ကြည့်ပြီး ကိုယ့်ဘာသာ ဇာတ်လမ်းတစ်ပုဒ်လို မြင်နေရတာ ကျွန်တော် သိပ်သဘောကျတာပဲ။ လေတိုးတာ ပြင်းရင် ပြင်းသလို သစ်ခက်တွေ အရှိန်နဲ့ လှုပ်သွားတာ၊ လေဖျော့ရင် ဖြည်းဖြည်းလေး နွဲ့နေတာ ဘယ်လောက် လှသလဲ။

အဲဒီအရိပ်တွေကြားမှာ မမနွဲ့ရော ကျွန်တော်ပါ အရိပ်ပွားတွေအဖြစ် နဲ့ ဟိုတစ်ကွက် ဒီတစ်ကွက် ရောနှောလို့။ ကျွန်တော်တို့ရဲ့ အရိပ်ရုပ်ရှင်။

***

တစ်ရက်ကျပြန်တော့ အဲဒီအရိပ်ရုပ်ရှင်ဟာ လှပခမ်းနားတဲ့ သဘာဝ ပန်းချီကားတစ်ချပ်အနီးမှာ တည်ခဲ့တယ်။

အဲဒီရက်က ခါတိုင်းလို စာအုပ်ငှားပြီး မပြန်ဘဲ 'ခြံနောက်ဘက် သွားကြည့်လို့ ရမလား မမနွဲ့' လို့ ကျွန်တော်မေးတဲ့အခါ 'ကြည့်လေ'တဲ့။ တွေ့စတုန်းကတော့ သူ့ကိုယ်သူ သုံးနှုန်းသလို မမလို့လည်း လိုက်မသုံးတတ်ဘဲ အစ်မလို့ တုံးတိတိ ခေါ်ခဲ့ဖူးတယ်။ နှစ်ရက်က သုံးရက် ကူးလာတော့လည်း အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲတွေကို ကိုကို၊ မမ အနောက်မှာ နာမည်တပ်ခေါ် သလိုပဲ 'မမနွဲ့' လို့ မရည်ရွယ်ဘဲ ခေါ်မိပါရော။

'ခုမှ ဒီလို အခေါ်ခံရဖူးပေမယ့် နားဝင်ချိုသားပဲ'တဲ့။

သူ့စိမ်းအရပ်ဒေသမှာ ဦးဆုံး သိကျွမ်းခင်မင်ရတဲ့ မိတ်ဆွေမမဟာ ကျွန်တော့်ကို ဦးဆောင်လို့ ခြံနောက်ဘက်ကို လျှောက်တယ်။ အိမ်နောက် ဖေးကို ခဏတင် ကျွန်တော်တို့ ချဉ်းမိကြတယ်။

ကျွန်တော် စိတ်ဝင်စားမိတဲ့ ခြံနောက်ဘက် အနားသတ်ဟာ တကယ်တော့ ကုန်းမြင့်စွန်းမဟုတ်ဘူး။ ကမ်းပါးတစ်ခုဖြစ်နေတာကိုး။ ကမ်းပါး လျှောစောက်ရဲ့ အောက်ဘက်မှာ မြင်နေရတာကတော့ ကျွန်တော် မျှော်လင့် မထားတဲ့ မြစ်တစ်စင်း။

အဲဒီ မြစ်ဆီကို ကုန်းထိပ်ကနေ ဆင်းသွားတဲ့ အုတ်လှေကားထစ် ကလေးတွေက ဦးတိုက်နေတာ။ မမနွဲ့တို့ရဲ့ ကိုယ်ပိုင်လှေကား၊ မြစ်ဆိပ်ဆင်း တဲ့ လှေကား ဖြစ်မှာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK


မြစ်ဟာ ကျွန်တော့် လက်ယာဘက်ကနေ လက်ဝဲဘက်မြင်ကွင်းဆီ ညင်ညင်သာသာ စီးနေတယ်။ ရေလှိုင်းနုတွေဟာ မွန်းလွဲနေခြည်အောက်မှာ ဖိတ်ဖိတ်လက်လို့။

ပထမတော့ ခြံနောက်ဘက်ကို တွေ့ရရင် ပြန်ဖို့ပါပဲ။ ဒါပေမဲ့လည်း ရိုးရိုးသာမန် နေရာတစ်ခု ဟုတ်မနေဘဲ တစ်သက်လုံးမှာ များများစားစား မြင်ဖူးထိတွေ့ဖူးတာ မရှိတဲ့ကြားက ကျွန်တော့်စိတ်ထဲ မြင်လေတိုင်း ရင်ခုန်ပျော်ရွှင်စေတဲ့ မြစ်ရေပြင် ဖြစ်နေတာကိုး။ မြစ်ကမ်းနား ဆင်းကြည့်ချင်စိတ်ဟာ တားမရဆီးမရ ပေါ်လာတယ်။ အနည်းဆုံးတော့ မြစ်ဟာ ဘယ်နေရာက စလို့ စီးလာတယ်ဆိုတာ ကျွန်တော် မြင်ရင် မြင်ရမှာပေါ့။

"အောက်ဆင်းလို့ ရတယ် မဟုတ်လား မမနွေ"

"အို...ရတာပေါ့၊ မရဘူးဆိုတာ ဘယ်ရှိပါ့မလဲ"

တုံ့ရပ်နေတဲ့ မမနွေကို ကျော်လို့ လှေကားထစ်တွေကနေ ကျွန်တော် ဦးအောင် ဆင်းချလာခဲ့တယ်။ လှေကားထစ်တွေမှာ ကြွေနေတဲ့ ဝါးရွက်ဝါ၊ သစ်ရွက်ရော်တွေပေါ် ဖိနင်းမိသံရယ်၊ ရေစီးသံသာသာရယ်ဟာ အချက်ကျကျ ထွက်ပေါ်လို့။

လှေကားအောက်ဆုံးထစ် ရောက်တော့ ကျွန်တော် ရပ်လိုက်တယ်။ မရပ်ရင်လည်း ရှေ့မှာ မြေသား ခပ်ပျော့ပျော့၊ ပြီးရင်တော့ မြစ်ရေစပ်လေ။ ကျွန်တော်က ရေမကူးတတ်ဘူးကိုး။ မမနွေဆိုရင်တော့ ကူးတတ်မှာပဲ။ မြစ်နားကမ်းနား နေရတဲ့သူများဟာ အတော် ကံကောင်းကြတာပဲ။ လှေလည်း အလွယ် စီးနိုင်သလို ငါးတွေလည်း လတ်လတ်ဆတ်ဆတ် စားရ၊ ရေလည်း ကူးလို့ရ၊ အဝတ်တွေ၊ ဘာတွေ လျှော်ချင်တောင် ရေငင်စရာ မလို။

ပြီးတော့ မြစ်ရေ၊ မြစ်ရေကို ဖြတ်လာတဲ့ လေရနံ့ဟာ တစ်မျိုးလေးပဲ။ မနားတမ်းရှူရှိုက်နေဖို့ပဲ ကောင်းတော့တယ်။ ရေပြင်ဟာလည်း လက်နဲ့ လှမ်းလို့ တို့ထိချင်စရာပဲ။

မမနွေကို လှည့်ကြည့်တော့ ကျွန်တော့် နောက်ဘက် သုံးထစ် လောက် အကွာမှာ ထိုင်ချလိုက်ပြီ။ မမနွေရဲ့ ဝတ်ပုံစားပုံဟာ ကျွန်တော်တို့ စတွေ့တဲ့နေ့ကနဲ့ ခပ်ဆင်ဆင်ပဲဆိုတာ ခုမှသတိပြုမိတယ်။ ပန်းပွင့်နုနုစိပ်စိပ် ချည်ထည်လုံချည်နဲ့ အကွက် မစိပ်မကျဲ ချည်သား ရှပ်အင်္ကျီလက်တို ကိုယ်ထည် ပွပွနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



နဖူးထက်ကဆံပင့်ကျပြန်တော့ မေမေတို့လိုပဲ အတိုညှပ်လို့ ဘေးဘက်ကို ခွဲထားတယ်။ ရန်ကုန်မှာ ကျွန်တော်တွေ့ဖူးတဲ့အစ်မကြီးတွေလို အမောက်ကလေး ကော့နေအောင် ထောင်ထားတာ၊ ဘေးခွဲဆံပင်ရဲ့ ဒီဘက် လွတ်နေတဲ့နေရာမှာ ဆံလျှပ်လေးတွေ ချထားတာတော့ လုပ်မထားဘူး။ ဒါပေမဲ့ မမနွေဟာ ရိုးရိုးဆင်ထားရုံနဲ့ကို လှနေပြီ မှတ်တာပဲ။ ပါးကွက်လေး ညီညီကွက်ထားပုံကလည်း နွေခင်း နေအပူမှာတောင် မြင်ရတာ ငြိမ်းချမ်းနေပါတယ်။

"မမနွေ၊ ဒါ ဘာမြစ်လဲ ဟင်"

"ဒုဋ္ဌဝတီလေ"

"ဒုဋ္ဌဝတီ..."

"ဒုဋ္ဌဝတီဆိုတာ ဧရာဝတီမြစ်ရဲ့ မြစ်လက်တက်လေ၊ မြစ်ငယ်မြစ်လို့လည်း ခေါ်တယ်၊ အဲဒါက ဧရာဝတီနဲ့ ပေါင်းခါနီးတော့မှပါ၊ ရှမ်းပြည်မှာတော့ သူ့နာမည်က ဒုဋ္ဌဝတီပဲ"

လူတစ်ယောက်ကို ပြောသလို ချစ်ချစ်ခင်ခင် ရှိလှဟန် 'သူ' ဆိုတဲ့နာမ်စားကို ကျွန်တော် သတိပြုလိုက်မိတယ်။

ဒုဋ္ဌဝတီ...ဒုဋ္ဌဝတီတဲ့။ ဒီနာမည် ကျွန်တော် သိသားပဲ။

"ဟိုလေ...ဟို ကျောက်မဲအကျဉ်းသားထဲက ဒုဋ္ဌဝတီလား"

"အံမယ် ကျောက်မဲအကျဉ်းသား ကြည့်ဖူးတယ်ပေါ့လေ၊ ခုခေတ်ကလေးတွေက ရှေးကား အဖြူ အမည်းတွေ သိပ်မကြည့်ဖူးဘူး မှတ်နေတာ"

အသက်ဖြင့် သိပ်ကွာပုံ မပေါ်ဘဲနဲ့ 'ခုခေတ်ကလေးတွေ' တဲ့။ ဒီအသုံးကို အတော်မကြိုက်လှတာနဲ့ ကျွန်တော် မဆိုင်းမတွ တုံ့ပြန်ဖို့ပြင်တယ်။

"ကြည့်ဖူးပါတယ် မမနွေရဲ့၊ မေမေနဲ့ အတူကြည့်တာ၊ တနင်္ဂနွေရုပ်ရှင်မှာ ပြတုန်းကလေ၊ အဲဒီကားထဲမှာ မေမေ သဘောကျတဲ့ စကားတောင်ကျွန်တော် မှတ်မိသေးတယ်"

"အင်း...ပြောပါဦး"

စကားလုံး ရေရာအောင် ကျွန်တော် တစ်ချက် တွေပြီး စဉ်းစားလိုက်တယ်။

"ဒုဋ္ဌဝတီမြစ်ရေ သောက်မိရင် သီပေါကို နောက်တစ်ခေါက်ပြန်လာရတယ်တဲ့၊ ဝင်းဦးတစ်ကိုယ်က နောက်တစ်ကိုယ်ကို ပြောတာလေ"

"အလဲ့ မှတ်ဉာဏ်ကောင်းသားပဲတော့်"

mgyoe.com

mgyoe.com SAMPLE BOOK



မမနွေရဲ့ မှတ်ချက်စကားသံဟာ ရယ်သံနုနုနဲ့ ရောနေတယ်။

"အဖြူ၊ အမည်းမို့တဲ့၊ ဆေးရောင်စုံနဲ့ဆို ရှုခင်းတွေ သိပ်လှမှာပဲတဲ့ မေမေက ပြောသေးတယ်၊ ကျွန်တော်တော့ ဝင်းဦး မြင်းစီးတဲ့အခန်းတွေ တအားသဘောကျတာပဲ၊ ကျွန်တော်လည်း မြင်းစီးတတ်ရင် သိပ်ကောင်းမှာပဲ၊ ဟောဟို မြစ်ကမ်းနားမှာ မြင်းစီးပြီး တောထဲ လျှောက်ကြည့်မယ် သိလား မမနွေ"

ကျွန်တော် လက်ညှိုးညွှန်လိုက်တဲ့ မျက်နှာချင်းဆိုင် မြစ်ကမ်းနားတစ် လျှောက်ဟာ သိပ်လှတာပဲ။ ယာခင်းရယ်၊ နောက်ဘက်က ခင်တန်းလေး ရယ် ပြီးတော့ တောင်တန်းတွေရယ်။ ယာခင်းစောင့်တဲကလေးဆိုတာလည်း ခုပဲ ပြေးသွားဆော့လိုက်ချင်စရာပဲ။ မြင်နေရသမျှ မြင်ကွင်းတွေဟာ အိမ်မှာ မေမေ ချိတ်ထားတတ်တဲ့ ရှုခင်းအလှသီးသန့်ပြက္ခဒိန်တွေထဲက ဓာတ်ပုံတွေ၊ ပန်းချီတွေလိုပဲ ကြည့်လို့ သိပ်ကောင်းတယ်။

မြစ်အထက်ဘက်ကို မျှော်ကြည့်တော့ ကျွန်တော် ထင်ထားသလို မြစ်စီးဆင်းလာပုံကို အတိုင်းသား မမြင်ရပါဘူး။ တောင်ကုန်းစိမ်းစိမ်းတွေ ရံထားတဲ့ မြစ်အကွေ့လေးကို ရေကန်အနားသတ်တစ်ခုလို မြင်နေရပါတယ်။ တိမ်မျှင်တိမ်အုပ်တွေကတော့ မြစ်ကို ငုံ့ကြည့်နေကြသလိုပဲ။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တိုးဝှေ့နေတဲ့ လေပြည်ဟာ မြစ်ပြင် ကို ဖြတ်လာတာမို့ စိမ့်စိမ့်လေး အေးနေတယ်၊ မွှေးနေတယ်။ ဒီလေကို တဝ ရှူကြည့်ဦးမှပဲလို့ ကျွန်တော်က တွေးလိုက်ရုံရှိသေး ကျွန်တော့်ဘေးနား ရောက်လာတဲ့ မမနွေကဖြင့် အသံကလေး ထွက်အောင် ရှူရှိုက်လိုက်လေရဲ့။

"ဒီလေအနံ့ကို မမ တအားကြိုက်တာပဲ၊ အိမ်မှာ ဒီနေရာလေးကို အကြိုက်ဆုံးပဲ၊ စာဖတ်ရင်လည်း ဒီနေရာမှာ စာလာဖတ်တာ သိလား"

"ကျွန်တော်လည်း ဒီမှာ လာထိုင်ဖတ်လို့ ရလား"

"ရတာပေါ့"

"ဘွားကြင်…ဘွားကြင် ဆူရင် ဘယ်လို လုပ်မလဲ"

"အံမယ် ဘွားကြင်က ကလေး ချစ်တတ်ပါတယ်၊ လာလည်ချင်ရင် လာသာလာ"

အဲဒီနှစ်က နေရာသစ် အိမ်သစ်မှာ ကျောင်းမဖွင့်ခင် ဖြတ်သန်းရတဲ့ နွေနှောင်းဟာ ကျွန်တော် မရောက်ခင်ရယ်၊ ရောက်စတုန်းကရယ် တွေးမိ

mgyoe.com

mgyoe.com SAMPLE BOOK


သလို ပျင်းစရာ မဟုတ်တော့ပါဘူး။ နေ့လယ်နေ့ခင်းဆို ကျွန်တော်ဟာ မေမေ့ကို ခွင့်တောင်းပြီး မမနွေတို့အိမ်ဆီ လမ်းလျှောက်သွားတော့တာပဲ။ မမနွေကို တွေ့ဖူးနေ သိနေပြီမို့ ဒီနာမည် ပြောလိုက်တာနဲ့ မေမေ့ဂိတ်တံခါးက အလိုလို ပွင့်ပြီးသားပဲ။ 'လမ်းဘေးက လျှောက်နော်' လို့တော့ ပူပူပန်ပန်မှာသေးတာပေါ့။ တကယ်တော့လည်း ကုန်ကားကြီးတွေ၊ လူစီးကားတွေဆိုတာ ခုခေတ်လို အသွားအလာ မများလှတော့ ကတ္တရာလမ်းဘေး မြက်ခင်းစပ်က ကပ်လျှောက်လည်း အန္တရာယ် ရှိမယ် မဟုတ်ပါဘူး။ ဒါပေမဲ့ လမ်းဘေး ဆိုတာမှာမှ လမ်းအောက်ဘက်နား ကပ်ပြီးတော့ကို ကျွန်တော် လျှောက်ပါတယ်။

ဘော်ကြိုရွာလမ်းမဟာ မြင့်မားစိမ်းစိုတဲ့ ကုက္ကိုပင်ကြီးတွေ မိုးထားလို့ လမ်းလျှောက်ရင် သိပ်လည်း မမောပန်းလှဘဲ မမနွေတို့အိမ်ဆီ ရောက်နိုင်တယ်။ များသောအားဖြင့် ကျွန်တော် ရောက်တဲ့အချိန်ဟာ မမနွေတို့၊ ဘွားကြင်တို့ ထမင်းစားသောက်ပြီး အိုးခွက်ပန်းကန် ဆေးကြောပြီးလို့ နေ့လယ်နေ့ခင်း နားနားနေနေ ရှိကြတဲ့အချိန်မျိုးပဲ။ ဘွားကြင်ကတော့ ရေနွေးကြမ်းခွက်လေး ဖြည့်ဖြည့်ပြီး တစိမ့်စိမ့် သောက်လို့ ရေဒီယိုလေး နားထောင်။ မမနွေကလည်း ဘွားကြင်အနားမှာ ရေဒီယို အတူနားထောင်လို့ ရှိနေတတ်တယ်။ တစ်ခါတလေလည်း အိမ်နောက်ဘက်က မြစ်ဆိပ်မှာ အဝတ်လျှော်၊ ဒါမှမဟုတ် အိမ်ဘေးက ကြိုးတန်းတွေမှာ အဝတ်လှန်းနေတဲ့ မမနွေကို တွေ့ရတတ်တယ်။ ဆန်ပြာ၊ မီးဖိုချောင်သိမ်း စတဲ့ အိမ်အလုပ် လုပ်လက်စရှိနေတာ တွေ့ရတတ်တယ်။ တစ်ခါတစ်ခါကျပြန်တော့ ဝရန်တာလေးမှာ ဖြစ်ဖြစ်၊ မြစ်ဆိပ်လှေကားမှာဖြစ်ဖြစ် ထိုင်လို့ စာဖတ်နေတာ တွေ့ရတာပဲ။

ခုထိတော့ ကျွန်တော် ရောက်လာသမျှ ရက်တွေမှာ တခြားအိမ်သားလည်း မတွေ့ရသေးဘူး။ မမနွေရယ်၊ ဘွားကြင်ရယ် နှစ်ယောက်တည်းပဲ။ ဒီအိမ်မှာ အိမ်သား နှစ်ယောက်ပဲ ရှိသလား။ မမနွေမှာ အဖေ၊ အမေ မရှိဘူးလား။ မောင်နှမတွေရော မရှိဘူးလား။ အတောမသတ် သိလိုတဲ့ မေးခွန်းတွေကို တစ်ရက် မေမေ့ရှေ့မှာ လွှတ်ခနဲ ပြောမိတော့ ကျွန်တော် ကြိုအတားခံရတယ်။

"သူများ မပြောပြဘဲ သူများအကြောင်း ဟိုမေးဒီမေး မမေးရဘူးနော်၊ အဲဒီလို မေးတာ မကောင်းဘူး ကြားလား"

"ကျွန်တော် မမေးပါဘူး မေမေရာ"

"မမေးတာတော့ သိပါတယ်၊ တော်ကြာ စကားပြောရင်း လွှတ်ခနဲ

mgyoe.com

mgyoe.com SAMPLE BOOK


ပါမစိုးလို့ ပြောနေရတာ၊ တစ်ခါတစ်ခါကျ လူကြီးတွေရှေ့ ဘာတွေမှန်းလည်း သေချာနားမလည်၊ ပြောရမှန်း မပြောရမှန်းလည်း မသိဘဲ လွှတ်ခနဲ ပြောချင်တာတွေ ပြောတတ်ပြီးတော့”

မေမေ ဘာပြောတယ်ဆိုတာ ကျွန်တော် သိသားပဲ။ ခုအရွယ်လည်း မဟုတ်၊ ငယ်တုန်းက အကြောင်းတွေပါလေ။ ဒါကိုပဲ သတိရတိုင်း မေမေက အစဖော် ရယ်စရာ လုပ်တတ်တယ်။

ကျွန်တော်ဟာ လေး၊ ငါးနှစ်အရွယ်တုန်းက လူကြီးတွေ ပြောတာတွေ မှတ်မှတ်ထားပြီး ပြောရမယ့်နေရာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပြောချလိုက်တတ်သတဲ့။ လူကြီးတွေမှာ တစ်ခဏတော့ ဒီကလေး ဘာပြောလိုက်ပါလိမ့် ကြောင်အမ်း၊ နောက်တော့ နားလည်ရင် တဝေါဝေါ ရယ်ရတယ် ဆိုတာပဲ။ ဥပမာ ဆိုပါစို့၊ ကြီးကြီးနဲ့အတူ မြန်မာဗွီဒီယို အတူ ကြည့်နေရင်း မင်းသမီးပျို့အန်တဲ့အခန်း ရောက်ရင် ‘ကြီးကြီး၊ အဲဒါလေ သူ ကိုယ်ဝန်ကျိုသွားတာ သိလား’ လို့ ဝင်ပြောတယ်ဆိုပဲ။ ကြီးကြီးရော၊ ဘေးက အတူကြည့်နေသူတွေရော ရယ်လိုက်ကြတာ တော်တော်နဲ့ မရပ်ဘူးတဲ့လေ။ ခုချိန်အထိ လက်ဆင့်ကမ်းလာကြတဲ့ ဟာသမှာ ကျွန်တော်ဟာ အသက်ဘယ်လောက် ရောက်လာရောက်လာ လေး၊ ငါးနှစ် ဖြစ်မြဲပဲ။

‘ငယ်တုန်းကဟာတွေပါ မေမေရာ၊ သားက အခု လူကြီးဖြစ်နေပြီ၊ မမနွေ့ မပြောဘဲ မမေးဘူး၊ တကယ်ပြောတာ’ လို့ အဲဒီနေ့က မေမေ ကျေနပ်အောင် ဂတိပေးခဲ့တာဟာ စကားအဖြစ် ပြောတာတော့ မဟုတ်ဘူး။ စကားအတိုင်း တစ်သဝေမတိမ်း မမေးမစမ်းဘဲနဲ့ မမနွေ့တို့အိမ်မှာ ဝင်ထွက်နေမိတာပဲ။

ဒီအိမ် လာရတဲ့ ကျွန်တော်ရဲ့ ဦးတည်ချက် နှစ်ရပ်က အပျင်းပြေဖို့၊ စာအုပ်ငှားဖို့ ဒါပဲ မဟုတ်လား။ အဲဒီနှစ်ခုစလုံး အောင်မြင်မှတော့ ကျန်တာဘာမှ အရေးမကြီးဘူးလို့ပဲ ကျွန်တော် မှတ်တယ်။

မမနွေ့တို့ အိမ်ဝိုင်းကလေးထဲ ဝင်လာရင် လူဟာ အလိုလို ရွှင်လာတတ်တယ်။ နေ့ခင်း နေရိပ်ထိုးလို့ သစ်ရွက်လေးတွေ၊ ပင်စည်တွေ မြေပြင်မှာ အရိပ်ဇာတ်ခင်းတာကို မြင်မြဲလို မြင်ရတယ်။ ခြံနောက်ဘက်က သစ်ပင်မြင့်တွေ၊ ဝါးရုံတွေဆီက လေတိုးသံကြားရတယ်။ အငှေ့အချာ နားထောင်ရင် မြစ်ရေစီးသံ သဲ့သဲ့လေးကိုတောင် ကြားနိုင်သေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


လှေကားထစ်တွေကို စတက်လိုက်တာနဲ့ ကျွန်တော့်နှုတ်က ထွက်ပေါ်မြဲ ခေါ်သံဟာ 'မမနွေ' ဆိုတာပါပဲ။

***

မမနွေရဲ့ နာမည်လေးကို တိုးတိုးဖွဖွ ရွတ်ရင်ပဲ ဖြစ်ဖြစ်၊ မှတ်မိသမျှ ငယ်မျက်နှာလေးကို မြင်ယောင်ရင်ပဲ ဖြစ်ဖြစ် ကျွန်တော့်နှလုံးခုန်သံဟာ တငြိမ့်ငြိမ့်စီးဆင်းတဲ့ စမ်းချောင်းကလေးလိုပဲ။ အေးမြတယ်၊ ငြိမ်းချမ်းတယ်၊ ဂီတရဲ့ သိမ်မွေ့နက်နဲခြင်း သဘောတရားတွေလည်း ပေါင်းစပ်ပါဝင်နေတယ်။

စမ်းရေစီးနဲ့ တအိအိ တလွင့်လွင့် မျောသလို စိတ်ကို လွှတ်ပေးမိတဲ့ အခါ နှစ်ပေါင်း ၂၀ ဆိုတဲ့ ကာလဟာ ဘာမှ မဟုတ်တော့သလို အမှုန်အမွှားမျှသာပဲ။ ကျွန်တော်ချစ်ခဲ့ပါတယ်၊ လွမ်းခဲ့ပါတယ်။ ပစ္စုပ္ပန်မရှိ၊ အနာဂတ်မသိ၊ အတိတ်တစ်ခုသာ သက်ဝင်လှုပ်ရှားတော့သလို ကြုံနေရတဲ့အချိန်နာရီတွေ နောက်ပြန်လည်သလို မကြာခဏ အမှတ်မှားပါတယ်။

မြူမှုန်လို ကာလွှားတဲ့ နံရံတစ်ခုကို တိုးဖယ်လိုက်ရုံနဲ့ အတိတ်ကို ပြန်ရောက်၊ အရာရာဟာ ပိတ်ကားထက် ထင်တဲ့ ရုပ်မြင်ရိပ်ပုံတွေပဲလို့ ကျွန်တော် ပြောရင် အပိုလို့ ဘေးလူတွေက ဆိုကောင်းဆိုမယ်။ ကျွန်တော့် အတွက်တော့ ဘေးလူတွေ ဘယ်လို မြင်တယ်ဆိုတာ သိပ်အရေးမကြီးလှဘူး။ ကျွန်တော် ဖန်တီးတဲ့ သီးခြားကမ္ဘာမှာ ငြိမ်ဆိမ်လွမ်းနေရရုံနဲ့ ပြည့်စုံခဲ့ပါတယ်။

မှတ်ဉာဏ်ကောင်းလှသူမဟုတ်တဲ့ ကျွန်တော့်မှာ မမနွေနဲ့ ပတ်သက်လာရင်တော့ အသေးစိတ်ကအစ မှတ်မိနေပြန်တယ်။ ဉပမာ ဆိုပါစို့၊ မမနွေမှာ မောင်နှမများ မရှိလေဘူးလားလို့ သိချင်ရက်နဲ့ မမေးဖြစ်ခဲ့တဲ့ မေးခွန်းရဲ့ အဖြေ ကျွန်တော့်ဆီ ဆိုက်ဆိုက် ရောက်လာခဲ့တဲ့နေ့ ဆိုပါစို့။ ဘယ်ပုံ ဘယ်နည်း အဖြေ သိရတယ်ဆိုတဲ့ မြင်ကွင်းတွေဟာ ခု ပြန်စဉ်းစားရင် ခုပဲ မျက်စိရှေ့ ဖြစ်ပျက်နေသလို တရေးရေး ပေါ်လာတော့တာပဲ။

အဲဒီနေ့က ကျွန်တော်ဟာ မမနွေတို့ခြံဝိုင်းထဲကို နေ့ခင်းချိန် ဝင်မြဲ တိုင်းလို ဝင်လာခဲ့တယ်။ 'မမနွေ'လို့ အသံပြုတယ်။ မမနွေရဲ့ပြန်ထူးသံ၊ ဒါမှ မဟုတ် အဘွားကြင်ရဲ့ တုံ့ပြန်သံ မကြားရခင် အိမ်ထဲကနေ လူရိပ်တစ်ရိပ် ထွက်လာတာ တွေ့လိုက်ရတယ်။

ကာတွန်းစာအုပ်တွေရင်မှာပိုက်၊ လှေကားရင်းမှာ ခြေစုံရပ်ပြီး ဝရန်တာက

mgyoe.com

mgyoe.com SAMPLE BOOK

လူကို ကျွန်တော် စူးစမ်းမိသလို သူကလည်း ကျွန်တော့်ကို အကဲခတ်လို့။ သူဟာ မမနွေနဲ့ အသက်ချင်း မတိမ်းတယိမ်း ဖြစ်လိမ့်မယ်။ ရုပ်ဆင်သလား ဆိုတော့လည်း အဆင်ချည်း ဟုတ်မနေဘူး။ ရှမ်းစပ်သူတွေလို အသားအရေမျိုး ရှိတယ်၊ မျက်လုံးမျက်ဆန်ကတော့ မမနွေလို့ ဝန်းဝန်းလှလှမဟုတ်ဘူး၊ နှာတံ စင်းစင်း၊ နှုတ်ခမ်းပိပိရိရိ။ ခြုံပြောရရင် ကြည့်ကောင်းသူတစ်ယောက်ပဲ။ အရုပ်အမောင်းဟာ အသက်နဲ့ စာရင် နည်းနည်းတော့ ရှည်လျားလျား နိုင်သလိုလို။ လူက မပြည့်ဖြိုးလှတော့ အရုပ်က ပိုရှည်နေသလို ထင်ရတာ ဖြစ်လိမ့်မယ်။

သူ ဘယ်သူလဲ၊ မမနွေရဲ့ အစ်ကိုလား၊ သူငယ်ချင်းလားလို့ ကျွန်တော် တွေဝေတွေးနေတုန်းမှာပဲ 'နွေက မီးဖိုထဲမှာ' လို့ ပြောလာတယ်။

ကျွန်တော် အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ မမနွေ မီးဖိုထဲက ထွက်လာပြီ။ ခါတိုင်းလိုပဲ ပါတိတ်ထဘီ အိမ်နေရင်းဝတ်လေးနဲ့၊ ရုပ်အင်္ကျီပွပွနဲ့။ ဆံပင်တွေကို အလွယ်စည်းနေကျလို စည်းနှောင်ထားတယ်။ သနပ်ခါး ပါးကွက်ရေးရေးနဲ့။ ပြုံးလိုက်တော့ အဲဒီ ပါးကွက်ကလေးတွေပါ လှုပ်လို့။ 'လာလေ မြတ်မော်' တဲ့။

စောစောက တစ်ယောက်ဟာ စာအုပ်စင်နဲ့ မလှမ်းမကမ်းက ဖျာ ချောပေါ် ထိုင်နေပြီ။ နေကြာစေ့ပန်းကန်ထဲက နေကြာစေ့တွေ တဖြောက်ဖြောက် ဝါးနေပြီ။ ဘေးမှာ ခေါင်းအုံးနှစ်လုံးဆင့် ချထားပုံ၊ ဝတ္ထုတစ်အုပ် မှောက်လျက် ချထားပုံထောက်တော့ စောစောက ကျွန်တော် မရောက်ခင်အထိ လဲလျောင်း ရင်း စာဖတ်နေပုံပဲ။ အဘွားကြင်ကိုတော့ မတွေ့ရ။ အိမ်လည်တာလည်း ဖြစ်ရင် ဖြစ်လိမ့်မယ်။ ဘာလို့ဆို အိမ်မှာသာ ဘွားကြင် အိပ်နေရင် မမနွေဟာ အသံ ဒီလောက် မကျယ်ဘဲ တိုးတိုးညင်သာ ပြောတတ်တာကိုး။

"စာအုပ် လာယူတာဆို အတော်ပဲ၊ သုံး၊ လေးရက်စာသာ ယူသွား တော့ မြတ်မော်၊ မမ ဒီနေ့ သီပေါ ပြန်မှာ"

'သီပေါ ပြန်မှာ' ဆိုတဲ့ စကားလုံးကို ကျွန်တော် သံယောင်လိုက် မိတယ်။

"အင်းလေ ဒီညနေ သီပေါ ပြန်မှာ၊ သန်ဘက်ခါ ကျောင်းဖွင့်တော့ မှာပဲ မြတ်မော်ရဲ့၊ ဒါတောင် ကျူရှင်မတက်လို့ မမ စောမပြန်ရတာနော်"

'သြော်' လို့ လူကြီးတွေ လေသံဖမ်းပြီး ကျွန်တော် ဆိုတယ်။ ရှစ်တန်း တက်မယ့်မမနွေဟာ ကျွန်တော် ထင်ထားသလို ဘော်ကြိုကျောင်းမှာ တက်တာ

mgyoe.com SAMPLE BOOK


မဟုတ်မှန်း သိနှင့်သားပဲ။ ကျောင်းကြီးလို့ ခေါ်ကြတဲ့ သီပေါက အထက်တန်းကျောင်းမှာ ဟုတ်မှန်းလည်း သိသားပါပဲ။ ဒါပေမဲ့ သိရက်နဲ့ မေ့မေ့လျော့လျော့ ရှိမိတယ်။ ကျောင်းတွေ ဖွင့်ရင် ကျွန်တော်နဲ့အတူ ကျောင်းသွားဦးမလို ထင်မိခဲ့တယ်။ ခုတော့ မမနွေက ပြန်တော့မတဲ့။

ကျောင်းမဖွင့်ခင် ကာလတိုလေးမှာတင် သိကျွမ်းလိုက်ရပေမယ့် နေရာစိမ်းမှာ ဦးဆုံး ခင်တွယ်ရသူမို့ မမနွေ ဒီအိမ်မှာ ရှိတော့မယ် မဟုတ်ဘူးဆိုတဲ့အကြောင်းအရာဟာ ကျွန်တော့်ကို ဝမ်းနည်းစေတယ်။ ခါတိုင်းလိုဆိုရင် တစ်ခုခုတော့ ပြောလိုက်မိမှာပဲ။ သူတစိမ်းရှေ့မို့ ကျွန်တော် နှုတ်ဆိတ်နေတယ်။

ကာတွန်းစာအုပ်လေးတွေကို စာအုပ်စင်မှာ ကျွန်တော် စီရရီ တင်လိုက်တယ်။ စာအုပ်ရွေးနေတုန်းမှာပဲ စောစောက ဘယ်သူပါလိမ့် ကျွန်တော် သိချင်လှသူနဲ့ မမနွေက မိတ်ဆက်ပေးသလို ဆိုလာတာပဲ။ 'ဒါ မမအစ်ကိုလေ၊ ကိုလေးလို့ ခေါ်တယ်၊ မမကို ပြန်လာကြိုတာ' တဲ့။ အစ်ကိုလည်း ပြောသေး၊ ရုပ်လည်းမတူဘူးလို့ ကျွန်တော် တွေးမိတယ်။ ဒါပေမဲ့ နှုတ်ဆိတ်လျက်ပဲ။

'မြတ်မော်လေ ကိုလေး' လို့ မမနွေ ပြောတော့ ရင်းနှီးဟန်အပြုံးကို တွေ့လိုက်ရတယ်။ ကျွန်တော့်နာမည်တော့ သူ့ကို မမနွေ ပြောဖူးမှာပေါ့။ စာအုပ်လာလာငှားတဲ့ ကောင်လေးဆိုပြီး ပြောပြဖူးမှာပေါ့။ ဘယ်တုန်းက ပြောပြတာ ဖြစ်လေမလဲ။ ဒီအိမ်ကိုတော့ ကိုလေး လာတာ ကျွန်တော် အခုမှ တွေ့ဖူးတာမို့ ဖြစ်ချင်းဖြစ် မမနွေ စာအုပ်ဆိုင် သွားတုန်းက ဖြစ်ပါလိမ့်မယ်။

မမနွေဟာ ဒီအိမ်မှာ စာအုပ်တွေ ဖတ်စရာ မကျန်တော့တာမို့ နှစ်ရက်ခြားနေ တစ်ခါလောက် သီပေါက စာအုပ်ဆိုင်ဆီ စာအုပ်ငှားဖို့ သွားတတ်သူပါပဲ။ အဲဒီဆိုင်ဟာ ကလေးတုန်းကတည်းက ငှားလာခဲ့တဲ့ ဆိုင်မို့၊ မမနွေ လာရတာလည်း စေးမှန်းသိတာမို့ ရက်လွန်ကြေးမရှိ ရက်ကျော်ငှားခွင့်ပေးထားသတဲ့။ ကျွန်တော့်ကိုတော့ နောက်နှစ်လောက်ကျမှ စက်ဘီးနဲ့ 'လွှတ်ဖို့၊ မေမေစိတ်ချတဲ့အချိန်လောက်မှ လိုက်ခဲ့ဖို့ ဆိုတယ်။

"နွေ ပြန်ရင် မင်းတော့ ပျင်းနေတော့မှာပဲ"

ကျွန်တော် ပြောချင်တဲ့စကားဟာ ကိုလေးဆိုသူရဲ့ နှုတ်က ထွက်ကျလာပါပကော။ ကာတွန်းစာအုပ် တစ်အုပ်ကို ကြမ်းမှာ ချလိုက်ရင်း 'ဟုတ်' လို့ ကျွန်တော် တုံ့ပြန်လိုက်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"အိမ်မယ် ကျောင်းဖွင့်လို့ သူငယ်ချင်းတွေ ရလာရင် ဆော့ရတာနဲ့ တောင် ဝမှာ မဟုတ်ဘူး"

မောင်နှမနှစ်ယောက် ရယ်ကြတော့ ကျွန်တော်လည်း လိုက်ရယ်မိတယ်။ မမနွေဟာ ကျွန်တော်နဲ့ တွေ့တာ သိပ်မကြာသေးပေမဲ့ ကျွန်တော့်စိတ်ကို အတိအကျ ခန့်မှန်းတတ်သလိုပဲ။ ကျွန်တော်ဟာ အဖော်အပေါင်း မင်လှသူ၊ အဆော့မက်သူဆိုတာ မမနွေ ဘယ်လိုများ သိပါလိမ့်။

"ဟိုတစ်နေ့ကတောင် အိမ်နားက ဖိုးခွားနဲ့ တွေ့ပြီးပြီ၊ အဖော်ရနေပြီ မဟုတ်လား၊ မင်းနဲ့ အတန်းတူပဲလေ"

မမနွေ ပြောတော့မှ သူငယ်ချင်းအသစ်ကို ကျွန်တော် အမှတ်ရလာတယ်။ ဟုတ်သား၊ သူငယ်ချင်းအသစ်ရတာ၊ မနေ့ကတောင် နှစ်ယောက်သား အိမ်နောက် တောတန်းဘက် သွားဆော့ကြသေးတာ ညနေဘက် လာတုန်းက ပြောပြမိတာကိုး။ (ကျောင်းဖွင့်တော့ သူငယ်ချင်းလေးယောက် တတွဲတွဲ နေကြတဲ့အထဲ ဖိုးခွားလည်း ပါတယ်၊ နောက်နှစ်ယောက်က ဟိုမော်ရွာက စိုင်းနောင့်ရယ်၊ နားခဲရွာက ရွှေယိင်းရယ်။)

"ဆော့သာဆော့ကွာ မြတ်မော်၊ အတန်းကြီးလာရင် စာတွေ နင်းကုန်းကျက်ရတာ ပျင်းစရာကြီး၊ ဒီအချိန်လေးတွေပဲ ပျော်စရာကောင်းတာ"

"ကျွန်တော် အတန်းလည်း မကြီးချင်ဘူး၊ စာလည်း တအားမကျက်ချင်ဘူး၊ စာကျက်ရတာ ပျင်းတယ်"

'စာဖတ်ရတာတော့ ပျော်တယ်မို့လား' လို့ မမနွေ စကားထောက်ပေးတော့ ကျွန်တော် ရယ်မိတယ်။ ကျွန်တော်ဟာ မေမေ တဖွဖွ ဆူပြောနေမှ စာကျက်တတ်သူပဲ။ ဖြစ်နိုင်ရင် ကာတွန်းတွေ ဖတ်ပြီး၊ သူငယ်ချင်းတွေနဲ့ ဆော့ပြီးတော့သာ နေချင်တယ်။

"ဖတ်ပါ၊ အပြင်စာဖတ်တာကဖတ်၊ ကျောင်းစာလည်း မလွတ်စေနဲ့"

မမနွေရဲ့လေသံဟာ အစ်မကြီးတစ်ယောက်ရဲ့ လေသံမျိုးပဲ။ ကျွန်တော် စောဒက မတက်၊ အရွှင်စိတ်နဲ့ပဲ ခေါင်းညိတ်မိတယ်။

အဲဒီညနေက ကိုလေးနဲ့ မမနွေ ဘီးကလေး တစ်စီးစီနဲ့ သီပေါပြန်ကြတော့ ကျွန်တော်ရယ်၊ ဖိုးခွားရယ်ဟာ ကျွန်တော်တို့ အိမ်ရှေ့ကွက်လပ်မှာ ဂျင်ပေါက်နေတုန်း။ 'မြတ်မော်ရေ၊ မမ ပြန်ပြီနော်' လို့ မမနွေ အော်တော့မှ ကျွန်တော် ခြံရှေ့ပြေးထွက်မိတယ်။ မမနွေရယ်၊ ကိုလေးရယ်ဟာ ဘီးနင်းရင်း

mgyoe.com

mgyoe.com



လက်ပြလို့။ ကျွန်တော်လည်း ပြုံးရွှင်ရယ်မော လက်ပြနှုတ်ဆက်မိတယ်။

ဘီးနှစ်စီး တဖြည်းဖြည်း ဝေးသွားတော့ ကျွန်တော့်လက်ဟာ ဖတ်ခနဲ ပြုတ်ကျတော့တယ်။ ဝမ်းနည်းသလိုလို ခံစားမှုတစ်မျိုးဟာ ကျွန်တော့်စိတ်ထဲ လူးလိမ့်ပြေးလွှားနေတယ်။ လမ်းကလေးအကွေ့မှာ ပျောက်ကွယ်သွားတဲ့အထိ ဘီးလေးတွေကို ငေးလို့ နေမိတယ်။

မမနွေ ပြန်လာဦးမယ်ဆိုတာ သိရက်နဲ့ ဝမ်းနည်းလွမ်းဆွတ်သလိုလို ဖြစ်မိတဲ့ အဲဒီအခိုက်အတန့်ကို မမနွေနဲ့ လုံးလုံး ပြန်မတွေ့ရတော့ဘူးလို့ သိလိုက်ရတဲ့အချိန်ကျတော့မှ ဘာကြောင့်မှန်းမသိ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေးမိတယ်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်အပြင်ဘက်တွင် မိုးသံသည်းစပြုလျက် ရှိသည်။

နံနက်တုန်းက မိုးရိပ်မိုးငွေ့မမြင် မိုးလေကင်းခဲ့တာကို ဝမ်းသာခဲ့ရသလောက် ခုတော့လည်း ဒုဋ္ဌဝတီမြစ်ကမ်းနံဘေး အိမ်ကလေးနှင့် မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်မှာပင် သူတို့ ခိုနေကြရပြီ။

လက်ဖက်ရည်ဆိုင်ဆီ မရောက်မီတုန်းကတော့ သူတို့သည် ကောင်လေး၏မမနွေ နေထိုင်ခဲ့သောအိမ်ဝင်းခြံအတွင်းမှာ၊ ခြေရာပေါင်း၊ ပုံရိပ်ပေါင်းတို့နှင့် အနီးစပ်ဆုံးသောနေရာမှာ ရှိနေခဲ့လေသည်။

တံခါးစေ့ပိတ် သော့ခတ်၍ ငြိမ်ချက်သားကောင်းလှသောအိမ်ကလေးကို မြတ်မော် ငေးတော့ လှေကားထစ်လေးများကအစ ဝရန်တာက ရေအိုးစင်ဟောင်းလေးအထိ သူပါ စူးစမ်းရသည်။ ဒုဋ္ဌဝတီမြစ်ကမ်းသို့ မြတ်မော်ဆင်းလျှင် သူသည် လှေကားထစ်မှာ နေရာယူကာ မြစ်ကို မမြင်ဖူးသလိုငေးမျှော်၏။ စကားဆိုလျှင် နားစိုက်ထောင်၏။ တစ်ချက် တစ်ချက် လိုအပ်လာလျှင်တော့ စကားထောက်ပေးမိလေသည်။

မြစ်ရေစီးသံသည် အတိတ်ကို တသသူတစ်ဦး၏သရုပ်ကို ပံ့ပိုးပေးသည့် နောက်ခံဂီတလည်း ဖြစ်ခဲ့သည်။

မြစ်ကမ်းနံဘေးမှ ခွာကာ အိမ်ဝင်းထဲက နှစ်ယောက်သား ထွက်ရန် ပြင်ဆဲမှာပင် မိုးက ဆိုင်းမဆင့် ဗုံမပါ ဗြုန်းဆို ရွာတော့သည်။ မသည်းသည်ကိုပင် ကျေးဇူးတင်ရ၏။ နို့မို့ဆိုလျှင်တော့ အဆောင်းမပါသူတို့မှာ လူကြီးများပြောတတ်သလို ဒုက္ခနှင့် လှလှ တွေ့ရလိမ့်မည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖွဲသော မိုးစက်တို့အောက်မှာပင် လက်ဖက်ရည်ဆိုင်အရောက် ချီတက်ခဲ့ကြရသည်။

ဆိုင်သည် ရွာဆိုင်ငယ်မျှသာမို့ ဆိုင်ဖျော် လက်ဖက်ရည်၊ ကော်ဖီ စစ်စစ် မရချေ။ အသင့်ဖျော် အထုပ်များနှင့် လက်ဖက်ရည်၊ ကော်ဖီ တစ်ခွက် စီသာ မှာ၍ရကြသည်။ အပူငွေ့တလူလူထသော ကော်ဖီကို တစ်ငုံမျှ သောက် ချတော့ မိုးအနည်းငယ် စိုခဲ့၍ ချမ်းစိမ့်ရခြင်းမှာ နေသာပေသည်။

သူနှင့် စားလွယ်ခုတ် အနေအထားမှာ ထိုင်သည့် မြတ်မော်သည် မှတ်စုစာအုပ်တစ်အုပ်ထဲ တစ်စုံတစ်ရာ ရေးချလျက်ရှိသည်။ ဖျတ်ခနဲ လှမ်း ကြည့်ခိုက် 'မမနွေ' ဆိုသော စာလုံးလေး မြင်လိုက်သည်ကိုပင် အားနာကာ သူ အကြည့်လွှဲရသည်။ ကော်ဖီငွေ့၊ ဆိုင်တံစက်မြိတ်တို့ကို ကျော်၍ ဆိုင်အပြင် သို့။

အပြင်ဘက်က ကံ့ကော်ပင်ပျို့မှာ မိုးလေပြည်ကြောင့် အကိုင်းအခက် များ နွဲ့ယိမ်းလျက်။ ရွက်စိမ်းများပေါ် မိုးစက်တို့ တပေါက်ပေါက် တို့ထိခုန် ဆင်းလျှင် ထိုရွက်စိမ်းတို့သည် နာကျင်မှုကို တုံ့ပြန်သည့်နှယ် တဆတ်ဆတ် ယမ်းခါလျက်။

သည်ကံ့ကော်ပင်ပျို့ကို တွေ့တော့ အမေ့ကိုပင် အောက်မေ့သည်။ အမေနှင့်တွဲလျက် နွေအိမ့်ကိုပါ ရေးရေးမြင်ယောင် အောက်မေ့လေသည်။

***

အိမ်တွင် ရှိသော သစ်ပင်တို့အနက် အမေ အခင်တွယ်ဆုံးမှာ အိမ်ရှေ့ က ခရေပင်၊ အိမ်ခေါင်းရင်းက ကံ့ကော်ပင်နှင့် ပိတောက်ပင်တို့ ဖြစ်သည်။ ကံ့ကော်ရနံ့၊ ပိတောက်ရနံ့ သင်းပျံ့တတ်သော နွေချိန်ရာသီမှာ သူ ရောက်လာ တတ်သော အခါရာသီလည်း ဖြစ်တာမို့ အမေ့ခေါင်းထက် ပန်းအလှဆင်ပုံကို အခါများစွာ မြင်ခဲ့ဖူးသည်။

အမေသည် ဘုရားတင်ရာက ကံ့ကော်ပန်းခြောက်များကို စွန့်လျှင်၊ ပန်ဆင်ရာက ဖယ်လျှင် မပစ်မူဘဲ တယုတယ သိမ်းတတ်ပါသေးသည်။

'ဘာလုပ်ဖို့လဲ' သူ မေးတော့ 'နွေ့အတွက်လေ၊ ဝတ်ဆံခြောက်တွေကို သနပ်ခါးနဲ့ ရောလိမ်းဖို့'တဲ့။

ထိုစဉ်က ကလေးမလေးနှင့် ဆုံစည်းတာ တတိယမြောက် နွေရာသီမို့

mgyoe.com

mgyoe.com SAMPLE BOOK



အမေနှင့်ကလေးမလေးအကြားက စာအုပ်ဆိုင်ရှင်နှင့် စာအုပ်ငှားသူ ဆိုတာထက် ပိုသော နှောင်ကြိုးကို သူ ကောင်းစွာ နားလည်နေခဲ့ပြီ။

အမေ့မေတ္တာသည် ကရုဏာနှင့် ယှဉ်လိမ့်မည်။ ပင်ကို နူးညံ့သော အမေ့နှလုံးသားသည် အမိမဲ့ရှာသူ ကလေးမလေးအပေါ်မှာ ပန်းပွင့်လေးများ ကြွေသလို လှပသိမ်မွေ့စွာ ဖြန့်ကြဲထားလိမ့်မည်။ သူသည် မနာလိုခြင်းအလျှင်း မရှိ။ သဘောမနောကြီးလှခြင်းကြောင့်လား ဆိုတော့လည်း မဟုတ်။ ကလေးမလေး၏ မျက်နှာပေါ်က တစ်ယောက်တည်းဆိုလျှင် ငေးငေးရီရီ ရှိတတ်သော အမူအရာတစ်မျိုးမှာ သူ့စိတ်ကို ညှို့ထားသလို ရှိခဲ့သည်။ သူကလေးကို အမေချစ်ရင်တော့လည်း ချစ်ပါစေ။

ဆိုင်ရှေ့ ခရေရိပ်က ကွပ်ပျစ်မှာ စာဖတ်တတ်သော နွေအိမ့်အသွင်မှာ ဆယ်နှစ်အရွယ် ကလေးမလေးတစ်ယောက်ဆိုတာထက် နက်သော အရိပ်တစ်မျိုး လွှမ်းနေတတ်ပုံကို သူ တွေ့စကလိုပင် သတိပြုမိမြဲဖြစ်သည်။ ညီမလေးနန်းနန်းကို မြူချိန်၊ အမေနှင့် စကားစမြည် ဆိုချိန်များမှာ တွေ့ရမြဲ မြူးရွှင်ခြင်းသည် ထီးတည်းကျန်ချိန်မှာ ပျောက်တော့သည်။ ငေးရီမှုန်သော မျက်ဝန်းများမှာ ကလေးအရွယ်နှင့် မလိုက်ဖက်ဟု သူ တွေးမြဲ။ နက်မှောင်လှပသော ဆံတို ကုပ်ဝဲသည် စာငုံ့ဖတ်သော ကလေးမလေး၏ မျက်နှာတစ်ခြမ်းကို သူ့မြင်ကွင်းမှ ကွယ်ကာထား၏။

'နွေရေ'ဟု အမေ အိမ်ထဲက လှမ်းခေါ်လျှင် 'ဟုတ် ဆရာမ'ဟု ထူးသံနှင့်အတူ ပြန်မော့လာသော မျက်နှာလေးမှာတော့ အပြုံးရိပ်က လက်ခနဲ ပေါ်ပြန်သည်။

နွေအိမ်သည် ဆိုင်ကို နေ့ခင်းနေ့လယ်များတွင် ရောက်လာတတ်သည်။ သည်တစ်နှစ် နွေရာသီမှာတော့ နွေအိမ်က ဘီးအနင်းလည်း ရဲ့ခဲ့ပြီ။ ကုန်ကားများ ဖြတ်တတ်သည့် မိန်းလမ်းမမှအပ လမ်းသွယ်အများစုထက်မှာ ကား၊ စက်ဘီး နည်းပါးတော့ နွေအိမ့်အဖို့ရာ အန္တရာယ်လည်း နည်းပေမည်။

'ကံ့ကော်ရိပ်' ရောက်လျှင် နွေအိမ်သည် စက်ဘီးလေးကို ခပ်သာသာပင် ရပ်၏။ ခရေပင်ရိပ်မှာ။

သည်တုန်းက နွေအိမ်သည် ဂါဝန်ဝတ်ဆဲ။ အပွင့်အခက်လေးများ ပါသော ချည်ထည်ဂါဝန်လေးများသည် ဝင်းဝါသော နွေအိမ့်အသားနှင့် လိုက်ဖက်လှသည်။ နွေအိမ်သည် တွေ့စကလို အသားညိုပုံမရှိတော့ပြီ။ ပိန်သွယ်ဟန်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK


မပြောင်းလဲ။ အရပ်ရှည်မည့် အရိပ်အယောင်မှာ ထိုအရွယ်မှာပင် ထင်းထင်း ပေါ်၍ နေသည်။

အငှား အပ်မည့် စာအုပ်လေးများ ပိုက်ကာ ဆိုင်ဘက်ဆီ မျက်နှာမူလျှင် နွေအိမ်သည် 'ဆရာမရေ'ဟု အသံပြုတတ်သည်။ သူ့ကို တန်းတွေ့လျှင် မဝံ့မရဲ ပြုံးကာ၊ မျက်ဝန်းနက်လေးများ ဝေ့လည်ကာ အမေ့ကို အိမ်အတွင်း တစ်နေရာရာမှာ တွေ့လေမလား ရှာဟန်ပြုတတ်သည်။ အမေသာ အိမ်ထဲက ထွက်လာပြီး နှုတ်ဆက်လျှင်တော့ စောစောက မဝံ့သော အပြုံး ပျောက်ရပြီ။

ရွှင်သော အပြုံးနှင့် စာအုပ် အပ်လိမ့်မည်။ အမေ့နောက် လိုက်ကာ နန်းနန်း ရှိရာ အခန်းသို့ ဝင်လိမ့်မည်။ အိမ်မှာ ဦးကျော် ရှိလျှင်တော့ အခန်းသို့တိုင် မဝင်။ နွေအိမ်သည် အိမ်မှာ ဦးကျော်ကို အနည်းငယ် စိမ်း၏။ သူ့ကိုလည်း စိမ်းပုံပြ၏။ အရက်သေစာ သောက်စားမူးယစ်ချိန်၌ ဘေးဘီရှိသူကို အပြစ်ရှာရိုက်နှက်တတ်သောဖခင်နှင့် ကြီးပြင်းလာခဲ့သည်ဟု အမေ ပြောပြတော့လည်း ထိုစိမ်းဟန်မှာ သူ့အတွက် အရေးလုပ်စရာ မဟုတ်တော့ပေ။

တစ်ရက်မှာတော့ စာအုပ်ငှားသူ နှစ်ဦး၊ သုံးဦး ပြန်လျှင် သူသည် ကော်ဖီလေး တစ်ခွက်တလေ ဖျော်ရအောင် မီးဖိုဘက်သို့ ထလာသည်။ အမေတို့ အခန်းအနီးက ဖြတ်မြဲလို ဖြတ်ရသည်။

လေအငွေ့တွင် တလှုပ်လှုပ် ရှိသော ခန်းဆီးပြာအနီးက ဖြတ်ကျော်မည်အပြု အပြင်သို့တိုင် လျှံကျသည့် အမေ့စကားသံမှာ စိတ်ဝင်စားဖွယ် ဖြစ်လေတော့ သူ့ခြေလှမ်းများ အလိုလို တန့်ခဲ့ရသည်။

"နွေ သီပေါအိမ်မှာ မနေချင်ဘူးလို့ ရီရီ့ကို ဆရာမ ပြောပေးရမလား"

သီပေါအိမ်မှာ မနေချင်ဘူး။ ဘာကြောင့်များပါလိမ့်။

ရီရီဆိုသည်မှာ နွေအိမ့်မယ်မယ်မှန်း သူ သိပါသည်။ နွေအိမ်တို့မောင်နှမ တစ်ယောက်မဟုတ် တစ်ယောက်နှင့် ဆိုင်လာနေကျ။ ကြည်လင်သော ရုပ်ရည် ရှိသည့်မိန်းမချောပါပဲ။ အသက်အရွယ်ကတော့ အမေနှင့် မတိမ်းတယိမ်း ရှိလိမ့်မည်။ ဒေါ်ရီရီတင်သည် သားသမီးမထွန်းကား။ နွေအိမ်တစ်ယောက်သာ။ အင်း...နွေအိမ်တစ်ယောက်သာပေါ့လေ...။

"ဟင့်အင်း...မပြောနဲ့ ဆရာမ"

mgyoe.com

mgyoe.com SAMPLE BOOK


"မယ်မယ့်ကို ကြောက်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ပြောရမှာပေါ့၊ ဘာလို့ မပြောရမလဲ နွေရယ်၊ သမီးမှ ဒီအိမ်မှာ မပျော်တဲ့ဟာ၊ ပျော်တဲ့နေရာမှာ နေရမှာပေါ့"

"သမီး…သမီး…"

"ပြော သမီး ဘာဖြစ်"

"သမီး ဒီအိမ်မှာ ပျော်တယ်လို့ မယ်မယ့်ကို ပြောထားတယ်"

တိုးသဲ့သော အသံကလေးနောက်မှာတော့ အမေ့ထံက တုံ့ပြန်သံ မကြားရ။ သက်ပြင်းများ ချလိုက်လေသလား။ ကလေးမလေးကိုများ ငေးနေလေသလား။

အကွယ်တွင် ရပ်သော်လည်း ခန်းဆီးစ လေအဝှေ့မှာ ကံမလှလျှင် မြင်ရတော့မည်မို့ မီးဖိုသို့ ထွက်လာရသည်။ အတွေးကား မရပ်။ နွေအိမ် ဘာကြောင့် သီပေါအိမ်မှာ မပျော်ပါလိမ့်။

နွေအိမ်ကို မွေးစားသော ဆရာမ ဒေါ်ရီရီတင် နေထိုင်သည့် ဝင်းခြံသည် မြန်မာရပ်မှာ ရှိလေသည်။ လမ်းမကြီးက ဖဲ့ဆင်းလျှင် လမ်းသွယ်၏ အလယ် နားလောက်မှာ တည်၏။ ခြံသည် ခပ်ကျယ်ကျယ်။ စိမ်းမြသော သစ်ပင်များ ဝန်းရံကာ ရာသီအလိုက် ပွင့်သော ပန်းများ ဝေဝေဆာဆာ ရှိတတ်သည်။ ခြံရှေ့က ဖြတ်လျှင် နေချင့်စဖွယ်ဟု သူ မှတ်ချက်ချမိမြဲ။

ထိုအိမ်မှာ ဒေါ်ရီရီတင်တို့ ဇနီးမောင်နှံ၊ ခင်ပွန်းသည်၏ မိခင်၊ ခင်ပွန်းသည်၏ အစ်မ[illegible]သားစုပါ အတူနေထိုင်ကြတာ သူ သိထားသည်။ ဒေါ်ရီရီတင့် တူနှစ်ဦးစလုံး စာအုပ်ဆိုင်ကို အဝင်အထွက်ရှိကြသည်။ တူအကြီး ကတော့ မျက်နှာတည်တည်နှင့် လူအေးဟန်။ တူအငယ်ကျပြန်တော့ မျက်နှာ ချိုချို စကားခပ်သွက်သွက်။ နွေအိမ်နှင့်တော့ တူအငယ်က ပိုရင်းသည်။ နွေအိမ် သူတို့ကို ခေါ်ပုံက ကိုကြီး၊ ကိုလေးတဲ့။

အပြင်ပန်းက လှမ်းကြည့်လျှင် ပျော်မွေ့ဖွယ် ဖြစ်သော ခြံမှာ၊ နွေးထွေးခြင်းလည်း ရှိကောင်း ရှိမည့် အသိုက်အမြုံတစ်ခုမှာ နွေအိမ် ဘာကြောင့် မပျော်ရသနည်း။

နွေအိမ် မပျော်ရခြင်း အဖြစ်သနစ် အစုံအလင်ကို ညကျခါမှ စာအုပ်ဆိုင် သိမ်းရန် ပြင်ရင်း အမေနှင့် စကားစပ်လျှင် သိရတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဘာကြောင့်ရမလဲ မောင်စောရယ်၊ ရီရီ့ ယောက္ခမရော၊ ယောက်မ ရော နွေ့ကို မွေးစားကတည်းက မကြည်ကြတာပဲ၊ နှိပ်စက်နေကြတာလား၊ ခိုင်းစားနေကြသလားဆိုတော့လည်း မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ တစ်ယောက် ယောက်က ကိုယ့်ကို မကြည်ဘူးဆိုရင်၊ အဲဒီလူ့ရဲ့ မျက်နှာကို ကြည့်နေရ သလိုလည်း ဖြစ်မယ်ဆိုရင် သူ့အိမ်အမိုးအောက်မှာ အလိုလို အနေကျုံ့တယ် မဟုတ်လား၊ အဲဒါပဲ…အဲဒါကြောင့်ပဲ"

"သူက ဘယ်မှာ နေချင်တာတဲ့တုံး"

"ဘော်ကြိုလေ၊ ဘော်ကြိုက ရီရီ့အမေအိမ်မှာပေါ့၊ ဘွားကြင်က နွေ့ကို ချစ်ရှာတယ်၊ တကယ့် မြေးအရင်းလေးလို ချစ်တာ"

"ဒါဆိုလည်း သွားနေ ပြီးရော"

ငယ်စိတ်နှင့်မို့ မဆိုင်းမတွပင် ဆိုမိသည်။ အမေသည် သူ့လေသံ ခပ်ဆတ်ဆတ် ဖြစ်ရပုံကြောင့်လား။ တစ်ချက် ပြုံးလိုက်လေသည်။ ချက်ချင်း တော့ စကားမတုံ့။ ဝတ္ထုစင်ပေါ်၌ စာရေးဆရာတစ်ဦးချင်းအလိုက် စာအုပ်များ တစုတစည်းတည်း ရှိစေရန် နေရာချနေသည်။ သူကတော့ နံရံထောင့်ချိုးက ကာတွန်းစာအုပ်ပုံမှာ။ ကလေးတို့ စိတ်ကြိုက် မွေထားသော ကာတွန်းစာအုပ် ပုံကို ဆိုင်သိမ်းတိုင်း သည်လိုပင် စိတ်ရှည်လက်ရှည် ပြန်စီရတတ်သည်။

'မောင်စောရဲ့'ဟု အမေ စကားစတော့ မြိုင်ရာဇာတွတ်ပီ ကာတွန်း တစ်ထပ်ကို ပွေ့ပိုက်လျက်က သူ ငဲ့ကြည့်ရသည်။

"ဘော်ကြိုမှာ ပျော်တယ်ဆိုပြီး ဘော်ကြိုအိမ် အပြီး သွားနေမယ် ဆိုတော့လည်း နွေ့အတွက် ဘယ်လွယ်မလဲ၊ ရီရီကျပြန်တော့လည်း သူ့ကို မွေးစားခဲ့တဲ့သူ၊ စောင့်ရှောက်နေတဲ့သူဆိုပြီး နွေကချစ်တာကိုး၊ သိတတ်တာကိုး၊ ရီရီ သူ့ကိုသံယောဇဉ်ကြီးမှန်းလည်း သိနေတော့ ရီရီ့ကို ထားပြီး ဘော်ကြိုမှာ ဘယ်လိုလုပ် သွားနေတော့မလဲ၊ အခုလိုပဲ ဟိုနဲ့ ဒီနဲ့ ကူးနေရတာပေါ့"

တစ်ခါတုန်းက ဘော်ကြိုအိမ်ကနေ စက်ဘီးနှင့် လာခဲ့သော ကလေး မလေး၏ ပုံရိပ်ကို သူ ပြန်မြင်ယောင်နေသည်။ ဘော်ကြိုနှင့် သီပေါ အချိန် ဘယ်လောက်ကြာအောင် သွားရလေသလဲ သူ မသိပါ။ ကလေးမလေးကတော့ စက်ဘီးပေါ်က ဆင်းလိုက်ရှင့် ဝင်းသော မျက်နှာလေး အနီဘက် ပြေးနေ တာ တွေ့ရသည်။ အနည်းငယ် မောဟိုက်ပုံ။ သို့သော် မျက်နှာကြည်ကြည်။ 'နွေ မလာတာ တစ်ပတ်လောက် ရှိပြီ၊ ဘော်ကြိုများ ရောက်နေသလား'ဟု

mgyoe.com

mgyoe.com SAMPLE BOOK


မျှော်ခဲ့လေသော အမေ့မျက်နှာ ရွှင်ပျပုံကိုလည်းကောင်း၊ နန်းနန်းလေးကပါ တလှုပ်လှုပ်နှင့် ရယ်ရယ်မောမောရှိပုံကို လည်းကောင်း သူ အမှတ်ရလာသည်။

"ရှိရှိ… အဲ… ဒေါ်ရှိရှိက ကောင်မလေး ဒီအိမ်မှာ မပျော်တာကို မသိဘူးတဲ့လား"

"သိ၊ မသိတော့ အမေလည်း မပြောတတ်ဘူး မောင်စောရေ၊ သိရင်လည်း သိလိမ့်မပေါ့၊ သူ့မှာလည်း သူ့အကြောင်း ရှိမှာပေါ့၊ ထားပါတော့လေ၊ အမေတော့ နွေ လာပြောရင် နားထောင်လိုက်တယ်၊ နွေက သူ ပြောချင်တာလေးတွေ ရှိရင် အမေ့ကိုသာ ပြောပြတာ၊ သူ ဘယ်က လာတယ်ဆိုတာလည်း လူတွေကို ပြောခဲ့တယ်၊ သူ့ဘဝ အကြောင်းလည်း ပြောပြခဲ့တယ်၊ သူစိတ်ညစ်နေသလား၊ ပျော်နေသလား ဆိုတာလည်း ဘေးလူတွေကို အမူအရာနဲ့တောင် မသိစေတတ်ဘူး၊ အင်း…အမေ့ကျတော့ သူက အလိုလို ပြောပြတတ်ပြန်တယ်၊ ပြီးတော့ ဘာပြောသေးသလဲ သိလား၊ ဆရာမက သမီးရဲ့ ဒေါ်ကြီးဘုပဲတဲ့"

"ဘာတဲ့…"

"ဒေါ်ကြီးဘုတဲ့၊ သူ့အမေရဲ့ အိမ်နီးချင်း၊ သူ့ကို ကြီးတော်လို စောင့်ရှောက်ခဲ့တာတဲ့"

'ဩော်'ဟု တီးတိုးရေရွတ်မိသည့် ခဏမှာပင် မှိုင်းဝေသော မျက်ဝန်းလေးများ သူ့ရှေ့မှောက် ဖိတ်ဖိတ်လက်နေသလို။ ပြုံးတတ်သော်လည်း ဟက်ဟက်ပက်ပက် ရယ်ခဲသည့် ကလေးမလေး။ အလွှာတစ်ခု ရံထားသလို ခံစားမှုအစစ်ကို သိုဝှက်ဖို့ရာအတွက် နွေအိမ့်အရွယ်မှာ တကယ့်တကယ်တော့ ငယ်လှပါသေးသည်။

သူ့တုန်းကဖြင့် အမေ နောက်အိမ်ထောင်ပြုချိန်မှာ တစ်ဆွေလုံး တစ်မျိုးလုံးထံ သူ ဘယ်လိုဘယ်ပုံ ခံစားရကြောင်း အမူအရာဖြင့်၊ စကားလုံးများဖြင့် သိစေခဲ့ဖူးသည်။ သည်အသက်အရွယ်အထိလည်း စိတ်ထဲ ရှိသလိုသာ မျက်နှာမှာ အရိပ်ထင်တတ်သည်။ သူ့တွင် ဒုတိယအလွှာ မရှိချေ။

"အမေ ပြောလိုက် ပြီးရော"

'ဟဲ့…ဘာတုံး'ဟု အလန့်တကြားလေသံ အမေ့ထံက ထွက်ကျလာသည်။

"ဒီအိမ်မှာ နွေအိမ် မပျော်ဘူးပေါ့၊ ဘော်ကြိုမှာပဲ ထားရင် ထားဖို့ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK



"ကိုယ့်အလုပ်မှ မဟုတ်တာ မောင်စောရယ်၊ အသာနေစမ်း၊ လူဆိုတာ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ ကိုယ်ချည်းပဲ၊ သူများဘဝထဲ သွားပြီး စွက်ဖက်လို့မှ မရတာ၊ မိတ်ဆွေမှာလည်း သူ့စည်းကိုယ့်စည်း ရှိတယ်၊ ရီရီဟာ အမေ့ မိတ်ဆွေဆိုပေမယ့် အမေ ပိုင်တဲ့ဆိုင်တဲ့ သွေးသားရင်းချာ မဟုတ်ဘူးလေ"

"အမေ့လောက်တော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ဒါပေမဲ့ သူ နေ့ခင်းက ပြောတာလေး ကြားရတော့ စိတ်မကောင်းလို့"

သည်ကလေးမလေးအပေါ် သူ အာရုံဝင်စားမိပုံကို အမေကတော့ 'စာနာခြင်း'ဟု အမည်တပ်ခဲ့ပေသည်။

"မင်း ငယ်ငယ်တုန်းက အမေနဲ့ ခွဲပြီး အဘွားနဲ့ နေခဲ့ရတယ်မဟုတ်လား မောင်စောရဲ့၊ အဘွားရင်းမို့ ဘယ်လောက်ပဲ ဂရုစိုက်တယ်ပြောပြော မင်းစိတ်ထဲမှာ ကွက်လပ်တစ်ခုတော့ ဖြစ်ကျန်ခဲ့မှာပဲ၊ အဲဒီကွက်လပ်ဟာ ဘာနဲ့ ဖြည့်ဖြည့် မပြည့်ဘူး၊ အမြဲ ဟာနေတာမျိုး၊ ငယ်ဘဝမှာတင် ကျန်မနေဘဲ တစ်ဘဝလုံး နောက်ကပါလာတာမျိုးမဟုတ်လား မောင်စောရဲ့၊ နွေ့ကို တွေ့တဲ့ အခါ မင်း ငယ်ဘဝကို သတိရမယ်၊ ကလေးမလေး အမေ့အိမ် မဟုတ်တဲ့ အိမ်မှာ ဘယ်လိုများ နေနေသလဲလို့ မင်း တွေးမယ်"

သည်လိုဆိုတော့လည်း ကိုယ့်ကိုယ်ကိုယ် ကြီးပြင်းလှပြီ ထင်သူမှာ မိခင်ရှေ့ ကွယ်ဝှက်မရသူလို ခပ်စင်းစင်း ပြုံးမိတော့သည်။ ညီအောင် စီပြီးသော စာအုပ်များကိုပင် လက်ဖနှောင့်နှင့် နှစ်ချက်၊ သုံးချက် ဖိတိုက်လိုက်သည်။

ကာတွန်းစာအုပ်ပုံ၏ အပေါ်ဆုံးမှာတော့ စံရွှေမြင့်၏ ကာတွန်းစာအုပ်။ သည်စာအုပ်ကို နေ့ခင်းကမှ နွေ့အိမ် အပ်ခဲ့တာ သူ မှတ်မိသည်။ တိုက်တိုက်ရယ်မှ ဆိုင်ဆိုင်။

"နွေ့အိမ် သီပေါ ရောက်လာတော့ အသက်ဘယ်လောက်လဲ အမေ"

အိမ်ရှေ့တံခါးကို ပိတ်နေရာက အမေ သူ့ထံ ငဲ့ကြည့်လာသည်။ မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်ပြုသည်။ အိမ်အတွင်းဘက်က ဦးကျော်၏ ကလေးမြူသံ၊ စည်းဝါးမပီ တေးသီသံသည် ပြုံးမြချင်စရာပင် အိမ်ရှေ့သို့ လွင့်လာလေသည်။

"ဘယ်လောက် ရှိဦးမလဲ၊ ခုနစ်နှစ်လောက် ထင်တာပဲ သားရယ်၊ သူ့အမေ ဆုံးပြီး သိပ်မကြာခင်ပဲ ရီရီနဲ့ ပါလာတာ"

mgyoe.com

mgyoe.com SAMPLE BOOK



အတော် ငယ်သေးတာပဲ။ မိခင်၊ သို့မဟုတ် သွေးသားရင်းချာ အုပ်ထိန်းသူတို့ရင်ခွင် ခေါင်းထိုးဝင်နေရမည့် အရွယ်။

ငယ်နုသော အရွယ်မှာ အမိမဲ့ အဖမဲ့ခဲ့ရခြင်းသည် နွေအိမ့်အပေါ် ဘယ်လောက်များ အထိနာစေခဲ့ပါသနည်း။ အမိမဲ့ပြီးချိန်နှင့် မရှေးမနှောင်းမှာ တစ်ပါးသူအိမ်အရိပ် ခိုရချိန် နွေအိမ် ဘယ်လောက်များ တိတ်တဆိတ် ဝမ်းနည်းနေခဲ့ပါသနည်း။

***

"အစ်ကို"

အတွေးနွံက ရုန်းထဖို့ရာ ခေါ်သံသည် မြတ်မော်၏ နှုတ်က ဆိုင်းမဆင့် ဗုံမပါ ထွက်ကျလာသည်။ အကြည့် ဖျတ်ခနဲ ရောက်တော့ စာအုပ်ကို ဘောပဲန် ညှပ်ပိတ်လျက် သူ့ထံ ဝေ့နေသော မျက်ဝန်းများ။

'ပြောလေ' ဆိုပြန်တော့လည်း မြတ်မော်က စကားလုံးစီသလို တစ်ခဏ ငြိမ်သက်နေပြန်သည်။ ဆိုင်ပြင် တစ်ချက် ငေးလိုက်ပြန်သည်။ ဝေဝေဝါးဝါး ရှိတတ်ပုံမှာတော့ ဒုတိယ မောင်ငြိမ်းစောပါလား ကိုယ့်လူရေ။

ကော်ဖီတစ်ငုံမျှ သူ ထပ်သောက်မိ၏။ ဆိုင်အပြင်ဘက်မှာတော့ မိုးစဲလုပြီ။ တစ်အောင့်နေလျှင် မြတ်မော် ပြောထားသလို ဘော်ကြို့ကျောင်းဆီ သွားကြရဦးမည်။

'ဘာပြောဖို့လဲ မြတ်မော်' ဟု ထပ်ဆိုတော့မှ သူ့ထံ အကြည့် စိုက်လာသည်။ ရက်ပိုင်းအတွင်း ရေစက်ဆုံလာရသော မိတ်ဆွေသစ်။ ထိုမိတ်ဆွေ၏ အဆွေဟောင်းကကော့ အတိတ်တစ်ချိန်က သူနှင့်ရေစက်ဆုံခဲ့ဖူးသူ။ ကမ္ဘာလောကဟာ ကျဉ်းလှပါရဲ့။ တစ်ပတ်လည်သော သံသရာစက်ဝန်း၏ မျဉ်းတစ်ကြောမှာ ဆုံလိမ့်မည် မထင်သူတို့ကိုလည်း ကြုံရဆုံရတတ်ပေသည်။

မြတ်မော်၏စူးလက်သော မျက်ဝန်းများသည် နှုတ်ဖျားက ကျလုလု စကားလုံးတို့ကို နောက်ဆုံးအကြိမ် ဆန်းစစ်နေသည့်နှယ်။

"အစ်ကို၊ ကျွန်တော် တစ်ခု မေးစရာ ရှိလို့"

"မေးပါ ရတယ်"

မြတ်မော်သည် ခဏတော့ စကားမစဘဲ ငြိမ်ဆိတ်နေသည်။ နောက်မှ ဆုံးဖြတ်ပြီးဟန် ပင့်သက်ဖျဖျ ရှိုက်ကာပင်–

mgyoe.com

mgyoe.com SAMPLE BOOK



"မမနွေ ဘယ်မှာ ရှိတယ်ဆိုတာ ဆရာမ တကယ်မသိဘူးပေါ့နော်၊ အစ်ကို့ကိုရော ဘာမှ ပြောမပြဖူးဘူးလား"

ဟ…။ သူသည် မျက်ခုံးကို ဆတ်ခနဲ ချီကာ ကောင်လေးကို စူးစိုက်ကြည့်မိသည်။ အမေ့ကို မယုံသလို ဘာကြောင့် ဆိုရသလဲ။

သူ့မျက်လုံးမှ အသံတိတ်စကားကို ရိပ်မိနားလည်ဟန်နှင့် မြတ်မော် ပျာသွားပုံ မြင်ရ၏။

"ဟာ…အစ်ကို၊ ကျွန်တော် ဆရာမကို မယုံလို့ ပြောတာ မဟုတ်ဘူး နော်၊ ကျွန်တော်…ကျွန်တော် မမနွေကို မယုံတာ"

သူ စကားမဆို။ မြတ်မော်ကို စူးစိုက်ကြည့်မြဲ။ မျက်မှောင်တွန့် ချိုးခြင်းကိုတော့ သတိနှင့် ထိန်းထားလိုက်ရသည်။

"တစ်နေ့နေ့ ကျွန်တော် လာရင် လာမှာပဲလို့ မမနွေ တွေးရင်တွေး မှာပဲ၊ ဆရာမကို သူ ရှိတဲ့နေရာ မပြောဖို့ ပိတ်ရင် ပိတ်ထားမှာပဲ အစ်ကို၊ ကျွန်တော် အဲဒီလို တွေးမိလို့ပါ"

"မမနွေ…အဲ…နွေအိမ်က ဘာလို့ ပိတ်ရမှာလဲ"

"သူ့ကို နောက်ထပ် အဆက်အသွယ် မလုပ်ပါနဲ့လို့ ကျွန်တော့်ကို ပြောထားဖူးတယ် အစ်ကို"

"အမေ ပြောတော့ နွေအိမ်က မင်းကို…ဘယ်သူတွေ ဆိုလား၊ သူတို့ ပြီးရင် သံယောဇဉ် အရှိဆုံးဆို"

"အဲဒီတုန်းကတော့ ဟုတ်မှာပေါ့ အစ်ကိုရာ"

နာနတ်သီးတစ်ဖတ်ကို ခက်ရင်းခွနှင့် ခပ်ဆဆ ထိုးရင်း ကောင်လေး ဆက်မည့်စကားကိုသာ သူ နားစွင့်နေသည်။ မျက်နှာကိုလည်း တေ့တေ့ဆိုင်ဆိုင် မကြည့်တော့။ တစ်ခါတစ်ရံတော့ စိတ်လွတ်လက်လွတ် ခံစားလိုသော အခိုက် မှာ တစ်ပါးသူအကြည့်ဟာလည်း အနှောင့်အယှက်သက်သက် ဖြစ်လိမ့်မည်။

နားလည်သိတတ်မှု နည်းသည်ဟု အများ မြင်သော မောင်ငြိမ်းစော ဆိုတာ ဒါမျိုးတော့လည်း ရေလည်ပါသေးသည်။ မလုပ်လိုတာသာ ရှိမှာ၊ 'မသိ' ဆိုတာ မရှိချေ။

"တစ်ခါတစ်ခါကျတော့လည်း တချို့ စိတ်ခံစားမှုတွေဆိုတာ သူ့ အလိုလို ဖြစ်လာတာမျိုး အစ်ကိုရ၊ လုပ်ယူလို့လည်း မရဘူး၊ ဖြစ်လာရင်လည်း ဘာနဲ့မှ တားလို့ မရဘူး"

mgyoe.com

mgyoe.com  SAMPLE BOOK 

ကိုယ့်ထက် ငယ်ရွယ်သူက လေးနက်ဟန်နှင့် ဆိုတော့လည်း ပြုံးချင်စိတ်ကို မျိုသိပ်ကာ 'အင်း'ဟု သူ စကားထောက်လိုက်ရသည်။

"မမနွေက သူ ပြောသမျှ နားထောင်ပေးတဲ့ မောင်လေးတစ်ယောက်နေရာမှာပဲ ကျွန်တော့်ကို ထားချင်တယ်၊ ကျွန်တော်က…ကျွန်တော်ကကျတော့လည်း ထားတဲ့နေရာမှာ နေရတာ ပျော်ပေမယ့် အသက်အရွယ် ပြောင်းလာတဲ့အချိန် စိတ်ကိုက အလိုလို ပြောင်းမိလာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

သည်တစ်ကြိမ်တော့ ကောင်လေးကို သူ လှမ်းကြည့်မိသည်။ ပြက်ပြက်ထင်ထင် မှိုင်းမှုန်ရီသော မျက်ဝန်းများ။

"မမနွေဟာ ကျွန်တော့်ကို အရင်တုန်းက ဘယ်လောက်တောင် ယုံကြည်ခဲ့သလဲ အစ်ကို သိလား၊ သူများတကာကို ပြောပြဖို့ အင်မတန် ဝန်လေးတဲ့ ငယ်ဘဝအကြောင်းလိုဟာမျိုးကိုတောင် ကျွန်တော် မမေးဘဲနဲ့ ပြောပြခဲ့ဖူးတယ်"

❁

mgyoe.com

mgyoe.com SAMPLE BOOK

## မြတ်မော် ပုံရိပ် (၃)

ကျွန်တော့်အတွက် ဒုတိယမြောက် သီပေါနွေရာသီဟာ မနှစ်ကလိုပဲ နွေးနွေးထွေးထွေး သာယောင့်သာယာ။ နွေအကုန် မိုးအကူး ရာသီနှစ်ခုရဲ့ အလှတွေ အရပ်ရှစ်မျက်နှာမှာ အားပြိုင်လို့ နေတုန်းပဲ မေမေရယ်၊ ကျွန်တော် ရယ် ဘော်ကြို ပြန်ရောက်လာတယ်။

ဒီတစ်ကြိမ်တော့ လမ်းခရီး ကျွမ်းဝင်သွားတဲ့ မေမေဟာ သီပေါကို မန္တလေးကနေ ရထားစီးလာတယ်။ ဘော်ကြိုဘူတာမှာ ဆင်းလိုက်တယ်။ အရင်တစ်ခေါက်ကလို ကားနဲ့ လာပြီးခါမှ ဘော်ကြိုကို ခရီးဆက်ရတာမျိုး မလုပ်တော့ဘူး။ သားအမိနှစ်ယောက် အိတ်လေး တစ်လုံးစီ၊ ကြိမ်ခြင်း တောင်းတစ်လုံး ဒါပါပဲ။

ကြိမ်ခြင်းတောင်းထဲမှာတော့ ကြီးကြီး ထည့်ပေးလိုက်တဲ့ စားဖွယ် သောက်ဖွယ်တွေ။ အသားခြောက်ကြော်တွေ၊ ငါးပိကြော်တွေ၊ လက်ဖက်ဆီစိမ်၊ မြေပဲလှော်၊ မြေပဲကြော်လိုဟာမျိုးတွေ။ ကြီးကြီးဟာ သူ့ညီမကို သမီးအပေါ် ချစ်ပုံမျိုးနဲ့ ဂရုစိုက်တတ်တယ်။ ခရီးသွားခါနီးရင် ကလေးတွေလိုပဲ တဖွတ် ဖွတ် မှာမဆုံးဘူး။ ကျွန်တော့်ကိုလည်း ရန်ကုန်မှာ ထားခဲ့ဖို့ ဆွယ်သေးတာပဲ။ ဒါပေမဲ့ မေမေက မထားသလို ကျွန်တော်ကလည်း မနေခဲ့ချင်ဘူး။

mgyoe.com

m g y o e . c o m SAMPLE BOOK


ကျွန်တော် သီပေါမှာ ပျော်နေပြီလေ။ ချစ်ခင်သူတွေကိုလည်း လွမ်းလှပြီလေ။

အပြန်ခရီးဟာ ကျွန်တော် ပျော်တဲ့နေရာကို ပြန်နေရတဲ့ ခရီးမို့လား၊ ခရီးလမ်းကိုက လှလွန်းလို့လား မသိဘူး။ ကျွန်တော့်အတွက် မြင်မြင်လေရာဟာ စိတ်ဝင်စားစရာချည်းပဲ။ အရင်တုန်းက ရန်ကုန်–မန္တလေးရထား၊ ရန်ကုန်မြို့ပတ်ရထားတွေ လိုက်စီးရတဲ့ ခံစားမှုဟာ မန္တလေး–လားရှိုးဘက် စီးလာရတဲ့ ခံစားမှုနဲ့ လုံးလုံး မတူဘူး။

မန္တလေးကနေ ခရီးစတုန်းကတော့ ရထားထွက်ပြီး သိပ်မကြာခင် မေမေ့ကို မှီပြီး အိပ်လိုက်လာတာမို့ ဘာမှ သိပ်မမှတ်မိဘူး။ ဟော…နံနက်အလင်းပျပျမှာ ရောက်တဲ့ဘူတာကတော့ 'ဆည်တော်'လို့ မေမေ ပြောပြတယ်။ 'မနက်စာ စားရအောင်'တဲ့။ ဘူတာမှာ ရောင်းတဲ့ ကောက်ညှင်းပေါင်း၊ အကြော်ဝယ်စားကြတယ်။ ရေနွေးသောက်ကြတယ်။ အဲဒီဘူတာကနေ ရထားပြန်ထွက်တော့ ကျွန်တော် မှေးခနဲ အိပ်ပျော်သွားပြန်ရော။

နောက်တစ်ကြိမ် ပြန်နိုးတော့ ရထားဟာ ဘယ်လိုဖြစ်တယ် မသိ၊ နောက်ပြန်သွားနေပါရော။ 'မေမေ၊ ရထားကြီး နောက်ပြန်သွားနေတယ် ဘာဖြစ်တာလဲ မသိဘူး'လို့ အထိတ်တလန့် ဆိုတော့ မေမေလည်း ရယ်၊ ကြားလိုက်တဲ့ခရီးသည်တွေလည်း ရယ်ကြတယ်။ နောက်တော့ မေမေ ပြောပြမှ အဲဒါ လွန်းထိုးတယ်ဆိုတာ သိရတယ်။ တောင်တက်လမ်းမို့ အားယူတယ်ဆိုတာပဲ။ ဘူတာလေးတစ်ခုမှာ ရထား တုံ့ခနဲ ရပ်တော့ ကျွန်တော့်မှာ မြင်နေရတဲ့ ရှုခင်းတွေကို ကြည့်မိပြန်တယ်။ မမနွေဆိုရင်တော့ သိပ်လှတာပဲလို့ တဖွဖွ ပြောလိမ့်မယ် ထင်ပါရဲ့။

တောင်တန်းတွေဟာ ကျွန်တော်တို့ အိမ်နောက်ဘက်က တောင်တန်းကြီးတွေလိုပဲ အရောင်ရင့်ရာကနေ တဖြည်းဖြည်းနုလို့ တိမ်စိုင်တွေနဲ့ ဆက်ဆက်စပ်စပ် ရှိနေကြတယ်။ မိုးရာသီ ဝင်တော့မှာမို့ မိုးအကြိုမိုးလည်း ရွာနေပြီမို့ ပတ်ဝန်းကျင်ဟာ တကယ့်ကို စိမ်းစိမ်းစိုစို။ တောပန်းရောင်စုံဟာ အစိမ်းရောင်၊ စိမ်းညိုရောင် အရွက်တွေကို နောက်ခံထားလို့ ရထားဆီ ငေးနေကြသလိုပဲ။

အဲဒီခဏ ရှုခင်း ကြည့်နေတဲ့ ကျွန်တော့်အာရုံကို တစ်စုံတစ်ရာက တို့ထိစပြုတယ်။ ပထမတော့ နှာခေါင်းကို ရှုံ့ပွပွ လုပ်ရင်း ကျွန်တော် စူးစမ်း

m g y o e . c o m

mgyoe.com SAMPLE BOOK


တယ်။ နောက်တော့မှ လေပြည်မှာ ကျွန်တော် သိတဲ့ အနံ့တစ်မျိုးပါနေတာပဲလို့ သတိထားမိလာပါရော။ သင်းသင်းလေး ပျံ့မွှေးနေတဲ့ ရနံ့၊ ကျွန်တော့်ဘဝမှာ ထူးထူးခြားခြား မှတ်မှတ်မိမိ ရှိရတဲ့ရနံ့၊ တောတွေတောင်တွေဆီက ဖြတ်လာရင် ရတဲ့ ရနံ့မျိုးလေ။

ဒုဋ္ဌဝတီ မြစ်ကမ်းနံဘေးမှာ မမနွေနဲ့ အတူထိုင်ရင်း မြစ်ပြင်ကို ဖြတ်လာတဲ့ လေပြည်ကို ရှူရှိုက်ဖူးတာ၊ ရထားသံလမ်း ဟိုဘက်က ခရမ်းရောင် တောပန်းခင်းမှာ ရပ်ပြီး တောင်တန်းတွေဘက် လှည့်လို့ လေရနံ့ သက်သက်ကို ရှူခဲ့ဖူးကြတာတောင် သတိရလာတယ်။ ဒါဟာ မမနွေ လုပ်တတ်လို့ လိုက် လုပ်ရာက ကျွန်တော်ပါ စွဲလမ်းခဲ့ရတဲ့အကျင့်တွေထဲက တစ်ခုမျှပါပဲ။

"ဒီအနံ့တွေ မမနွေအတွက် ယူသွားပေးလို့ ရရင် တအားကောင်းမှာပဲ မေမေရာ နော်"

မေမေက မျက်ခုံးပင့်ပြီး ကျွန်တော့်ကို ကြည့်တယ်။ နောက်တော့ သဘောတကျ ရယ်ပါတယ်။

"အံမယ်လေး ငါ့သား စိတ်ကူးယဉ် တယ်ဆန်နေပါလား မြတ်မော် ရဲ့၊ နွေအိမ့်ကိုတော့ တွေ့ရင် ပြောပြမှပဲ"

"ဟုတ်တယ်လေ မေမေရဲ့၊ သီချင်းတွေဆို ကက်ဆက်ခွေတစ်ခွေ တည်းမှာ ကိုယ်ကြိုက်တဲ့သီချင်းလေးတွေချည်းပဲ စုပြီး ကူးလို့ရတာပဲဟာ၊ အနံ့တွေလည်း အဲဒီလို စုပြီး သိမ်းလို့ရရင် ကောင်းမှာပဲ၊ ကျွန်တော် မကြိုက် တဲ့ အနံ့ဆို ရှူစရာ မလိုတော့ဘူးပေါ့"

"ဒါဖြင့်ရင် ကောင်းတဲ့ အနံ့တွေချည်း ရွေးရှူနေရတော့ ပျင်းစရာ ကြီး ဖြစ်နေတော့မှာပေါ့၊ တော်ကြာ အမှိုက်လေးတွေက ငါတို့အနံ့တွေ မြတ်မော် မရှူတော့ပါလားလို့ ဝမ်းနည်းသွားရင် ဘယ်လို လုပ်မလဲ၊ ကဲ..."

"အမှိုက်နံ့ကျတော့ ကောင်းမှ မကောင်းဘဲ၊ မင်းလည်း ရှူလို့ ကောင်းတဲ့ အနံ့ဖြစ်အောင် ကြိုးစားလို့ ပြန်ပြောမှာပေါ့"

မေမေ့ရယ်သံဟာ ရထားဥဩသံကြားမှာ တလိမ့်လိမ့် မျောပါသွား တယ်။ ရထား ထွက်ပြန်ပြီ။ ဘူတာလေးကို ကျွန်တော် လည်ပြန်ငေးမိတယ်။ ဘော်ကြိုဘူတာလေးလိုပဲ တောဘူတာရုံကလေး။ တောင်တန်းတွေ နောက်ခံနဲ့ လွမ်းစရာလေး။

လမ်းတစ်လျှောက်လုံးဟာလည်း တချို့ဘူတာတွေဟာ အိပ်ငိုက်ရင်း

mgyoe.com

mgyoe.com SAMPLE BOOK


ရောက်လာ၊ တချို့ဘူတာတွေကျတော့လည်း ဗိုက်ဆာလို့ မုန့်စားချင်လို့ တမျှော်မျှော် ရှိနေတုန်း ရောက်လာနဲ့ပေါ့။

ပြင်ဦးလွင်က မြေနီနီတွေ၊ ရောင်စုံပန်းခင်းတွေကို ကျွန်တော်တို့ ထားရစ်ခဲ့တယ်။ ရွာကလေးတွေ၊ ဘူတာလေးတွေကို ထားရစ်ခဲ့တယ်။ ရထားပေါ်က လူတွေဆီ အပျော် လက်ပြနှုတ်ဆက်နေတဲ့ ကျွန်တော့်ထက် ငယ်တဲ့ကလေးတွေ၊ ကျွန်တော့်အရွယ် ကလေးလည်းမက ဆယ်ကျော် သက်လို့လည်း မဆိုနိုင်သေးတဲ့ ကောင်လေး၊ ကောင်မလေးတွေကို ထားရစ်ခဲ့ တယ်။ မြေသား နီနီ ညိုညိုနဲ့ အစိမ်းရောင် သစ်ပင်တွေ၊ လယ်ကွင်းစိမ်းတွေ၊ ကြံခင်းတွေဟာ ကျွန်တော်တို့ နောက်ကျောမှာ တရိပ်ရိပ် ကျန်ရစ်ခဲ့တယ်။

ကျွန်တော့်စိတ်ထဲ စွဲခဲ့ရတဲ့အထဲ ဂုတ်ထိပ်တံတား ပါတယ်။ အဝေး ကတည်းက ရထားအရှိန်လျော့သွားကတည်းက မေမေ ညွှန်ပြလို့ မြင်ရတဲ့၊ ခမ်းနားလှပတဲ့ မြင်ကွင်းကျယ်ဟာ ကျွန်တော့်မျက်လုံးတွေကို အရောင်လက် လာစေတယ်။ ဂုတ်ထိပ်တံတားဟာ အိပ်မက်ထဲက တံတားတစ်စင်းလိုပါပဲ။

တောတောင်စိမ်းမြ ရံထားတဲ့ အဲဒီအိပ်မက်တံတားဟာ ခုံပေါ် ခွေ လျော့လျော့ ထိုင်နေတဲ့ ကျွန်တော့်ကို ချက်ချင်းပုံပြောင်းပြီး တက်ကြွရွှင်လန်း လာစေတယ်။ ဒီလမ်းခရီးကို မမနွေလည်း သိမှာပဲ။ ပြန်ရင် အတူပြောကြရဖို့ မြင်သမျှကို ကျွန်တော် တေးမှတ်ထားတယ်။

ဒီလိုနဲ့ ခရီးဆုံးပန်းတိုင်ဟာ တဖြည်းဖြည်း နီးလာရော ဆိုပါတော့။ လွယ်ကော်ဆိုတဲ့ ဘူတာကျော်တော့ မကြာခင် ဘော်ကြိုရောက်တော့မယ်လို့ မေမေ ပြောတယ်။ ပစ္စည်းတွေ ပြင်ကြရတယ်။ ဘော်ကြိုဘူတာမှာ ရထား ခဏလေး ရပ်တယ်ဆိုတာ ကျွန်တော် သိပြီးသားလေ။ ရထား အရှိန် ဖြည်း ဖြည်းလျှော့တော့ မေမေ့နောက်ကနေ အိတ်လေးတစ်အိတ် ဆွဲလို့ ကျွန်တော် လိုက်ဆင်းတာပဲ။

အံ့မယ်··ကျွန်တော်တို့မှာ နှုတ်ဆက်တဲ့သူတွေဘာတွေနဲ့။ မမနွေရယ်၊ ဘူတာခွေးလေး ဘရောင်းရယ်လေ။

မေလဆန်းတုန်းက စာတိုက်ကနေ မေမေ ထည့်ပေးမယ်ဆိုလို့ မမနွေ ဆီ စာရေးခဲ့သေးတယ် မဟုတ်လား။ ကျွန်တော်တို့ ပြန်လာမယ့်အပတ်ကို မမနွေ သိပြီးသားမို့ ဒီရထားနဲ့ ပါရင် ပါလာမှာပဲဆိုပြီး လာစောင့်နေတာလား၊ အရင်ကလို ရထားကြည့်ရုံသက်သက် ရှိနေတာလားဆိုတာတော့ မပြောတတ်

mgyoe.com

mgyoe.com
SAMPLE BOOK


ပေမဲ့ ကျွန်တော်တို့ သားအမိကို တွေ့တော့ မမနွေဟာ ချက်ချင်းလို ရှင်မြူးသွားတယ်။ မေမေ့လက်က ကြိမ်ခြင်းကို ဝင်ဆွဲတယ်။

ကျွန်တော့်မှာ မမနွေကို နှုတ်ဆက်ရ၊ ရုံပိုင်ဦးလေးကြီး၊ လမ်းခွဲကိုင် ဦးလေးကြီးကို နှုတ်ဆက်ရ၊ ဘရောင်းကို နှုတ်ဆက်ရနဲ့ပေါ့လေ။ သုံးလနီးပါး ခွဲနေရတဲ့ ဘူတာလေးဟာ ကျွန်တော် စတွေ့တုန်းကလိုပဲ မိုးမြင်ကွင်းနဲ့ ကြည့်ကောင်းမြဲပါပဲ။ စိန်ပန်းပင်ကလည်း ပန်းပွင့်နီနီနဲ့ ကိုင်းခက်ရှည်တွေ လှုပ်ယမ်းလို့ ကျွန်တော့်ကို နှုတ်ဆက်နေသလိုပဲ။ ဟော… ဟိုမှာ ဟိုမှော်ရွာ ရှိနေတဲ့ တောင်တန်းလေ။ စိုင်းနောင့်ရေ…ငါ ပြန်လာပြီဟေ့။

ဟိုမှော်ရှိတဲ့ဘက်ဆီတော့ စိတ်ထဲကနေပဲ အော်ခဲ့ရပေမယ့် ဖိုးခွားတို့ အိမ်ရှေ့က ဖြတ်တော့ 'ဖိုးခွားရေ ငါ ပြန်လာပြီ' လို့ ဝမ်းသာအားရ အော်မိ တယ်။ သားအမိနှစ်ယောက်ပဲ ဝင်ရမယ်ထင်တဲ့ ခြံဝင်းလေးဟာ လိုက်ပို့တဲ့ မမနွေရယ်၊ သူ့ခြံထဲကနေ ပြုံးပြုံးရွှင်ရွှင် ကူးလာတဲ့ ဖိုးခွားရယ်နဲ့မို့ ရယ်သံ နှုတ်ဆက်သံ စကားပြောသံတွေနဲ့ ညံနေပြန်ရော။ လူမနေတာ သုံးလနီးပါး ကြာသွားတဲ့ အိမ်ကလေးက ဖုန်တက်ဘာတက်နဲ့မို့ မေမေနဲ့အတူ ကျွန်တော်တို့ ကူရှင်းကြတယ်။ အိုးခွက်ပန်းကန်တွေ ဆေးကြတယ်။ ဖိုးခွား ယူလာပေးတဲ့ ထမင်းကြမ်းနဲ့ ကြီးကြီး ထည့်ပေးလိုက်တဲ့ ဟင်းအကြော်တွေ၊ လက်ဖက်တွေ ပြင်ဆင်လို့ အတူလက်ဆုံ စားကြရတဲ့ မွန်းလွဲစာဟာ အတော်မြိန်ခဲ့တာပါပဲ။

ကျွန်တော် ဘော်ကြီးရွာကို၊ ပြီးတော့ သီပေါကို ဘာကြောင့် သံယော ဇဉ်ဖြစ်ရတယ်ဆိုတာ ရှင်းရှင်း သိရတဲ့ နွေကာလများပေါ့။ နေရာတစ်ခုခုကို ခင်တွယ်ဖို့ဆိုရင် အဲဒီနေရာမှာ ရှိတဲ့ လူတွေကို အရင်ခင်တွယ်ဖို့ လိုလိမ့်မယ် ဆိုတာ သိတတ်လာတဲ့ ကာလများပေါ့။

နောက်ရက် နောက်ရက်တွေကတော့ ဒုံရင်း ဒုံရင်းပဲပေါ့လေ။

ကျောင်းဖွင့်ဖို့လည်း အချိန်နှစ်ပတ်လောက် လိုသေးတယ်ဆိုတော့ကာ ကျွန်တော်တို့ရဲ့ လက်ကျန်ပိတ်ရက်ဟာ ပျော်စရာအတိ ပြီးမြဲပေါ့။ ထုံးစံမပျက် ဖိုးခွားတို့ခြံ ကူးတယ်။ မမနွေတို့ဆီ သွားလည်တယ်။ ဘွားကြင်ရဲ့ ရှေးစကား (ရှေးရှေးတုန်းကလေ၊ ဟိုတုန်းကလေနဲ့ အစချီတဲ့ ပုံပြင်တွေ၊ တကယ့်ဘဝဇာတ် ကြောင်းတွေ) နားထောင်၊ မုန့်ကပ်စား။ နောက်တော့ မြစ်ကမ်းနံဘေး စာဖတ်၊ အာလူးဖုတ်။ နေ့ခင်းဘက်ကျတော့ ရထားကြည့်မြဲ ကြည့်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


တချို့နေ့တွေကျပြန်တော့ မမနွေ ငှားပေးတဲ့ စက်ဘီးလေး စီးပြီး စိုင်းနောင့်ဆီ သွားလည်တယ်။ စိုင်းနောင့်အမေ ပါပါ (အဒေါ်)၊ စိုင်းနောင့်အဖေ လုံး(ဦးလေး)တို့ရဲ့ ခြံဝင်းကလေးတင်မက ရွာထိပ်က ရေထွက်နတ်စင်နားက ရေကန်ပါမချန်၊ တောင်ယာတွေဆီ သွားရတဲ့ တောင်ကုန်းအတက် နေရာတွေလည်း မကျန်ရအောင် ကျွန်တော်တို့ မီးကုန် ယမ်းကုန် ဆော့ကြတယ်။

မေမေသာ စက်ဘီး ဝယ်ပေးရင် ကျောင်းပိတ်ရက်တိုင်း ကျွန်တော် ဟိုမှော် လာမယ်လို့ စိုင်းနောင့်ကို ကတိပေးလိုက်သေးတာ အဲဒီ နွေရာသီပဲ။

တကယ်တမ်းကျတော့လည်း ကျောင်းမဖွင့်မချင်း စိုင်းနောင်နဲ့ ထပ် မတွေ့ဖြစ်ဘူး။ စက်ဘီးက တစ်ရက်လောက်ပဲ ငှားလို့ ကောင်းတာ မဟုတ် လား။ ဒီတော့လည်း ဖိုးခွားနဲ့ မမနွေဟာ ကျွန်တော့်အဖော်ဖြစ်မြဲ။

တစ်ရက်တော့ မမနွေနဲ့အတူ မြစ်ကမ်းနံဘေး ထိုင်ရင်း စာအုပ်ပုံ တစ်ပုံဘေးချလို့ စကားထာဖွက်တမ်း၊ စာအုပ်လှန်တမ်း(နံပါတ်အကြီး ရသူ နိုင်စတမ်း)ကစားနေရင်းကနေ ဘယ်လိုက ဘယ်လို စိတ်ကူးပေါက်တယ် မဆိုနိုင်ဘူး။ ကျွန်တော်ဟာ အပြန်ခရီးအကြောင်း စကားစပ်မိပါလေရော။ ရထား နောက်ဆုတ်နေတဲ့အချိန် ကျွန်တော်လန့်နိုးလာပုံကအစ ရှုခင်းသိပ်လှလို့ ငေးရင်း လေအနံ့ကို မမနွေအတွက် ယူလာပေးဖို့စိတ်ကူးမိပုံအဆုံး လေရှည်ရှည် ဖောင်ဖွဲ့လို့ ပြောဖြစ်ပါလေရော။

အဲဒီမှာပဲ မမနွေက 'အဲဒီရွာကို မမ သိတယ်'တဲ့။

"ဘူတာရွာလား"

"အင်းပေါ့"

"ရထားနဲ့ သွားဖူးတာလား"

"သိပေါ ရောက်ကတည်းက ဆိုရင်တော့ ရွာကို မရောက်ဖူးတော့ တာ ကြာပြီပေါ့၊ ဘူတာကလည်း ငယ်တုန်းက ရထားစောင့်စီးနေကျ ဘူတာပဲ"

"ဘာလုပ်ဖို့ ရထားစောင့်စီးရတာလဲဟင်"

မမနွေက မြစ်ပြင်ကို ငေးနေပြန်တယ်။ မျက်တောင်ကော့လေးတွေ တဖျပ်ဖျပ်ခတ်တယ်။ နဂို လက်နေတတ်တဲ့ မျက်လုံးလေးတွေဟာ ပိုလို့ စိုလဲ့လာသလိုပဲ။ အဲဒီ မျက်လုံးတွေနဲ့ ကျွန်တော့်ဘက် ဖြည်းဖြည်းချင်း လှည့်ကြည့်လာတော့ မျက်ခုံးပင့်လိုက်မိတယ်။ လေပြည်ဝေ့တော့ ဆံနွယ်မျှင် တချို့ဟာ မမနွေရဲ့ ပါးပြင်မှာ တင်လို့။

mgyoe.com

mgyoe.com  SAMPLE BOOK 

အဲဒီခဏ ဆံနွယ်မျှင်တွေကို သပ်တင်ပေးလိုက်ချင်စိတ် ဘာကြောင့် ပေါ်လာတယ် ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ တကယ်တမ်းကျတော့ လုပ်မပေးဖြစ်ပါဘူး။ ကျွန်တော် မလှုပ်ရှားမိခင်မှာ မမနွေ စကားပြောလိုက်တာကြောင့် ဖြစ်မှာပေါ့။ ပြီးတော့ အဲဒီစကားကလည်း ကျွန်တော် အံ့အားတသင့် အငိုက်မိစေတဲ့စကား မဟုတ်လား။

"အဲဒီရွာက မမ ရွာလေ၊ မမ မွေးခဲ့တဲ့ရွာ၊ မမ နေခဲ့တဲ့ရွာ၊ အမေနဲ့အတူ နေခဲ့တဲ့ရွာ"

"အမေ..."

မယ်မယ်လို့ပဲ ကြားဖူးနေတာကြောင့် 'အမေ' ဆိုတဲ့ အသုံး ပထမဆုံးအကြိမ် မမနွေနှုတ်က ထွက်ကျတာကို ကျွန်တော် အံ့ဩသွားတယ်။

"အမေဆိုတာ မမအမေလေ၊ မယ်မယ်က မွေးစားအမေပေါ့"

ဒီတစ်ကြိမ်တော့ ကျွန်တော့် အံ့အားသင့်မှုဟာ မိုင်ကုန် ဘူတာ လွန်သွားတော့တာပဲ။ ကျွန်တော်ဟာ ဘာဆက်ပြောလိုက်ရမှန်း မသိတော့သလို မမနွေကို ငေးမိတယ်။ မမနွေရဲ့ စကားသံသဲ့သဲ့ကိုပဲ မြစ်ရေစီးသံအကြားက အမိအရ ဖမ်းဆုပ်နေမိတယ်။

✿

mgyoe.com

mgyoe.com
SAMPLE BOOK

## နွေ့ပုံရိပ် (၁)

နွေသည် သစ်ရွက်ကြွေများပေါ်တွင် တစ်လှမ်းချင်း လျှောက်လာသည်။ နွေ့ခြေအစုံနှင့် ထိခတ်သော သစ်ရွက်လေးများ၏ ချိုးချိုးချွတ်ချွတ် ဖိကြေသံကိုပင် နားနှင့် ဆတ်ဆတ် ကြားနေရသည်။ တောမှာ လေတိုးသံမှအပ ငြိမ်သက်လျက်။ ခေါင်းမော့ကြည့်လျှင်ပင် နွေ့အရပ်ကလေးနှင့် ထိပ်ဖျားမမြင်သာသော သစ်ပင်များမှာ ပင်ချင်း ရွက်ချင်းဆက်မျှ မှိုင်းမှောင်ရိပ်မိုးလျက် ရှိကြသည်။ တောသည် ထူထပ်၏။ ပြီးတော့ စိမ်းညို့နက်မှောင်၏။ လူသွားလမ်းပင် မရှိသော သည်တောထဲ နွေ ဘယ်လိုများ ရောက်ခဲ့ရသနည်း။

အဖြူပေါ် ပန်းရောင် အပွင့်သေးသေးကလေးများ ပါသော အသားပျော့ပျော့ ဂါဝန်အနားစလေးကို ဖောင်းအိအိ လက်ကလေးများနှင့် အားကိုးရာရှာသလို တင်းတင်းရင်းရင်း ဆုပ်ကိုင်လျက် ဟိုဟို ဒီဒီ ငေးမျှော်နေသော နွေသည် ပထမသော် စိမ်းသက်သော အရပ်ဒေသဆီ ဘယ်သို့ဘယ်ပုံ ရောက်နေပါလိမ့် အံ့သြခြင်းသာ ဖြစ်ရသည်။ ကြည့်လေမြင်လေရာ ကြောက်မက်ဖွယ်သော အခြင်းအရာများ ပြည့်နေသလို ဟိုနေရာ သည်နေရာကပဲ သားကောင်များ တိုးထွက်လာတော့မလို စိတ်၌ ထိတ်လန့်စပြုရသည့်အထဲ ရှဲခနဲ ရှဲခနဲ တိုးတိုက်သော လေကြမ်းကလည်း အားငယ်စိတ်ကို တိုး၍ဖြစ်စေသည်။

အမေ...အမေ ဘယ်မှာလဲ။ နွေတစ်ယောက်တည်း ဘာလို့များ ဒီတောထဲ ရောက်နေတာလဲ။

mgyoe.com

mgyoe.com  SAMPLE BOOK 

နွေသည် မျက်တောင်ကော့လေးများကို တဖျပ်ဖျပ် ခတ်လိုက်သည်။ အနီး၌ အမေ မားမားမတ်မတ် ရှိလျှင် စိုးစဉ်းမျှ အားမငယ်တတ်သလို ပျော်ရွှင်တက်ကြွနေတတ်သော နွေမှာ ခုတော့လည်း ခြေဦးတည့်ရာ ပြေးချင်စိတ်ပင် ပေါက်လာသည်။ ဒါမှမဟုတ်လည်း ထိုင်၍သာ ငိုလိုက်ချင်တော့သည်။ အားငယ်သည်၊ ဝမ်းနည်းသည် စသဖြင့် နွေ ပြောမပြတတ်သေးသော ခံစားမှုပေါင်းစုံသည် ရင်၌ စိမ့်၍ စိမ့်၍ လှိုက်ခတ်လျက်ရှိသည်။ နဂိုကပင် ဝန်းဝိုင်းသော နွေ့မျက်လုံးလေးများမှာ ပို၍ပင် အဝန်းကျယ်လာသည်။ ထိုမျက်လုံးများထဲတွင် မျက်ရည်လည်း စိမ့်လျက်ရှိပြီ။ အမေ…အမေ…။

ပထမတော့ နွေ့အသံမှာ သူကိုယ်တိုင် ကြားသာရုံ ခပ်တိုးတိုးဖြစ်သည်။ နောက်တော့ တိုး၍ တိုး၍ ကျယ်လောင်လာကာ အသံရှိန်အမြင့်ဆုံးသော တစ်ခွန်းကိုတော့ ရင်အတွင်းဆုံးတစ်နေရာက ဖောက်ထွက်ကျလာသလို အားနှင့် ဟစ်ချလိုက်သည်။ အမေ…။

"နွေ…သမီး နွေ"

နွေသည် မျက်လုံးများကို အားယူဖွင့်လိုက်သည်။ စူးရှသော ရောင်ခြည်တန်းကြောင့် တစ်ဖန်မှိတ်သည်။ နောက် ဖြည်းဖြည်းချင်း ပြန်ဖွင့်သည်။ မျက်ခုံး ခပ်ကျုံ့ကျုံ့ မေးစင်းထားသောမျက်ဝန်းများဖြင့် ဝေ့ဝဲကြည့်၏။ သစ်တော…သစ်တောက ဘယ်မှာပါလိမ့်။

နွေ့အမြင်တွင် စိမ်းစိုအုပ်ဆိုင်းသော သစ်ပင်ကြီးများလည်း မရှိ။ နေပြောက်ပင် မထိုးနိုင်အောင် ညို့ညို့ဆိုင်းသော တောအုပ်အလယ်တွင် မဟုတ်ဘဲ နွေသည် အိပ်ရာပုံတစ်ခုထဲ ရောက်ကာနေသည်။ လင်းကျင်းသော နံနက်ခင်းတွင် ဖြစ်သည်။ ဘေးတွင် 'သမီး' ဟု ခေါ်နေသူမှာလည်း တကယ်တမ်းတော့ အမေ မဟုတ်ပါလား။ ညိုတိုတိုမျက်နှာပေါ်က အရောင်မှိန်သော်လည်း အပြုံးစွက်သော အမေ့မျက်လုံးများနှင့် ဆုံရလိမ့် ထင်ခဲ့သော်လည်း ဖြူဝင်းဝင်း အဆင်းနှင့် မေတ္တာပြည့်သော မျက်နှာအလှကိုသာ နွေ တွေ့ရ၏။

"ဆရာမ"

တိုးသဲ့သော အသံသည် ရှိုက်ငင်ခြင်းကို အဖော်ပြုလျက် နွေ့ထံကရုန်းထွက်လာသည်။ မျက်ရည်တို့သည် တာတမံကျိုးသည့်အလား ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အိပ်မက် မက်ပြန်ပြီလား"

"ဟုတ်ကဲ့"

"ဟိုတစ်ခါလို တောထဲမှာ နွေတစ်ယောက်တည်း ရောက်နေပြန်ပြီလား"

နွေသည် ကြင်ကြင်နာနာ ငေးစိုက်နေသော ဆရာမ၏မျက်ဝန်းများကို စေ့စေ့ရင်ဆိုင်ကာ ခေါင်းညိတ်လိုက်သည်။ သည်အိမ်ကို ရောက်စကတည်းက၊ အတိအကျဆိုရလျှင် အမေနှင့်၊ မွေးရပ်မြေနှင့် ဝေးကတည်းက သည်အိပ်မက်ကို နွေ မက်တတ်သည်။ အထူးသဖြင့် တစ်စုံတစ်ရာသော အကြောင်းကြောင့် ဝမ်းပန်းတနည်းစိတ်ပင်ပန်းနေသော အခါမျိုးမှာ၊ အနီးတွင် လူများစွာ တွေ့နေရပါလျက် စိတ်ချလက်ချ မှီတွယ်ရမည့်သူ တစ်ယောက်မျှ မရှိတော့သလို အားငယ်ရသောအခါမျိုးမှာ ထိုအိပ်မက်မျိုး မက်တော့သည်။ အတိတ်၏ ဆုံးရှုံးနာကျင်မှုများထံက မလွတ်မြောက်နိုင်သေးသော နွေသည် သူ ပိုင်ဆိုင်သော၊ ဘာမဆို ဖန်တီးခွင့်ရှိသော အိပ်မက်မှာပင် ပျော်စရာ အကြောင်းနှင့် မကြုံကြိုက်ရှာချေ။

"နွေ အခုတစ်ယောက်တည်း မဟုတ်တော့ဘူးလေ၊ နွေ့အနားမှာ ဆရာမ ရှိတယ်လေ၊ ဘာမှစိုးရိမ်စရာ မရှိဘူးလို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

နွေ သိပါတယ်…။ ဒါပေမဲ့ အိပ်မက် မမက်အောင်၊ ဝမ်းမနည်းဘဲ နေတတ်အောင် နွေမှ မတတ်နိုင်ဘဲ။ နွေသည် မျက်ရည်တို့ကို လက်ခုံနှင့် တို့သုတ်လိုက်သည်။ မျက်ရည်သည် မျက်ဝန်းအိမ်ထဲမှာရော မျက်တောင်ဖျားမှာပါ ကတ်သတ်ကျန်ဆဲ။ ရှိုက်ငင်သံမှာ တစ်စစ တိုးလျလာသည်။ နောက်တော့ ငိုသံကို ကြားလျှင် စိတ်ဆင်းရဲနေတော့မည့် ကျေးဇူးရှင်၏ မျက်နှာကို အရိပ်လို ကြည့်ကာ ငိုခြင်းကို တန့်လိုက်သည်။ မျက်လုံးများက မျက်ရည်ခန်းသော်လည်း နွေ့တွင် ဝမ်းနည်းခြင်းသည် အရှင်းပျောက်မသွားချေ။

ဝမ်းနည်းနာကျင်မှုသည် အရွယ်နှင့် မမျှအောင်ပင် အစိုင်အခဲတစ်ခုပမာ အခိုင်အမာ ဖွဲ့တည်လျက် နွေ့ဝမ်းတွင်းတွင် တငွေ့ငွေ့ လောင်သော အရှိန်နှင့် ပုန်းအောင်းလျက်ရှိသည်။ ဘယ်တုန်းကတည်းကလဲဆို ရွာက ထွက်လာရကတည်းကပါပဲ။ ရွာကလေးကို ခွဲခွာချန်ထားရပြီဆိုကတည်းက နွေသည် အော်ဟစ်၍သာ ငိုလိုက်ချင်သည်။ သူငယ်တန်းတုန်းက ကျောင်းမသွားချင်၍

mgyoe.com

mgyoe.com SAMPLE BOOK


ဘူတာရုံကလေးက မြက်ခင်းစပ်မှာ လူးလိမ့်ငိုဖူးသလို ငိုလိုက်ချင်သည်။ သို့သော် ထိုစဉ်တုန်းကလို 'ကျောင်းမသွားချင် တစ်ရက်တော့ မသွားနဲ့ပေါ့၊ နောက်ရက်တော့ မရဘူး' ဟု အလိုလိုက်တတ်သော အမေလည်း မရှိပြီ။

အမေသည် နွေ့ကမ္ဘာမှာ မရှိတော့ပြီ။ လောကကမ္ဘာမှာလည်း မရှိတော့ပြီ။

ကုန်လွန်ခဲ့သော သုံးလတာ တစ်ညနေတုန်းက 'အမေ သေပြီ' ဆိုသော စကားကို ကျောင်းအပြန် ရထားပေါ်က ဆင်းပြီးနောက် များမကြာမီမှာပင် နွေ့ သိလိုက်ရသည်။ နွေ့ရွာက လူများသည် ဘူတာရုံမှာ ကျောင်းအပြန် ရထားနှင့် ပြန်ပါလာမည့် ကလေးတစ်သိုက်ကို စိတ်စောသော၊ နွမ်းသော မျက်နှာများနှင့် မစောင့်စဖူး စောင့်နေခဲ့ကြလေသည်။

နွေ့သည် ရွယ်တူကလေးများနှင့် ရထားပေါ်က ဆင်းရန် ပြင်ဆင်ခိုက်မှာပင် ငြင်းခုံမဝသေး၍ အတန်းကြီး အစ်ကို၊ အစ်မများ သတိပြုမိသလို 'ဘူတာမှာ ဒီလူတွေ ဘာ လာစောင့်နေကြတာလဲမသိဘူး' ဟု မတွေးအားပေ။ ရထားက တုံ့ရပ်လျှင် 'ဟဲ့ ဖြည်းဖြည်း' ဟု ဘယ်သူကမှန်းမသိ သတိပေးသော်လည်း အခါတိုင်းလိုပင် သူ့ထက်ငါ ဘုတ်ခနဲ ခုန်ချကြသည်။ မြက်ခင်းအစပ်မှာ လွယ်အိတ်ပြုတ်ကျတော့ အသာ ကောက်ယူပြီး စလွယ်သိုင်း လွယ်သည်။ ရထားပေါ်က ဆင်းလာသည့် ကလေးတစ်သိုက်ထဲ တစ်စုံတစ်ဦးအား အလောတကြီး ရှာဖွေနေပုံရသည့် လူအများကို နွေ့ တော်တော်နှင့် ဂရုမပြုမိချေ။

ဘူတာရုံဆီ အမေ လာကြိုလေ့ကြိုထ မရှိတာကြောင့် အိမ်ရှိရာဆီ တစ်ယောက်တည်း ပြန်နေကျလို ပြန်ရန် သူငယ်ချင်းများကို နွေ့ နှုတ်ဆက်လျက် ခြေလှမ်းပြင်လိုက်သေးသည်။

"ဟော…ဟိုမယ် ဟိုမယ်၊ နွေ့အိမ်ရေ၊ ဟော့…နွေ့အိမ်"

ခေါ်သံကြောင့် ခေါင်းကလေး ဘယ်ညာ ဝေ့ဝဲလျှင် ဘေးအိမ်က ဒေါ်ကြီးဘုကို တွေ့ရလေသည်။ ဒေါ်ကြီးဘုဘေးမှာတော့ ဒေါ်လေးရီတို့၊ ဦးလေးကျော်တို့။ သူတို့သည် အချင်းချင်း တီးတိုးတိုင်ပင်လျက် ရှိရာက လွယ်အိတ်ကြီးကလေး တင်းတင်းဆုပ်ကာ အနီးသို့ တိုးကပ်လာသော နွေ့အား ကြင်နာစွာ လှမ်းကြည့်ကြသည်။ ဒေါ်ကြီးဘုက နွေ့လက်ကို လှမ်းကိုင်သည်။ ပိန်သွယ်လှပ်သော ခန္ဓာမှာတော့ အမေ့အတိုင်းပဲ။ အဝတ်အစားကလည်း အမေ့လို ခပ်နွမ်းနွမ်းပဲ။ အိမ်နီးနားချင်း ဆိုသော်လည်း ညီအစ်မနှင့် သာ၍

mgyoe.com

mgyoe.com SAMPLE BOOK



တူသည်ဟု အရပ်ထဲက ပြောကြသည်။

နွေ့အမေနှင့် ဒေါ်ကြီးဘုသည် မုဆိုးမ ဖြစ်တာချင်းလည်းတူ၊ သည်ရွာဇာတိမဟုတ်ဘဲ မြင်းခြံနယ်တစ်ကြောကနေ သျှောင်နောက် ဆံထုံးပါ အခြေလာချပုံလည်းတူ၊ နောက်ဆုံးကုန်ကုန်ပြောရလျှင် တောထဲထင်းအရှာထွက်ကာ အသက်မွေးရတာလည်း တူသည်။ သားသမီး မရှိသော ဒေါ်ကြီးဘုအတွက် နွေသည် သမီးတစ်ယောက်လိုလည်း ဖြစ်သေးသည်။

"ဒေါ်ကြီးဘု၊ ဘာလုပ်နေကြတာတုံး"

"သမီးကို စောင့်နေကြတာ"

နွေသည် ချွေးစေးပြန်နေသော ဒေါ်ကြီးဘု၏ လက်အထိအတွေ့ကို ဘာကြောင့်မှန်းမသိ မကြိုက်ချင်ပြန်သလို သူ့လက်ကလေးကို မသိမသာ ရုန်းနေသည်။ သို့သော် ဒေါ်ကြီးဘု၏ လက်များကား မြဲမြဲလှသည်။

"ဘာလို့တုံး"

ဒေါ်ကြီးဘု၏ သက်ပြင်းချသံမှာ အတော်ပဲ ကျယ်လောင်ပါသည်။

"အိမ်ရောက်တော့ သိလိမ့်မပေါ့"

အိမ်ရောက်တော့ သိလိမ့်မယ်ဆိုတာ ဘာများပါလိမ့်။

မေးခွန်းတစ်ခု၊ နှစ်ခုလောက် ထပ်မေးရန် ကြံရွယ်သော်လည်း မသာယာလှသော ဒေါ်ကြီးဘုနှင့်တကွ အခြားအခြားသော မျက်နှာများကိုပါ အကဲဖမ်းမိကာ ပါးစပ်ကလေး ပိတ်လျက် စိုက်စိုက် လိုက်လာသည်။ နွေတို့အိမ်ရှိရာဆီ ဘုတာရုံကလေးမှ အနည်းငယ် လျှောက်ရသည်။ ကုန်းကလေး ပြေပြေ တက်ရသည်။ ရွာသည် အိမ်ခြေလည်း မများလှ။ ရထားဝန်ထမ်းများ၊ သူတို့ သူတို့နှင့် ဆက်စပ်ရာ ရောက်ရှိလာရာက တစ်စစ အခြေတည်လာသော ရွာဟု လူကြီးသူမများ စကားလက်ဆင့်ကမ်းတတ်သော နွေ့မွေးဇာတိရွာမှာ စိုက်ပျိုးစား၍ မရသော မြေပေါ်တွင် တည်ရှိလေသည်။

နွေတို့အိမ်မှာလည်း ရွာက အိမ်အများလိုပင် ခပ်သေးသေးသာ ဖြစ်သည်။ ထည်ဝါခြင်း အလျှင်းမရှိ။ စည်းရိုးဆိုတာပင် မရှိသော ခြံကလေးသည် ယခင်က သားအမိ ဆုံချိန်မှအပ၊ နွေတစ်ယောက် အပေါင်းအသင်းများနှင့် ချိန်းချက်ဆော့ချိန်မှအပ ဆိတ်ဆိတ်ငြိမ်နေလေ့ရှိသော်လည်း ကနေ့တော့ဖြင့် လူတို့ ရုံးစု ရုံးစု ဖြစ်လျက် ရှိပုံကို အဝေးကပင် မြင်နေရသည်။

mgyoe.com

mgyoe.com SAMPLE BOOK



ဇဝေဇဝါကြည့်ဖြင့် ဒေါ်ကြီးဘုကို နွေ မော့ကြည့်လိုက်သည်။

“နွေဒေါ်ကြီးဘု၊ နွေ့တို့အိမ်မှာ ဘာလုပ်နေကြတာတုံး”

ဘာကြောင့်မသိ နွေ့လက်ကို ဒေါ်ကြီးဘုက တစ်ချက် တင်းတင်း ဆုပ်လိုက်သည်။ အမေ လုပ်တတ်သလို သက်ပြင်းကြီးလည်း ချလိုက်သေး သည်။ မျက်တောင်တဖျပ်ဖျပ် ခတ်သည်ကိုလည်း တွေ့ရသည်။ ဒေါ်ကြီးဘု ပြန်ဖြေမည့်အသံကို နွေ နားစွင့်သော်လည်း အချည်းနှီးသာ။ လေတိုးသံ၊ နွေ့တို့နောက်နားဆီမှ လိုက်ပါလာကြသူများ၏ တီးတိုး တီးတိုး လေသံသာ ဝေ့ဝဲလွင့်ပျံ့နေသော ဝန်းကျင်ဝယ် နွေသည် အဖြေစကားမရဘဲ အိမ်သို့သာ ရောက်လာရသည်။

‘ဟယ်…ရောက်လာပြီ့တော့’ဟု ဘယ်သူကမှန်းမသိ စပြောလိုက် သည်။ လူသံသူသံတို့သည် တစ်ခဏ ဆိတ်သွားပြီး နွေ့အား ယခုမှ မြင်ဖူး သလိုပင် စိုက်ကြည့်နေကြသည်။

နွေသည် ဝေဝေဝါးဝါး နိုင်လှသော အကြည့်ဖြင့် ဒေါ်ကြီးဘုကို တစ်လှည့်၊ ဝိုင်းထဲမှာ၊ အိမ်ရှေ့ကပြင်မှာ မိုးတိုးမတ်တတ်၊ ထိုင်လျက်သား စသဖြင့် ပုံစံအသီးသီး ရှိနေကြသော ရွာကလူများကိုတစ်လှည့် ကြည့်နေသည်။ နွေ့မျက်လုံးများသည် ဝိုင်းလျက်။ ‘လာ သမီး’ဟု ဒေါ်ကြီးဘု ထပ်ခေါ်မှပင် မိမိအိမ်ဝင်းကိုပင် သူစိမ်းအိမ်ပမာ နွေ တွန့်ဆုတ်ဆုတ်ဝင်၏။ အမေ… အမေ… အမေ့ မတွေ့ပါလား။ ညဲ့သည်တွေ အများကြီးရောက်နေရက်နဲ့ အမေ ဘယ်ရောက်နေသလဲ..။

“ဒေါ်ကြီးဘု၊ အမေရော”

“ညည်းအမေလား…”

တစ်လမ်းလုံး မျက်နှာပျက်ရုံ ပျက်လာသော ဒေါ်ကြီးဘုသည် စကား မျှပင် မဆက်နိုင် နွေ့လက်ကို လွတ်ထွက်သွားတော့မလို ဆုပ်ကာ ဟီးခနဲ ငိုချလိုက်သည်။ ငိုမယ့် ငိုတော့လည်း မျက်ရည်က အတောမသတ်နိုင်သလို စိမ့်လျက် စိမ့်လျက် စီးကျလာသည်။ နွေ့လက်ကိုလည်း မဖြုတ်၊ အိမ်ကပြင် သို့ တက်သည့် လှေကားလေးပေါ် တက်စေကာ နောက်က လိုက်တက်လျက် အိမ်ခန်းတွင်းသို့ လှမ်းမြင်မိလျှင်ပင် နောက်ဆက်တွဲစကားသံသည် ဒေါ်ကြီးဘု ၏နှုတ်က နာနာကျင်ကျင် တိုးထွက်ကျလာပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ညည်းအမေ သေပြီ နွေအိမ်ရဲ့ ညည်းအမေ သေပြီ"

ငိုသံ တစ်စ၊ နှစ်စသည် လူအုပ်ထဲက တိုးထွက်လာ၏။ သနားစရာ ကလေးမလေးဟု ရေရွတ်သူက ရွတ်၏။ ခုနစ်နှစ်နီးပါးအရွယ် နုနယ်လှသော မျက်နှာလေးထက်က 'သေပြီ'ဆိုသော စကားလုံးကို နားမလည်သည့်အရိပ် အယောင်များက ဘေးလူများထံသို့ပင် ဝမ်းနည်းစာနာစိတ် တစိမ့်စိမ့် ကူးစက် လျက်။ 'အဖေ သေတုန်းက ဒီကလေးလေး လေးနှစ်ထင်ပ၊ ခုတော့ တစ်ခါ အမေက သေပြန်ပြီ'ဟု တစ်ယောက်က ပြောသည်။

'ဒီမှာလည်း အမျိုးမရှိ ဘာမရှိ၊ တစ်ကောင်ကြွက်၊ အညာမှာ အမျိုးရှိရင်လည်း ဒီကလေး ကျွေးမွေးဖို့ ကျောင်းထားဖို့ နေနေသာသာ ကိုယ့်ဝမ်းမှ ကိုယ် အနိုင်နိုင်ဖြစ်ဖို့ များတာပဲ၊ ခက်တာပဲ'ဟု စကားဆက်သံ။

နွေ့မှာတော့ ဟိုမှသည်မှ တိုးသဲ့သဲ့ လွင့်ပျံ့သည့် စကားသံများအား လည်းကောင်း၊ စာနာစိတ်နှင့် လျှံကျသည့် ငိုသံများအားလည်းကောင်း သိမှတ် နားလည်ခြင်း အလျှင်း မရှိ။ လူအများရှေ့ အိပ်ပျော်နေသည့် အမေ့ကိုသာ အံ့နေလေသည်။ စောစောက ဒေါ်ကြီးဘု ပြောလိုက်တာ 'သေပြီ'တဲ့။

သေပြီ ဆိုတာ အိပ်နေတာကို ပြောတာ ဖြစ်မှာပဲ။ တစ်ခါ တစ်ခါ လူကြီးသူမ စကားများထဲမှာ 'အိပ်နေတာ အသေကောင် ကျနေတာပဲ'ဆိုတာ လည်း နွေ ကြားဖူးသား။ အသေကောင်လိုပဲ၊ အသေကောင်လိုပဲ။ အမေ အိပ်နေတာ အသေကောင်လိုလား။

နွေ့လက်ကို ဒေါ်ကြီးဘု လွှတ်ပေးတော့ အမေ့အနီးသို့ တိုးကပ် ကာ ငုတ်တုတ်လေး ထိုင်ချလိုက်သည်။ လွယ်အိတ်သည် ဖျာဟောင်းလေးမှာ ပုံလျက်။ ရင်ဘတ်ပေါ် ယှက်ထားသည့် အမေ့လက်များကို နွေ ဆုပ်ကိုင်လိုက် သည်။ အမေ့လက်တို့သည် အနည်းငယ် အေးစက်လျက်။ ထိုလက်တို့ကို နွေ လှုပ်ယမ်းလိုက်လေသည်။

"အမေ့…အမေ့၊ ထတော့လေ၊ ဘာလို့ ဒီအချိန် အိပ်နေတာတုံး"

"မမိုးရေ၊ နင့်သမီးလေး လာပြီလေ ထပါဦးအေ၊ ထကြည့်ပါဦး"

နွေ့အနီးမှာ ထိုင်ချလျက် နွေ့မိခင်အမည်တကာ ဟစ်၍ ငိုချလိုက် သော ဒေါ်ကြီးဘု၏ အသံမှာ ရင်နင့်စဖွယ်ပင် ဝန်းကျင်သို့ ဝေ့ဝိုက်ပျံ့လွင့် လေသည်။ သက်ပြင်းချသံတို့ ပို၍ကျယ်လာသည်။ ငိုသံတို့မှာ ဟိုမှ သည်မှ တိုး၍ ထွက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အမေ့…အမေ့…ထပါလို့ဆိုနေ"

စေ့စေ့ပိတ်နေသော အမေ့မျက်ခွံတို့ကို နွေ စိုက်ကြည့်လျက် မျက်နှာမှာ အလိုမကျသလို ညှို့လာသည်။ ပတ်ဝန်းကျင်က ငိုသံများကိုလည်း အံ့အားအသင့်ကြီးသင့်ကာ ဘာရယ်မှန်း မသိပါဘဲ လိုက်၍ ငိုချင်နေသည်။ အမေတစ်ယောက်သာ အိပ်၍ ကျန်သူများ သူ့အပေါ် ဝိုင်းကြည့်နေပုံမှာ အားငယ်စိတ်ကို တစိမ့်စိမ့် ပေါ်ပေါက်စေသည်။ နောက်တစ်ကြိမ် 'အမေ့'ဟု ခေါ်လိုက်သော နွေ့အသံမှာ တိုးတိမ်လျက်။

"အမေ့…အမေ့"

နွေသည် အမေ့လက်ကလေးကို လှုပ်သည်။ အခါခါ ခေါ်သည်။ အမေသည် မထူး။ တုတ်တုတ်မျှ မလှုပ်ပြီ။

နွေ့လက်ကို လက်တစ်စုံက အုပ်မိုးတော့ မော့ကြည့်လျှင် မျက်ရည်ဝေသော မျက်လုံးများက ကြင်ကြင်နာနာ ကြည့်မြဲ ကြည့်လျက်။

"ဒေါ်ကြီးဘု၊ အမေက ဘာလို့ မထတာလဲ"

'ညည်းအမေ သေပြီလေ သမီးရဲ့'ဟု မျက်ရည်ကို တို့သုတ်လျက်က ဖြေသော အဖြေစကားမှာ နွေ့မျက်နှာလေးကို ညှိုးလျစေသည်။ ခုမှပင် လူသူအများ စုဝေးလျက် လှုပ်လှုပ်ခတ်ခတ် ရှိကြခြင်း၊ ငိုကြွေးသံများ ပေါ်ပေါက်ခြင်းအား မြင်ဖူးတွေ့ဖူးသော မြင်ကွင်းများနှင့် ဆက်စပ်ကြည့်ကာ အမေ ပျောက်တော့မှာပါလားဟု ပထမဦးဆုံးအကြိမ် အသိဝင်လေသည်။ သူငယ်ချင်းများ၏ အဘိုး၊ အဘွားတို့ ဒီလိုပဲ ပျောက်သွားကြတာ သတိရသည်။ ဒီလိုပဲ လူတွေ ဝိုင်းအုံလာရင်…ဒီလိုပဲ လူတွေ ဝိုင်းငိုကြရင်…ဒီလိုပဲ…။

"အမေ သေပြီဆိုတာ ပျောက်သွားတော့မှာလား၊ ပျောက်တာကို ပြောတာလားဟင် ဒေါ်ကြီးဘု"

"ပျောက်သွားမလား၊ အင်း…ပျောက်တာပေါ့၊ သမီးတို့၊ ဒေါ်ကြီးဘုတို့အနားမှာ မရှိနိုင်တော့ဘူးဆိုမှတော့ ပျောက်တာပေါ့အေရဲ့"

ဒေါ်ကြီးဘုက တစ်ချီ ငိုပြန်သည်။ နွေသည် ငိုလည်း မငို။ မျက်နှာလေး ငယ်လျက် အမေ့ကို ငေးနေသည်။ အမေ မပျောက်အောင် နွေ ဘာလုပ်ရမလဲ။ တစ်ညလုံး ထိုင်စောင့်ရင်ရော မပျောက်အောင် တားလို့ ရမလား။

နွေသည် မမိမကမ်း ဉာဏ်ကလေးနှင့်ပင် ရောက်တတ်ရာရာ တွေး

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ သူများ အဘိုး၊ အဘွားတွေ ပျောက်ပေမယ့် နွေ့အမေကျမှ မပျောက်ဘဲ ဒီမှာပဲ ရှိရင်လည်း ရှိနေမှာပေါ့။ နွေ့ကို အမေ ဒီလောက် ချစ်တဲ့ဟာ။

သို့သော်လည်း သေခြင်းတရားဟူသည် တားမြစ်ခြင်းငှာ တစိုးတစိမျှ မစွမ်းသာ၊ ရှင်သူနှင့် သေသူအကြား နံရံတစ်ချပ်ခြားစေရုံမက သေသူ့အပေါ် ရှင်သူ၏ လွမ်းခြင်းကိုလည်း ရှင်ကျန်ရစ်သော အသက်နှင့်အမျှ ဖြစ်တည်စေကြောင်း အရွယ်နှင့်မှ မလိုက်အောင်ပင် နွေ ကောင်းစွာ သိတတ်ခဲ့ရသည်။

အမေသည် တကယ်ပင် ပျောက်ခဲ့ပြီ။ အမေ့ကို နွေတို့ ချန်ခဲ့ရသည်။ အိမ်တွင် အမေ မရှိတော့ပေ။ အိမ်နှင့် အဝေးမှာ ထားခဲ့ရပြီ။ အမေ့ရုပ်ကလာပ် ထည့်ထားရာ ခေါင်းကို မြေကျင်းထဲချတော့ နွေသည် ရှိသမျှသော အားကလေးနှင့် ဒေါ်ကြီးဘုလက်ထဲက ငိုယို အော်ဟစ်ကာ ရုန်းခဲ့သေးသည်။ အမေ့ကို ဘာလုပ်ကြတာလဲ၊ ဘာလုပ်ကြမလို့လဲ။ မြေကြီးတို့သည် တစ်စစပင် ထူထပ်လာတော့ကာ အခေါင်းကို မမြင်သာအောင် ပိတ်ဖုံးလိုက်သည်။ လူကြီးများအလယ် မျက်စိသငယ်နှင့် နွေ ပြန်လိုက်လာရသည်။

လူအများ ရုံးစု ရှိပါလျက် တစ်ဦးတည်းသော သွေးသားရင်းချာ အမေ မရှိသောအိမ်တွင် အမေ့ကို တကာ တကာ နွေ ငိုတော့လည်း ငိုခြင်းသာ အဖတ်တင်သည်။ နံနက်သည် ရောက်မြဲ ရောက်လာ၏။ ညသည် ရောက်မြဲ ရောက်လာ၏။ အမေကား ရောက်မလာ။ ခြံတံခါးကို ဖွင့်လှပ်ကာ အမေ ဝင်လာတော့မည်ဟု နွေ အခါခါ ထင်သည်။ ခေါင်းမှာ ထင်းစည်းရွက်ကာ မောပန်းတကြီး ဝင်လာမည့် အမေ့ကို မြင်ရတော့မည် နွေ ထင်သည်။ နွေသည် အိမ်အလည်သွားရန်၊ အပေါင်းအသင်းများနှင့် ဆော့ကစားရန်ပင် ခေါင်းထဲ မရောက်ဘဲ အမေ့ကို စောင့်နေသည်။ စောင့်ခြင်းသာ တည်မြဲလျက် အမေ ရောက်မလာသောအခါ နွေသည် တစ်ခုတည်းသော အဖြေကို လက်မခံလိုဘဲ ရင်ဝယ်ပိုက်လိုက်ရသည်။

အမေ တကယ် ပျောက်သွားခဲ့ပြီ။

နံနက်ဦးများမှာ နွေ့ကို လာနှိုးတော့မည်မဟုတ်။ သနပ်ခါးလိမ်းပေး၊ နံနက်စာ ပြင်ဆင်ကျွေးမွေးတော့မည်မဟုတ်။ ဘူတာရုံကလေးမှာ သားအမိ အတူတကွ ရထားစောင့်ကြတော့မည်မဟုတ်။ ဆင်းရိုးတန်သည့်အခါ ရထားပေါ်မှသည် တောတန်းအစပ်သို့ (ထင်းခွေရန်) အမေ လွှားခနဲ ခုန်ချတော့မည်

mgyoe.com